ကြေးမုံ

The Mirror Daily

၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


## ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလ ရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၀ ပြည့်နှစ် ပဌမဝါဆိုလဆန်း ၅ ရက်၊ တနင်္ဂနွေနေ့။ Sunday 17 June 2018 ၉၃၂၀


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၈)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနား၊ (၈)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးနှင့် (၉)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်

ဗန်ကောက် ဇွန် ၁၆

**ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ဗန်ကောက်မြို့ရှိ ရှန်ဂရီလာ ဟိုတယ်၌ ကျင်းပသည့် (၈)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး(8th ACMECS SUMMIT) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**

(၈)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး (ACMECS SUMMIT)ဖွင့်ပွဲ အခမ်းအနားသို့ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်စွန်ဖုနှင့် ဇနီး၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း)နှင့် ဇနီး၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့် ဇနီး၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ACMECS အဖွဲ့ဝင်နိုင်ငံများမှ အမှုဆောင်အရာရှိချုပ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အက်မက်စ်ထိပ်သီးအစည်းအဝေး(ACMECS SUMMIT) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိလာရာ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း)က ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် ACMECS ဖွဲ့စည်းတည်ထောင်မှုဆိုင်ရာ ဗီဒီယိုမှတ်တမ်းများနှင့် မိတ်ဖက်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများနှင့် အဖွဲ့အစည်းအကြီးအကဲများမှပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို ပြသသည်။

**အဖွင့်မိန့်ခွန်း**

ထို့နောက် (၈)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး(8th ACMECS SUMMIT) ဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် ဗီယက်နမ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့မှ ဝန်ကြီးချုပ်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဗီယက်နမ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့မှ ဝန်ကြီးချုပ်များနှင့်အတူ ACMECS အဖွဲ့ဝင်နိုင်ငံများ၏ ပြခန်းများအား လိုက်လံကြည့်ရှုကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)က (၈)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနား၌ ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်။**



# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့၏ ထိုင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး၊ (၈)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးနှင့် (၉)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် ထိုင်းနိုင်ငံ၊ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)၏ ဖိတ်ကြားချက်အရ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့တွင် ထိုင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ဇွန်လ ၁၅ ရက်နေ့နှင့် ၁၆ ရက်နေ့တွင် ဗန်ကောက်မြို့၌ ကျင်းပသည့် (၈)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်)ထိပ်သီးအစည်းအဝေးနှင့် (၉)ကြိမ်မြောက် ကမ္ဘောဒီးယား- လာအို-မြန်မာ-ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် ၁၄-၆-၂၀၁၈ ရက်နေ့တွင် ထိုင်းဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)က အစိုးရအိမ်တော်၌ ပြုလုပ်သည့် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် ထိုင်းဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲတွင် နှစ်နိုင်ငံခေါင်းဆောင်တို့သည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်ရေးကိစ္စ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် ကူညီပံ့ပိုးရေးကိစ္စ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလမ်းစဉ်ဖော်ဆောင်မှုနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲတွင် ထိုင်းဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)က မြန်မာအစိုးရ၏ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများ၊ ဒီမိုကရေစီဖော်ဆောင်မှုများအပေါ် ဆက်လက်ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳**




ကြေးမုံ

# ငြိမ်းချမ်း၍ဖွံ့ဖြိုးသော ဝန်းကျင်ကောင်း

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ဇွန် ၁၅ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် ACMECS CEO Forum "Connecting our Future:Enhancing ACMECS Cooperation and Integration" ဖွင့်ပွဲသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားရာတွင် ဒေသတွင်းနိုင်ငံများအကြား ညှိညှိနှိုင်းနှိုင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်း၍ ဖွံ့ဖြိုးတိုးတက်သောဝန်းကျင်ကို လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က "မြန်မာနိုင်ငံသည် ပြုပြင်ပြောင်းလဲမှုများစွာကို ကျင့်သုံးအကောင်အထည်ဖော်ဆောင်ပြီး ဗဟိုချုပ်ကိုင်မှု စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲကျင့်သုံးလျက်ရှိပါကြောင်း၊ ထိုသို့ပြောင်းလဲကျင့်သုံးရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်သာကိုင်သာ အခွင့်အလမ်းများရရှိစေရေးအတွက် ဥပဒေ၊ မူဝါဒများလည်းပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုတို့တွင် ပုဂ္ဂလိကကဏ္ဍမှ တက်တက်ကြွကြွဆောင်ရွက်ကြခြင်းဖြင့် နယ်ပယ်အသီးသီးတွင် အပြည့်အဝအထောက်အကူပြုသည့်အတွက် စီးပွားရေးလုပ်ငန်းရှင်များ၏ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အင်အားတစ်ခုဖြစ်ပါကြောင်း၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို နိုင်ငံရေးကတိကဝတ်တစ်ခုတည်းဖြင့် အောင်မြင်အောင် ဆောင်ရွက်၍မရနိုင်ဘဲ ဒေသတွင်း၌ နားလည်မှုရှိရှိ အတူယှဉ်တွဲနေထိုင်ရေးက ပိုမိုအရေးကြီးပါကြောင်း၊ မဟာမဲခေါင်ဒေသတွင်း နေထိုင်ကြသည့် ပြည်သူများအနေဖြင့် သမိုင်းပေးအမွေအနှစ်များကို အခြေပြု၍ ရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဒေသတွင်းနိုင်ငံများအကြား ညှိညှိနှိုင်းနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်း၍ ဖွံ့ဖြိုးတိုးတက်သော ဝန်းကျင်ကို ထိထိရောက်ရောက် လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy-(ACMECS) ဟု ခေါ်ဆိုသည့် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာသည် ထိုင်း-မြန်မာ-လာအို-ကမ္ဘောဒီးယား-ဗီယက်နမ်နိုင်ငံတို့အကြား နိုင်ငံရေး၊ စီးပွားရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ၂၀၀၃ ခုနှစ် ဧပြီ ၃၀ ရက်၌ကျင်းပသော ကူးစက်မြန် ပြင်းထန်အဆုတ်ရောင်ရောဂါဆိုင်ရာ အာဆီယံထိပ်သီးအစည်းအဝေးတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ်က စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာတည်ထောင်ရန် အဆိုပြုခဲ့ပြီး အက်မက်စ်အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့သည်။ အက်မက်စ်အဖွဲ့ဝင် မြန်မာနိုင်ငံနှင့် ကျန်အဖွဲ့ဝင်နိုင်ငံများအကြား နှစ်နိုင်ငံစီမံကိန်းပေါင်း ၁၁၀ ပါဝင်ပြီး ကဏ္ဍအလိုက် ဦးဆောင်တာဝန်ယူမည့်နိုင်ငံများသတ်မှတ်ထားရာ မြန်မာနိုင်ငံအနေဖြင့် လယ်ယာနှင့် စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍကို တာဝန်ယူထားသည်။

အက်မက်စ်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ၏ ပြောကြားချက်များအား ဆန်းစစ်လေ့လာစေ့ငုကြည့်လျှင် ဒေသတွင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရာ၌ ငြိမ်းချမ်းခြင်းလည်း ပါဝင်သည်။ မျက်မှောက်ကာလတွင် ငြိမ်းချမ်းခြင်းမှာ နိုင်ငံအများအတွက် အထူးအရေးကြီးသော ကိစ္စရပ်ဖြစ်ပြီး ဖွံ့ဖြိုးမှုကိုတည်ဆောက်ရာ၌ ငြိမ်းချမ်းမှုကိုပါ အတူလက်တွဲတည်ဆောက်ရန် လိုအပ်လာသည်။ ဒေသတွင်းနိုင်ငံများအချင်းချင်း နားလည်မှုရှိရှိ အတူယှဉ်တွဲနေထိုင်ပြီး ဆိုင်ရာနိုင်ငံအလိုက် ငြိမ်းချမ်း၍ဖွံ့ဖြိုးအောင် လုပ်ကိုင်ဆောင်ရွက်မှသာ ရည်မှန်းချက်ပန်းတိုင်သို့ အရောက်လှမ်းနိုင်မည်ဖြစ်ကြောင်း ညွှန်းဆိုထားသည်။

သို့ဖြစ်ရာ အက်မက်စ်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ၏ ပြောကြားချက်များနှင့်အညီ မဟာမဲခေါင်ဒေသတွင်း နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနိုင်ငံများအကြား ငြိမ်းချမ်းခြင်း၊ ဖွံ့ဖြိုးခြင်းကို ရှေးရှုကာ ညှိညှိနှိုင်းနှိုင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသဖြင့် ငြိမ်းချမ်း၍ဖွံ့ဖြိုးတိုးတက်သော ဝန်းကျင်ကောင်းကို ဖန်တီးနိုင်လိမ့်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် အလုပ်သင်ကြားပေးသည့် အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းလုပ်ကိုင်သူများ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၆**

ပြည်ထောင်စု စာရင်းစစ်ချုပ်နှင့် အလုပ်သင်ကြားပေးသည့် အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းလုပ်ကိုင်သူများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ မြန်မာနိုင်ငံ စာရင်းကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ် ဒေါ်ခင်သန်းလှ၊ အမြဲတမ်းအတွင်းဝန် ဒေါ်ခင်စန်းဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြည်ဝင်း၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းဥက္ကဋ္ဌ ဦးဝမ်းတင်၊ ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ စာရင်းကောင်စီအဖွဲ့ဝင်များ၊ အလုပ်သင်ကြားပေးသည့် အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းလုပ်ကိုင်သူများ တက်ရောက်ကြသည်။

တွေ့ဆုံ ဆွေးနွေးပွဲတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်က လက်မှတ်ရ ပြည်သူ့စာရင်းကိုင် သင်တန်းကို ဝင်ပေါက်တိုးချဲ့ပေးလိုက်သည့်အတွက် အရည်အသွေး ထိန်းသိမ်းရန်နှင့် အရည်အချင်းပြည့်မီရန် လိုအပ်ကြောင်း၊ တိုးတက်ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ သင်ရိုးညွှန်းတမ်းများကို မြန်မာနိုင်ငံ စာရင်းကောင်စီနှင့် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းမှ အချိန်နှင့်တစ်ပြေးညီ ပြုပြင်ပြောင်းလဲပေးလျက်ရှိကြောင်း၊ စာတွေ့သာမက လက်တွေ့ပါ တတ်မြောက်ကျွမ်းကျင်ရန်အတွက် အလုပ်သင်ကြားပေးသူများက အလုပ်သင်များအား ဆရာကျင့်ဝတ်နှင့်အညီ မခြွင်းမချန်ဘဲ သင်ကြားပေးရန် လိုအပ်ကြောင်း။

နိုင်ငံတကာနှင့် နှိုင်းယှဉ်ပါက အဆင့်မီစေလိုကြောင်း၊ အလုပ်သင်ကြားပေးရာတွင် Training Plan နှင့် Strategic Plan ပါ ထားရှိမည်ဆိုပါက အလုပ်သင်ကြားပေးသည့်သူများအတွက် ပိုမိုအကျိုးရှိမည်ဟု အကြံပေးလိုကြောင်း၊ စာရင်းသည် တိုင်းပြည်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့မှာ အရေးကြီးကြောင်း၊ စာရင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရိုးသားဖြောင့်မတ်စွာ ဆောင်ရွက်ရန်၊ စာရင်းစံ၊ စာရင်းစစ်စံများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ရန်နှင့် ကျင့်ဝတ်သိက္ခာများ စောင့်ထိန်းကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း အရာရှိအဆင့် ဝင်ပေါက်ရာထူးများ ပဏာမစစ်ဆေးနေမှု ကြည့်ရှုအားပေး

**ရန်ကုန် ဇွန် ၁၆**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ ကြော်ငြာစာအမှတ်(၁/၂၀၁၈)ဖြင့် ဝန်ကြီးဌာန/အဖွဲ့အစည်းကိုးခုတို့တွင် လစ်လပ်လျက်ရှိသော ပြန်တမ်းဝင်အရာရှိအဆင့် ရာထူး ၂၃၃ နေရာအတွက် ပဏာမစစ်ဆေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ မကွေးမြို့နှင့် မော်လမြိုင်မြို့တို့ရှိ စာစစ်ဌာနငါးခု၌ တစ်ပြိုင်တည်း ကျင်းပလျက်ရှိရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်မြို့ရှိ အထက(၄)အလုံနှင့် အထက(၇)အလုံ စာဖြေဌာနနှစ်ခုသို့ သွားရောက်၍ အင်္ဂလိပ်စာဘာသာရပ်နှင့် သုတရေးရာဘာသာရပ်ဖြေဆိုမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စာမေးပွဲဖြေဆိုသူများကို အားပေးစကားပြောကြားသည်။



ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးအတွက် လိုအပ်သော အရည်အသွေးမြင့်အရာထမ်းများကို ရွေးချယ်ပေးရာတွင် လူမှန်၊ နေရာမှန်ဖြစ်စေရေးအတွက် ယခင်က အသုံးပြုလျက်ရှိသော စာမေးပွဲစနစ်အစား ပဏာမစစ်ဆေးခြင်းကို ပထမအဆင့်အနေဖြင့်လည်းကောင်း၊ ပထမအဆင့် အောင်မြင်သူများကို Intermediate Level မှ Upper Intermediate Level အဆင့်သို့ မြှင့်တင်စစ်ဆေးမည့် ရေးဖြေစာမေးပွဲကို ဒုတိယအဆင့်အနေဖြင့်လည်းကောင်း၊ ဒုတိယအဆင့် အောင်မြင်သူများအား စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းကို တတိယအဆင့်အနေဖြင့်လည်းကောင်း စစ်ဆေး၍ ရာထူးရွေးချယ်ရေးလုပ်ငန်းစဉ်ကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယနေ့ကျင်းပသည့် ပဏာမစစ်ဆေးခြင်းသည် ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ကြောင်းနှင့် ပဏာမစစ်ဆေးခြင်းသို့ ဝင်ရောက်ဖြေဆိုသူ စုစုပေါင်း ၃၀၆၀ ဦးရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 ၁၉၅၇ ဧပြီ ၁၈ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

✱ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်သမ္မတသည် ရှန်ဂရီလာဟိုတယ်၌ (Theme: Towards an integrated and connected Mekong Community) ခေါင်းစဉ်ဖြင့် ဆက်လက်ကျင်းပသည့် (၈)ကြိမ်မြောက် အက်မက်စ်ထိပ်သီး အစည်းအဝေး(8th ACMECS SUMMIT)သို့ တက်ရောက်သည်။

အစည်းအဝေးတွင် (၈)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး ဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် အက်မက်စ်စီးပွားရေးဖိုရမ်ရလဒ်များ အကြံပြုချက်များကို ထိုင်းနိုင်ငံ အက်မက်စ်စီးပွားရေးကောင်စီဥက္ကဋ္ဌနှင့် ထိုင်းနိုင်ငံကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ Mr. Sanun Angubolkul က တင်ပြသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်နှင့် လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်တို့က အမှာစကားပြောကြားကြသည်။

### အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က အမှာစကားပြောကြားရာတွင် လွန်ခဲ့သည့် ၁၅ နှစ်က မြန်မာနိုင်ငံ ပုဂံမြို့တွင်ပေါက်ဖွားခဲ့သည့် ACMECS ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်သည် မဲခေါင် ငါးနိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှုတို့ကိုအခြေခံပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရေး၊ အားလုံးပါဝင်သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရရှိရေး၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် လျှော့ချရေးနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးတို့ကို ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

မဲခေါင်ဒေသသည် လူသားအရင်းအမြစ်၊ သဘာဝသယံဇာတအရင်းအမြစ်များ ကြွယ်ဝသည့်အပြင် မဟာဗျူဟာအရ အချက်အချာကျသည့်နေရာတွင်ရှိပါကြောင်း၊ ယခု အစည်းအဝေး၏ Theme အရ "ပေါင်းစည်း၊ ချိတ်ဆက်ထားသည့် မဲခေါင်အသိုက်အဝန်းတစ်ခု" တည်ထောင်သွားရန် ရည်မှန်းချက်တွင် အားသာလျက်အခွင့်အရေးများကို ထိထိရောက်ရောက် အသုံးချသွားနိုင်ရန် လိုပါကြောင်း။

### အရေးပါသည့်ခြေလှမ်း

ထို့ကြောင့် ACMECS ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုထိရောက်မှုရှိအောင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် ပြီးခဲ့သည့် (၇)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ပါကြောင်း၊ ယင်းဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ACMECS Master Plan ၂၀၁၉-၂၀၂၃ ကို ထိုင်းနိုင်ငံက ရေးဆွဲ အဆိုပြုခဲ့ပြီး ယနေ့ ထိပ်သီးအစည်းအဝေးတွင် အတည်ပြုနိုင်ခြင်းသည် ACMECS ၏ အရေးပါသည့်ခြေလှမ်းသစ်တစ်ရပ် ဖြစ်ပါကြောင်း။

Master Plan ၏ မဏ္ဍိုင်(၁)တွင် အဆိုပြုထားသည့်အတိုင်း လမ်းပန်းဆက်သွယ်ရေး၊ စွမ်းအင်နှင့် ဒစ်ဂျစ်တယ်ကဏ္ဍဆိုင်ရာ အခြေခံအဆောက်အအုံများကို ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း စီးပွားရေးစင်္ကြံများဖြစ်သည့် အရှေ့-အနောက်စီးပွားရေးစင်္ကြံ၊ တောင်ပိုင်းစီးပွားရေးစင်္ကြံများတွင် အဆက်ပြတ်နေသည့်နေရာများကို ဆက်သွယ်ပေးမည့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးနှင့် လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်ရေးကို အလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် သတင်းအချက်အလက်နည်းပညာကို လုံခြုံထိရောက်စွာ အသုံးချပြီး ပေါင်းစည်းဆက်သွယ်မှုတိုးမြှင့်နိုင်စေရန် ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ e-government စနစ် ထူထောင်နိုင်ရေးတို့ကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း။

အဖွဲ့ဝင်နိုင်ငံများ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းပြီး တစ်ခုနှင့် တစ်ခု ချိတ်ဆက်အသုံးပြုနိုင်ရေးသည် ဒေသတွင်း ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် နယ်စပ်ကုန်သွယ်ရေးမြှင့်တင်ရေးတို့အတွက် များစွာအရေးပါ ပါကြောင်း။

### အထောက်အကူပြုစေမည်

မြန်မာနိုင်ငံသည် လူမှုစီးပွားဖွံ့ဖြိုးမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အတွက် တာဝန်ရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အမြဲကြိုဆိုလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေရေးကို ACMECS ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်က များစွာအထောက်အကူပြုစေမည်ဟုလည်း ယုံကြည်ပါကြောင်း။

ACMECS နိုင်ငံများအကြား စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ အတွေ့အကြုံများ၊ နည်းပညာများကို မျှဝေခြင်း၊ ဈေးကွက်သတင်းအချက်အလက်များ ဖလှယ်ခြင်းအားဖြင့် ဆင်းရဲနွမ်းပါးမှုနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်လျှော့ချရေးကို များစွာအထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ ငါးနိုင်ငံ သဘောတူညီထားပြီးဖြစ်သည့် "ငါးနိုင်ငံခရီးစဉ်တစ်ခု" အစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်သွားရမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍသည် နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မောင်းနှင်သည့် အဓိကအင်အားတစ်ရပ်ဖြစ်သည့်အတွက် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍ၏ အရင်းအမြစ်များကို အစိုးရ-ပုဂ္ဂလိက

**စာမျက်နှာ ၄ သို့**




**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**




**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များ၊ စီးပွားရေးလုပ်ငန်းများမှ အမှုဆောင်အရာရှိချုပ်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

## ပြည်တွင်းရေးရာ

❍ စာမျက်နှာ ၃ မှ

ပူးပေါင်းဆောင်ရွက်ရေးအစီအမံနှင့်အညီ ထိထိရောက်ရောက် အသုံးချနိုင်ရန် လိုပါကြောင်း။

ပြည်သူအချင်းချင်း ပိုမိုထိတွေ့ဆက်ဆံနိုင်ရန် ယဉ်ကျေးမှု၊ ပညာရေးနှင့် လူမှုရေးအစရှိသည့် ကဏ္ဍများမှတစ်ဆင့် အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်ကြောင်း၊ ACMECS ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များသည် အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာများ၊ ဦးစားပေး အစီအစဉ်များ၊ အာဆီယံအပါအဝင် အခြားမဲခေါင်ပူးပေါင်းဆောင်ရွက်ရေး ယန္တရားများ၏လုပ်ငန်းစဉ်များနှင့် လိုက်လျောညီထွေမှုရှိရန် အရေးကြီးပါကြောင်း။

ACMECS Master Plan ၏ အဓိကလုပ်ငန်းစဉ်များဖြစ်သည့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ အဖွဲ့အစည်းဆိုင်ရာ ပေါင်းစည်းဆက်သွယ်မှု တိုးမြှင့်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့သည် မြန်မာနိုင်ငံ၏ ဦးစားပေးလိုအပ်ချက်များနှင့်လည်း ကိုက်ညီပါကြောင်း။

ACMECS အနေဖြင့် အကောင်အထည်ဖော်နေသည့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်ရန်လိုအပ်နေသည့် ရန်ပုံငွေနှင့် နည်းပညာကူညီပံ့ပိုးမှုများ ရရှိရေးအတွက် ပြင်ပက ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများအားဖိတ်ကြား၍ ထိတွေ့ဆွေးနွေးမှုများ ပြုလုပ်ရန် ထိုင်းနိုင်ငံ၏ အဆိုပြုချက်ကို ကြိုဆိုပါကြောင်း။

### တက်ကြွစွာပူးပေါင်းဆောင်ရွက်မည်

မြန်မာနိုင်ငံသည် မဲခေါင်ဒေသခွဲနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးကို အစဉ်အလေးထားသည့်အားလျော်စွာ ချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန် အကျိုးကျေးဇူးရရှိစေမှုဆိုသည့် မူများကို လက်ကိုင်ထားပြီး ACMECS ပူးပေါင်းဆောင်ရွက်ရေးတွင် တက်ကြွစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်စွန်ဖုနှင့် အာဆီယံ အတွင်းရေးမှူးချုပ် ဒါတိုလင်ဂျော့ဝိုင်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်က အက်မက်စ်ပူးပေါင်းဆောင်ရွက်မှု၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက် ဟွန်ဆန်ထံ လွှဲပြောင်းပေးအပ်ပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

### စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဗန်ကောက်မြို့ရှိ ရှန်ဂရီလာဟိုတယ်၌ကျင်းပသည့် (၉)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး (9th Cambodia- Lao-Myanmar-Viet Nam ( SUMMIT) ) သို့ တက်ရောက်သည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၉)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး တက်ရောက်စဉ်။

အစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်စွန်ဖု၊ လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်၊ မြန်မာ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဆွေးနွေးပြောကြားရာတွင် CLMV နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများရှိကြသော်လည်း လူ့စွမ်းအားအရင်းအမြစ် ကန့်သတ်ချက်၊ အခြေခံအဆောက်အအုံ အားနည်းမှု၊ ရာသီဥတု ပြောင်းလဲမှု၏ ထိခိုက်မှု၊ အပြောင်းအလဲမြန်ဆန်လှသည့် ကမ္ဘာ့နိုင်ငံရေး-စီးပွားရေးအခြေအနေတို့သည် ကြီးမားသည့်စိန်ခေါ်မှုများဖြစ်ပါကြောင်း။

CLMV နိုင်ငံများသည် ပထဝီအနေအထားအရ အချက်အချာကျသည့် နေရာတွင် တည်ရှိခြင်း၊ လုပ်ခသက်သာသော လုပ်သားများရှိခြင်း အစရှိသည့် အားသာချက်များရှိသော်လည်း သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံ အားနည်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုကို အားပေးသော ပတ်ဝန်းကျင်ဖန်တီးရာတွင် အားနည်းချက်များ ရှိနေခြင်းအတွက် အခြေခံအကျဆုံးဖြစ်သည့် သယ်ယူပို့ဆောင်ရေးအခြေခံအဆောက်အအုံ အားနည်းချက်ကို ဦးစားပေးပြုပြင်သွားရန် လိုအပ်ပါကြောင်း။

### အထူးမူဝါဒများလိုအပ်

ဒေသတွင်း သဘောတူညီချက်များအား အကောင်အထည်ဖော်ခြင်းသည်လည်း CLMV နိုင်ငံများအကြား စီးပွားရေးပေါင်းစပ်ဆောင်ရွက်မှုနှင့် ပေါင်းစည်းဆက်သွယ်မှု မြှင့်တင်ရေးအတွက် များစွာအရေးပါကြောင်း၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ရင်းနှီးမြှုပ်နှံ တည်ဆောက်ရုံနှင့် CLMV ဒေသသို့ ရင်းနှီးမြှုပ်နှံမှုများ ရောက်ရှိလာရန်၊ အခြားဒေသတွင်ရှိနေသည့် စက်ရုံအလုပ်ရုံများ ရွှေ့ပြောင်းလာစေရန်ဆွဲဆောင်ရာတွင် အထူးမူဝါဒများ ညှိနှိုင်းချမှတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

CLMV နိုင်ငံအသီးသီးတွင်ရှင်းလင်းလွယ်ကူပြီး အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်နိုင်သည့် ကုန်သွယ်ရေးဆိုင်ရာ ပြည်တွင်းလုပ်ထုံးလုပ်နည်း၊ ဥပဒေများရှိမှသာ ကုန်သွယ်ရေး မြှင့်တင်မှုကိုအားပေးသည့် ပတ်ဝန်းကျင်တစ်ရပ် ထူထောင်နိုင်မည်ဖြစ်ပါကြောင်း။

လုပ်ငန်းခွင်ပညာရေးစနစ်သည် လျင်မြန်စွာ ပြောင်းလဲတိုးတက်နေသည့် ယနေ့ခေတ်၏ လိုအပ်ချက်များကို အထိရောက်ဆုံးနှင့် အလျင်မြန်ဆုံးဖြည့်ဆည်းပေးနိုင်သည့်အတွက် လုပ်ငန်းခွင်ပညာရေးစနစ်ကို CLMV ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်မှ ပိုမိုဦးစားပေးဆောင်ရွက်သင့်ပါကြောင်း။

### မူဘောင်အောက်ကဆောင်ရွက်

CLMV နိုင်ငံများအကြား စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများ ချိတ်ဆက်အကောင်အထည်ဖော်ရာတွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အရာရှိများ၏ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်နှင့် မူဝါဒများအပေါ် သဘောပေါက်နားလည်မှု၊ စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းရည်ပိုင်ဆိုင်မှုများသည် များစွာအရေးပါသည့်အတွက် အုပ်ချုပ်ရေးပိုင်းဆိုင်ရာအရာရှိများ စွမ်းရည်ပြည့်ဝမှုရှိစေရေးကို ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်မှ ဆောင်ရွက်သွားရန်လိုပါကြောင်း။

မဲခေါင်ဒေသအတွင်းမှာရှိသည့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များအကြား တစ်ခုနှင့်တစ်ခု အထောက်အကူပြုနိုင်အောင် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ပေးသည့်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့်အတူ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ ပြခန်းများကို ကြည့်ရှုကြစဉ်။

စာမျက်နှာ ၅ သို့ »»

»»» စာမျက်နှာ ၄ မှ

လုပ်ငန်းစဉ်တစ်ခု ထူထောင်နိုင်ပါက ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များအားလုံးနှင့် CLMV နိုင်ငံများအတွက်ပါ များစွာအကျိုးရှိစေမည်ဟု ယုံကြည်ပါကြောင်း။

စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ခြင်းအားဖြင့် တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ဝင်ငွေတိုးတက်စေသည့်နည်းတူ ပြည်သူများအတွက် စဉ်ဆက်မပြတ် ရိက္ခာရရှိစေမှု၊ အာဟာရပြည့်ဝစေမှုတို့ကိုပါ ရရှိနိုင်သည့်အတွက် စိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်ဝေမျှခြင်း၊ အတွေ့အကြုံဖလှယ်ခြင်း၊ ပူးတွဲသုတေသနပြုလုပ်ခြင်းနှင့် မူဝါဒပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့ကို ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။


### နှစ်ဖက်အကျိုးရှိစေ

မိမိတို့နိုင်ငံများအကြား လျှပ်စစ်စွမ်းအင်ရောင်းဝယ်မှုသည် ဒေသတွင်း စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့်အပြင် နှစ်ဖက်အကျိုးရှိစေသည့်အတွက် တိုးချဲ့ဆောင်ရွက်သွားသင့်ပါကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးပြုမှုကျယ်ပြန့်လာရေးအတွက် ရင်းနှီးမြှုပ်နှံမှု၊ သုတေသနပြုလုပ်မှု၊ မဟာဗျူဟာပိုင်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ရေရှည်လုပ်ငန်းစဉ်တစ်ရပ်အဖြစ် တိုးမြှင့်ပြုလုပ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

### အခွင့်အလမ်းအဖြစ်ပြောင်းလဲ

ယနေ့ကမ္ဘာ့နိုင်ငံများသည် ကဏ္ဍပေါင်းစုံတွင် ရှုပ်ထွေးလှသည့်စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေကြရပြီး တစ်နိုင်ငံတည်းအင်အားနှင့် ဖြေရှင်းရန်ဆိုသည်မှာ မဖြစ်နိုင်သည့်အတွက် ယဉ်ကျေးမှု၊ သမိုင်းနောက်ခံနှင့် အတွေးအခေါ်ပိုင်းဆိုင်ရာ နီးစပ်မှုရှိသည့် မိမိတို့ CLMV နိုင်ငံများအနေဖြင့် ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှသာ စိန်ခေါ်မှုများကို ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းများအဖြစ် ပြောင်းလဲနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်စွန်ဖုနှင့် လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာထောင်လွန်းဆီဆုလစ်တို့က ပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်းသည့် မူဝါဒဆိုင်ရာများ ဆွေးနွေးပြောကြားကြသည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့အား ဒုတိယသမ္မတများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြစဉ်။

ထို့နောက် စီအယ်လ်အမ်ဗွီပူးပေါင်းဆောင်ရွက်မှု၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ကမ္ဘောဒီးယားဝန်ကြီးချုပ်က လာအိုဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်ပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီး နေ့လယ်စာမသုံးဆောင်မီ နိုင်ငံတော်သမ္မတ၊ ဗီယက်နမ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့မှ ဝန်ကြီးချုပ်များသည် ACMECS CEO Forum တက်ရောက်လာသော ACMECS အဖွဲ့ဝင်နိုင်ငံများရှိ စီးပွားရေးလုပ်ငန်းများမှ အမှုဆောင်အရာရှိချုပ်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ထိုင်းနိုင်ငံဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

### ပြန်လည်ထွက်ခွာ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဇနီး ဒေါ်ချိုချိုနှင့် အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ထိုင်းနိုင်ငံမှ နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အား ထိုင်းဘုရင့်နန်းတော် အကြံပေးကောင်စီအဖွဲ့ဝင် Dr.Chirayu၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဆုန်ကစ်ဂျာတူစရိပိတက်နှင့်ဇနီး၊ တွဲဖက်ဝန်ကြီး မစ္စတာ ဆူဝါဖန် တန်ယူဝါဒါနနှင့်ဇနီး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာဂျက်ဘွန်လုံနှင့် ဇနီး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ခင်ဇော်နှင့် မြန်မာသံရုံးမှ တာဝန်ရှိသူများက ဗန်ကောက်မြို့ရှိ ထိုင်းဘုရင့်လေတပ် Wing 6 ၌ ပို့ဆောင်နှုတ်ဆက်ကြသည်။




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ထိုင်းနိုင်ငံမှ ပြန်လည်ထွက်ခွာရာ ထိုင်းဘုရင့်လေတပ် Wing 6 ၌ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။

### ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ညနေ ၅ နာရီတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

### ၂၀၁၇ ခုနှစ် ဆောင်းရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေ ထုတ်ချေးပြီးစီးမှုစာရင်း (၄-၁၂-၂၀၁၇) နေ့အထိ




ဓာတ်မြစ် ။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
ဇယားစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

**စိုက်ပျိုးစွမ်းအားပြည်ထွန်းကား**



## တီမောလက်စ်တေနိုင်ငံ သမ္မတဟောင်းနှင့် ဝါရင့်ဝန်ကြီး ပြန်လည်ထွက်ခွာ

**ရန်ကုန် ဇွန် ၁၆**

တီမောလက်စ်တေနိုင်ငံ သမ္မတဟောင်းနှင့် ဝါရင့်ဝန်ကြီး H.E. Mr. Jose Ramos Horta ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေနိုင်ငံ သံအမတ်ကြီး H.E. Mr. Joao Freitas de Camara၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# အညာဒေသ ထန်းပင်အိုတို့၏ လားရာ

ဖြိုးသီဟချို-Myanmar Now



ထန်းပင်အများအပြား ခုတ်လှဲနေခြင်းမှာ အများ အကျိုးပြုစီမံကိန်းနှင့် လုပ်ငန်းလိုအပ်ချက်အတွက် ဖြစ်သည်ဟု ထန်းပင်ရောင်းဝယ်သူတို့က ဆိုသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ရှိ လွှစက်တစ်ခုသို့ ခုတ်ပြီးသား ထန်းပင်များ အလုံးအရင်းဖြင့် ရောက်ရှိလာသည်။ ထိုထန်းလုံးရှည်တို့သည် အချိန်ပိုင်းအတွင်းမှာပင် ပျဉ်ပြားများအဖြစ် အသွင်ပြောင်းသွားလေသည်။

မကြာသေးခင် ကျောက်ပန်းတောင်းတွင် တွေ့ခဲ့ရသော ဤသို့သောမြင်ကွင်းအပြင် ထန်းပင်တို့ ခုတ်လှဲခံရပြီး အတုံးအရုံး ပြန့်ကျဲနေသည့်မြင်ကွင်းမှာ အညာဒေသအတွက် မထူးဆန်းတော့ပေ။

အညာဒေသ ထန်းတောပြုန်းတီးသွားမည်ကို စိုးရိမ်သူတို့က ထန်းပင် အရေအတွက်များပြားစွာ ခုတ်လှဲခံနေရခြင်းကို ဆန့်ကျင်နေကြသည်။ ဤအခြေအနေတွင် ထန်းပင်ကို တရုတ်နိုင်ငံသို့ တင်ပို့ရန် ခုတ်လှဲနေကြသည်ဟု ယူဆနေသူ အများအပြားရှိနေကြောင်း ကျောက်ဆည်မြို့မှ ဦးသိန်းလှိုင်က ပြောသည်။

“တရုတ်ပို့ဖို့မပြောနဲ့၊ ကျွန်တော်တို့ဆီမှာ ရောင်းလို့ကို မနိုင်ဘူး၊ သစ်မာသားတွေက (တစ်တန်ကို) ရှစ်သိန်းလောက် ရှိတယ်၊ ထန်းသားက လေးသိန်းလောက်ပဲရှိတာ၊ ထက်ဝက်ချိုးဆိုတော့ ထန်းသားပဲ သုံးကြတယ်”ဟု ကျောက်ပန်းတောင်းသို့ လစဉ် ထန်းအပင် ၅၀ ခန့် လာရောက်ဝယ်ယူနေသည့် ဦးသိန်းလှိုင်က ဆိုသည်။

အရေအတွက်အများအပြား ဝယ်ယူနေကြခြင်းမှာ ဒေသတွင်း လုပ်ငန်းများ၊ စီမံကိန်းများတွင် ပြန်လည်အသုံးပြုရေးအတွက်ဖြစ်သည်ဟု ထန်းပင်ရောင်းဝယ်သူတို့က ဆိုသည်။ စီမံကိန်းတချို့သည် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးအတွက်ဖြစ်သည်ဟု သိရသည်။ ထန်းပင် ရာထောင်ချီ ခုတ်လှဲနေကြခြင်းကြောင့် ဒေသတွင်း သဘာဝပတ်ဝန်းကျင် ထိခိုက်စေသည်ဟူသော ဝေဖန်ချက်တို့ကိုမူ ၎င်းတို့က လက်ခံခြင်းမရှိပေ။

**ထန်းပင် ဝယ်ယူသူများ**

မြင်းခြံမြို့အနီးရှိ လာဘ်ပရိဘောဂ စက်ရုံပိုင်ရှင် ဦးသင်းခိုင်က ထန်းသားဖြင့် ပါကေးကြမ်းခင်းလုပ်ငန်းကို လုပ်ကိုင်နေသူဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် ပေါ်ပေါက်လာသည့် ၎င်း၏ စက်ရုံလည်ပတ်ရန်အတွက် တစ်နှစ်လျှင် ထန်းပင် ၆၀၀ မှ ၇၀၀ ခန့်အထိ ဝယ်ယူခဲ့သည်ဟု ပြောသည်။

“ထန်းပင်တွေက ယာခင်းထဲမှာ ရှိနေတယ်၊ မြေဆီဩဇာကို စုပ်ယူတယ်၊ ဒါကြောင့် ယာခင်းရှင်တွေက ခုတ်လှဲချင်တဲ့အတွက် ကျပ် ၆၀၀၀၊ ၇၀၀၀ လောက်နဲ့ ရောင်းကြတာပါ” ဟု ၎င်းက ပြောသည်။

ပါကေးကြမ်းခင်းပြုလုပ်ရန်အတွက် သက်တမ်းရင့် ထန်းပင်များကိုသာ အသုံးပြုရသောကြောင့် အညာဒေသ ထန်းတောများ မျိုးသုဉ်းသွားမည်ကို စိုးရိမ်ရန် မလိုကြောင်း ပြောသည်။

အညာဒေသထန်းတော ခုတ်လှဲမှုများမှာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ဧရာဝတီမြစ်ရေလမ်းကြောင်းကောင်းမွန်ရေး စီမံကိန်း တချို့နှင့်လည်း ဆက်စပ်နေသည်။ ထိုစီမံကိန်းများသို့ ထန်းပင် အဓိကဖြည့်တင်းပေးနေသူတစ်ဦးမှာ ကျောက်ပန်းတောင်းမြို့ခံ ကိုဖိုးငယ် ခေါ် ကိုကျော်ဇင်လတ် ဖြစ်သည်။

သူဝယ်ယူထားသည့် ထန်းပင် ၂၅၀၀ ကျော်ထဲမှ ငါးပုံတစ်ပုံကို ခုတ်လှဲအသုံးပြုခဲ့ပြီးဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အစီအစဉ်အတွက် ထိုထန်းလုံးတိုင်တို့ကို သုံးနေရကြောင်း ၎င်းက ပြောသည်။

“ဧရာဝတီမြစ်နဲ့ ကမ်းပါးပြိုကျနေတဲ့ ကျေးရွာတွေကို ကယ်တင်တဲ့နေရာမှာ အသုံးချနေရတာဆိုတော့ သုံးရတာ ဝမ်းလည်းသာတယ်၊ ပီတိလည်းဖြစ်တယ်၊ ဒီဘက်ကိုတော့ ခုတ်လိုက်ရတယ်၊ ဒါပေမယ့် ဟိုဘက်ကိုတော့ ပြန်ကယ်လိုက်ရတယ်”ဟု မြစ်ရေတိုက်စားမှုဒဏ်ကို ခံစားနေရသည့် လောကနန္ဒာဘုရားကို ငေးရင်း ၎င်းက ပြောသည်။

ဧရာဝတီမြစ်ဘေးရှိ လောကနန္ဒာဘုရားကို တိုက်စားနေသည့် ရေလမ်းကြောင်း ပြောင်းလဲနိုင်ရန် ဘုရားအနီးပေ ၁၀၀၀ ခန့်အကွာတွင် ထန်းလုံးများကို အသုံးပြုထားသည့် ရေကာ ရှိနေသည်။

“ဧရာဝတီမြစ်နဲ့ ရေတိုက်စားခံရတဲ့ ကျေးရွာတွေကို ကာကွယ်ဖို့ကလွဲရင် ကျွန်တော် ထန်းပင်တွေကို ခုတ်မှာ မဟုတ်ပါဘူး”ဟု ၎င်းက ဆက်လက်ပြောသည်။

မကွေးတိုင်းဒေသကြီး ဧရာဝတီမြစ် ရေလမ်းကြောင်းကောင်းမွန်ရေးစီမံကိန်း တာဝန်ရှိသူ အကြီးတန်း အင်ဂျင်နီယာ ဦးဇော်လွင်က ဧရာဝတီမြစ်ကြောင်း တစ်လျှောက်တွင် ရေကာများ ပြုလုပ်ရန်အတွက် ထန်းလုံးများကို အသုံးပြုနေရသည်ဟု ပြောသည်။

၎င်းတို့၏ဒေသတွင် မြစ်ကြောင်းတစ်လျှောက် ကမ်းပါးပြိုကျမှု အန္တရာယ်မှ ကာကွယ်နိုင်ရန် ၂၀၁၇ ခုနှစ် မတ်လမှ ၂၀၁၈ ခုနှစ် ဧပြီလအထိ ထန်းပင်ပေါင်း ၃၅၀၀ ကို အသုံးပြုခဲ့သည်ဟု ဆိုသည်။

“ဧရာဝတီမြစ် ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် သုံးတာပါ။ သူများနိုင်ငံကတော့ ကွန်ကရစ်တိုင်ကြီးတွေနဲ့ ချကြတာ၊ ကျွန်တော်တို့ကတော့ မတတ်နိုင်ဘူး၊ ဈေးသက်သက်သာသာနဲ့ ရနိုင်တာမျိုးကို စဉ်းစားရတာပါ” ဟု ဦးဇော်လွင်က ပြောသည်။

ထန်းလုံးတိုင်သည် မျောတိုင်ထက် ပိုမိုအသုံးတည့်သည်ဟု ဆိုသည်။ ရေနက်ပိုင်းနေရာများတွင် ထန်းလုံးတို့ကသာ ပိုမိုအသုံးတည့်သည်ဟု ၎င်းက ဆက်ပြောသည်။

ဧရာဝတီမြစ် ဖြတ်သန်းသွားရာ မကွေး၊ မန္တလေး၊ စစ်ကိုင်းစသည့် တိုင်းဒေသကြီးများတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ဧရာဝတီမြစ် ရေလမ်းကြောင်းကောင်းမွန်စေရေးစီမံကိန်းများ ရှိနေသည်။

**ထန်းပင် ရောင်းထုတ်ခြင်း**

အညာဒေသတွင် ထန်းသမားများ ရှားပါးလာသည်မှာ ဆယ်စုနှစ်တစ်ခုပင် ကျော်လာပြီဖြစ်သည်။ နံနက်မိုးလင်းမှ ညမိုးချုပ်အထိ အိမ်ရှိ လူအားလုံး လုပ်ကိုင်ရခြင်း၊ လုပ်အားနှင့် လုပ်ခ မမျှတခြင်း၊ အခြားရွေးချယ်စရာ အလုပ်အကိုင် အခွင့်အလမ်းများ ပေါများလာခြင်းတို့သည် ထန်းလုပ်ငန်း မျိုးဆက်ထိန်းသိမ်းရေးကို ဆက်လက်တွန်းအားမပေးတော့သည့်အရာများ ဖြစ်သည်။

ထန်းတက်သမား ရှားပါးလာခြင်း၏ အကျိုးဆက်ကို ထန်းလျက်ဈေးကွက် ကြီးထွားခဲ့ရာ ကျောက်ပန်းတောင်းမြို့တွင် ထင်ထင်ရှားရှား တွေ့နိုင်သည်။ ၎င်းမှာ တိတ်ဆိတ်ခြောက်သွေ့နေသည့် ထန်းလျက်ပွဲရုံများပင်။

ကျောက်ပန်းတောင်းမှ ဦးမင်းသူက သူ၏ ထန်းလျက်ပွဲရုံလုပ်ငန်း ရပ်တန့်ရမည့်အချိန်ကို စောင့်မျှော်နေသူဖြစ်သည်။

“တစ်နှစ်ထက်တစ်နှစ် ထန်းလျက်လုပ်ငန်းက ဆုတ်ယုတ်နေတယ်၊ ထန်းသမား အလာနည်းသွားတယ်၊ ပွဲရုံပါ နည်းသွားတယ်”ဟု ဇမ္ဗူဖြိုးပွဲရုံပိုင်ရှင် ဦးမင်းသူက ပြောသည်။

“မနှစ်ကဆိုရင် တစ်နေ့ကို ပိဿာထောင်ကျော် ဝင်တယ်၊ ခုက တစ်နေ့ကို ထန်းလျက် ပိဿာချိန် ၅၀၀ တောင်မှ ပုံမှန်မရှိတော့ဘူး”ဟု ၎င်းက ဆိုသည်။

တငကန်ကျေးရွာအုပ်စုမှ ဦးမောင်ခင်သည် ထန်းတက်သမားရှားပါးမှုကြောင့် ထန်းပင်တစ်ရာကျော် ရောင်းချထားသူဖြစ်သည်။

မိတ်ဆွေတချို့က အပ်နှံထားသဖြင့် ရောင်းထုတ်ပေးရမည့် အပင်အရေအတွက် ၄၀၀ ကျော် ရှိသေးသည်။

“ရောင်းလိုက်တာက ၁၃၀ လောက် ရှိတယ်၊ တစ်ပင် ကျပ် ၅၀၀၀ ရတယ်၊ သက်တမ်းရင့်တဲ့ အပင်မြင့်တွေပဲ၊ အဲဒီ အပင်က ဘာမှ လုပ်တာမဟုတ်ဘူး၊ အငှားလည်း ချမရဘူး၊ တက်မယ့်လူမှ မရှိတာ၊ ဒီရွာမှာက ထန်းလှီးမယ့်သူ လေးယောက်ပဲ ရှိတယ်”ဟု ရွာတန်းရှည်ရွာတွင် တွေ့ဆုံစဉ် ဦးမောင်ခင်က ပြောသည်။

ထန်းပင်များ ရောင်းချရသည့် အခြားအကြောင်းအရင်းများမှာ လောင်းရိပ်ကျခြင်း၊ ထန်းတောအတွင်း ကျက်စားသည့် တိရစ္ဆာန်များကြောင့် သီးနှံပျက်စီးခြင်း၊ ယာခင်းအလယ်ရှိ ထန်းပင်က စိုက်ပျိုးရေးလုပ်ငန်းကို အဟန့်အတား ဖြစ်စေခြင်းတို့လည်း ပါဝင်သည်။

ကျောက်ပန်းတောင်းမှ မိုင် ၁၀၀ ခန့်ဝေးသည့် ရမည်းသင်းမြို့နယ်တွင် စပျစ်ခြံစိုက်သူ ဦးမိုးအောင်က သူ၏ ထန်းပင် ၅၀ ခန့်ကြောင့် စပျစ်ခင်း လောင်းရိပ်မိနေသည်ဟု ဆိုသည်။

သတ်မှတ်ထားသည့် ပိဿာချိန်အတိုင်း စပျစ်သီးထွက်မလာသည့်အခါ သူက ထန်းပင်ကို အပြစ်မြင်လာသည်။

“ထန်းတက်မယ့်သူကလည်း မရှိဘဲ အပိုကြီးဖြစ်နေတာ၊ အဲဒီအပြင် စပျစ်ခင်းကိုပဲ လောင်းရိပ်ကျနေတယ်ဆိုတော့ ခုတ်လှဲလိုက်ရတာပါ”ဟု အလယ်ကုန်းကျေးရွာအုပ်စုမှ ဦးမိုးအောင်က ပြောသည်။

ပိုင်ရှင်များက ထန်းသမားတို့ မတက်ဝံ့တော့သည့် ထန်းပင်များကိုလည်း ရောင်းချကြသည်။

ကျောက်ပန်းတောင်း အင်တောကျယ်ကျေးရွာမှ ဦးသိန်းမြင့်က ၎င်းပိုင် ထန်းတောအတွင်းရှိ အပင်မြင့် ၂၀ ခန့်ကို ရောင်းချခဲ့သည်ဟု ပြောသည်။ မလေးရှားအပါအဝင် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်သူများထဲတွင် ထန်းသမားတို့လည်း ပါဝင်သည်ဟု ဆိုသည်။

“လှီးမယ့်သူ(ထန်းတက်မည့်သူ)မရှိတော့ ရောင်းလိုက်ရတယ်၊ နှမြောလည်း ဘယ်တတ်နိုင်ပါ့မလဲ၊ ဒီရွာမှာ ထန်းသမားက တစ်ယောက်မှ မရှိတော့ဘူး၊ မလေးရှားပဲ သွားကုန်ကြတာ”ဟု ပြောသည်။

**အဖြေရှာခြင်း**

အညာဒေသ ထန်းပင်၊ မန်ကျည်းပင်ကြီးများကို ထင်း၊ သစ်ကုန်ကြမ်းနှင့် အမွှေးတိုင်လုပ်ငန်းအတွက် စတေးနေခြင်းမှာ ဒေသအတွက် အန္တရာယ်ကြီးသည်ဟု ဆောင်းပါးရှင်တစ်ဦးက ကြေးမုံသတင်းစာတွင် ဇွန် ၃ ရက်က ရေးသားထားသည်။

“ထန်းပင်များနှင့် သစ်ပင်ကြီးများ တရားလွန် ခုတ်လှဲနေသည်ကို မတားဆီးနိုင်ပါက နောင်တစ်ချိန်တွင် အညာဒေသသည် သဲကန္တာရကြီး ဖြစ်သွားနိုင်ပါသည်” ဟု ဆောင်းပါးရှင် ဝင်းချစ် (အမျိုးသားစာပေဆုရ) က သတိပေးထားသည်။

ကျောက်ပန်းတောင်းအခြေစိုက် တော်ဝင်ထန်းအဖွဲ့သည် ထန်းပင်အများအပြားခုတ်လှဲနေသည့် အခြေအနေကို ပြောင်းလဲရန် ကြိုးပမ်းနေသည့် အဖွဲ့အစည်းများထဲတွင် ပါဝင်သည်။

“ထန်းပင်တွေဟာ တစ်ပင်လုံးအသုံးဝင်ပြီး အညာရဲ့ မိရိုးဖလာသယံဇာတ ဖြစ်ပါတယ်”ဟု အဖွဲ့၏ အွန်လိုင်းစာမျက်နှာတွင် ဖော်ပြထားသည်။

ယနေ့အချိန်တွင် ထန်းပင်များ ခုတ်လှဲခြင်းကြောင့် နောင်တစ်ချိန်တွင် နောင်တရနေကြမည်ဟု ထိုအဖွဲ့က သတိပေးထားသည်။

မန္တလေးတိုင်းဒေသကြီး လွှတ်တော်၏ သဘာဝပတ်ဝန်းကျင်ကော်မတီဥက္ကဋ္ဌ ဦးအေးခိုင်က ၎င်း၏ မဲဆန္ဒနယ်ရှိ ထန်းသမားတို့ဘဝ တိုးတက်ဖွံ့ဖြိုးရန်နှင့် သဘာဝပတ်ဝန်းကျင် မပျက်စီးရန်ဟူသော အချက်နှစ်ချက်လုံး တစ်ချိန်တည်းတွင် ပြည့်စုံရေးမှာ လွယ်ကူမည်မဟုတ်ဟု ဆိုသည်။

အရပ်ဘက်အဖွဲ့အစည်းတချို့က ထန်းတောင်သူတို့ တိုးတက်ဖွံ့ဖြိုးရန်အတွက် ချေးငွေထုတ်ပေးခြင်း၊ ဦးထုပ်၊ ကုလားထိုင်စသည့် ထန်းပင်ထွက်ကုန်ပစ္စည်း ထုတ်လုပ်မှုနည်းပညာများ ပို့ချနေသည်။

“အဖွဲ့အစည်းတွေကတော့ ခဏခဏ လာနေကြတာပဲ၊ သင်တန်းပေးတာတို့၊ ဟောပြောပွဲတွေ လုပ်တာတွေပါ၊ ဒါပေမယ့် ထန်းသမားတွေရဲ့ ကုန်ထုတ်ပစ္စည်းတွေရဲ့တန်ဖိုးကို မြှင့်တင်အောင် မစွမ်းဆောင်ပေးနိုင်သရွေ့ မရဘူး”ဟု ဦးအေးခိုင်က ပြောသည်။

လွန်ခဲ့သည့်နှစ်ကလည်း ထန်းရည်မှ သကြားထုတ်လုပ်သည့် လုပ်ငန်းကို ကျောက်ပန်းတောင်းတွင် တည်ထောင်ရန် ဦးအေးခိုင် ကြိုးစားခဲ့ဖူးသည်။ ထန်းရည်မှ သကြားထွက်သည့်အဆင့်အထိ ရောက်ရန် ပေးရမည့်အချိန်နှင့် ငွေကြေး များလွန်းနေသည်ဟု ၎င်းက ဆိုသည်။

ထန်းသမားများ၏ လက်တွေ့ဘဝကို ဖြေရှင်းပေးရန်မှာ ထန်းလျက်ဈေးကွက် မြင့်တက်လာဖို့ကို မျှော်လင့်ရန်သာရှိသည်ဟု ကျောက်ပန်းတောင်းဒေသခံ ဦးအေးခိုင်ကတော့ ခိုင်ခိုင်မာမာ ယူဆနေသည်။

ထန်းသမားများဘဝ ဖွံ့ဖြိုးတိုးတက်ရန် သင်တန်းပို့ချနေသည့် အဖွဲ့များ၊ ထန်းပင်ခုတ်သူများ၊ ထန်းပင်ရောင်းသူများ၊ ထန်းပင်ခုတ်ခြင်းကို ဆန့်ကျင်သည့်အဖွဲ့တချို့ ရောက်လာကြသည့် ကျောက်ပန်းတောင်းမြို့အနီး မန္တလေး-ညောင်ဦး ကားလမ်းနံဘေးရှိ အုံ့အုံ့ဆိုင်းဆိုင်း ထန်းတောထဲတွင်တော့ တံခါးကြီးကျေးရွာသား ကိုအောင်ဆန်းတို့ မိသားစုကတော့ ပုံမှန်အတိုင်းပင် လှုပ်ရှားနေကြသည်။

ကိုအောင်ဆန်းက မိဘ၊ ဘိုးဘွားပိုင် ထန်းပင်များကို ရောင်းချရန် စိတ်ကူးမရှိ။ သို့သော်လည်း သားသမီးများ ၎င်းကဲ့သို့ ဆင်းရဲမည်ကို စိုးရိမ်သည်။ ထန်းသမားဘဝက အသက်အန္တရာယ်နှင့် နေ့စဉ် နီးစပ်နေသည်ဟုလည်း ၎င်းက သတ်မှတ်ထားသည်။

“ဆင်းရဲလွန်းလို့ကို ကိုယ့်သားသမီးကို ဒီပညာကို မသင်ပေးတာ၊ သား သမီးက ဒီထန်းတက်အလုပ်ကို လုပ်ချင်တယ်ဆိုလည်း မလုပ်ခိုင်းဘူး၊ တခြားအလုပ် လုပ်ခိုင်းမယ်”ဟု ပြောလိုက်သည့် ထန်းသမား၏ အသံက အုံ့ဆိုင်းနေသည့် ထန်းတောထဲမှ ထွက်ပေါ်လာလေသည်။ ။

**❋ နိုင်ငံတော်သမ္မတမှ**

နှစ်နိုင်ငံခေါင်းဆောင်တို့သည် ယခုနှစ်တွင် ကျရောက်မည့် မြန်မာ-ထိုင်း သံတမန်ဆက်သွယ်မှုစတင်သည့် နှစ်(၇၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို နှစ်နိုင်ငံလုံးတွင် ကျင်းပမည့်ကိစ္စ၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့အကြား ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် နယ်စပ်ဖြတ်ကျော်မှုအပါအဝင် နှစ်နိုင်ငံအကြား လမ်းပန်းဆက်သွယ်မှုများ မြှင့်တင်ရေးကိစ္စ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကိစ္စ၊ ထိုင်းနိုင်ငံမှ နေရပ်ပြန်လိုသည့် နေရပ်စွန့်ခွာသူ မြန်မာနိုင်ငံသားများအား ပြန်လည်ပို့ဆောင်ရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်နေမှုများနှင့် အက်မက်စ်လုပ်ငန်းစဉ်မူဘောင်အောက်မှ ပူးပေါင်းဆောင်ရွက်မှုများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ထိုင်းနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ထိုက်သင့်သည့် ရပိုင်ခွင့်ရရှိရေးနှင့် အလုပ်သမားအခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ပေးရေးအတွက် ကူညီပံ့ပိုးပေးရေးကိုလည်း ထိုင်းအစိုးရအား မေတ္တာရပ်ခံပြောကြားခဲ့ပါသည်။ ထို့အပြင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ၂၀၁၉ ခုနှစ်တွင် ထိုင်းနိုင်ငံမှ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူမည့်အပေါ် ကြိုဆိုကြောင်းနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ဆွေးနွေးပြောကြားခဲ့ပါသည်။ နှစ်နိုင်ငံဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံခေါင်းဆောင်တို့သည် ပူးတွဲသတင်းစာ ရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ကြပါသည်။

နိုင်ငံတော်သမ္မတသည် ၁၄-၆-၂၀၁၈ ရက်နေ့၊ ညနေပိုင်းတွင် ထိုင်းဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)မှ နိုင်ငံတော်သမ္မတနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အား အစိုးရအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့ နံနက်တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်တို့နှင့်အတူ "Connecting the Future: Enhancing ACMECS Cooperation and Integration" ခေါင်းစဉ်ဖြင့် ကျင်းပသည့် ACMECS CEO Forum ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ အဆိုပါဖိုရမ်ကို ACMECS အဖွဲ့ဝင်နိုင်ငံများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများမှ အစိုးရ၊ ပုဂ္ဂလိကနှင့် ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများအကြား သတင်းအချက်အလက်များ၊ အတွေ့အကြုံများ၊ အတွေးအမြင်များဖလှယ်ရန်နှင့် ACMECS ပူးပေါင်းဆောင်ရွက်ရေးမူဘောင်အောက်ရှိ ပေါင်းစည်းဆက်သွယ်မှု၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေး စသည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် ရည်ရွယ်၍ကျင်းပခြင်းဖြစ်သည်။ နိုင်ငံတော်သမ္မတသည် ACMECS ပူးပေါင်းဆောင်ရွက်မှုတွင် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းပါဝင်မှု၏ အရေးပါမှုနှင့်စပ်လျဉ်း၍ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ပါသည်။

> **မြန်မာနှင့် ထိုင်းနိုင်ငံတို့အကြား ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် နယ်စပ်ဖြတ်ကျော်မှုအပါအဝင် နှစ်နိုင်ငံအကြား လမ်းပန်းဆက်သွယ်မှုများ မြှင့်တင်ရေးကိစ္စ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကိစ္စ၊ ထိုင်းနိုင်ငံမှ နေရပ်ပြန်လိုသည့် နေရပ်စွန့်ခွာသူ မြန်မာနိုင်ငံသားများအား ပြန်လည်ပို့ဆောင်ရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်နေမှုများနှင့် အက်မက်စ်လုပ်ငန်းစဉ်မူဘောင်အောက်မှ ပူးပေါင်းဆောင်ရွက်မှုများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့**

**ညစာစားပွဲတက်ရောက်**

ဇွန်လ ၁၅ ရက်နေ့တွင် နိုင်ငံတော်သမ္မတသည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)မှ ACMECS ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များအား ဂုဏ်ပြုတည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

ဇွန်လ ၁၆ ရက်နေ့၊ နံနက်တွင် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၈)ကြိမ်မြောက် ACMECS ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ယင်းနောက် ACMECS အဖွဲ့ဝင်နိုင်ငံများ၏ အားသာချက်၊ အနာဂတ်အလားအလာကောင်းများကို ထင်ဟပ်ပြသထားသည့် ACMECS ပြခန်း(Exhibition)သို့ လှည့်လည်ကြည့်ရှုခဲ့ပါသည်။

**အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး**

ထို့နောက် နိုင်ငံတော်သမ္မတသည် "ပေါင်းစည်းဆက်နွှယ်မှုရှိသည့် မဲခေါင် အသိုက်အဝန်းတစ်ခု တည်ထောင်ရေး" ခေါင်းစဉ်ဖြင့်ကျင်းပသည့် (၈)ကြိမ်မြောက် ACMECS ထိပ်သီးအစည်းအဝေးကို တက်ရောက်ခဲ့သည်။ အစည်းအဝေးကို ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)မှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး နိုင်ငံတော်သမ္မတနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ လာအိုနိုင်ငံဝန်ကြီးချုပ် ထောင်လွန်းဆီဆုလစ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်စွန်ဖု တို့လည်းတက်ရောက်ခဲ့ကြပါသည်။ နိုင်ငံတော်သမ္မတသည် အစည်းအဝေး၌ ACMECS ပူးပေါင်းဆောင်ရွက်ရေး၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို သုံးသပ်ဆွေးနွေးခဲ့ပြီး ACMECS လုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၃)ပါ အခြေခံအဆောက်အအုံနှင့် အဖွဲ့အစည်းဆိုင်ရာ ပေါင်းစည်းဆက်သွယ်မှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေး စသည့် အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ပါသည်။ ထိပ်သီးအစည်းအဝေး၌ ACMECS လုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၃)နှင့် ဗန်ကောက်ကြေညာစာတမ်းတို့ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ ACMECS လုပ်ငန်းစီမံချက်အသစ်အရ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံအကြား ကုန်းလမ်းဆက်သွယ်မှုတိုးမြှင့်ရန်၊ မဲခေါင်နိုင်ငံများအကြား ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အခြေအနေကောင်းများဖန်တီးပေးရန်နှင့် မဲခေါင်နိုင်ငံများအကြား ကမ္ဘာလှည့်ခရီးသွားများ ခရီးသွားလာမှု ပိုမိုလွယ်ကူစေရေးအတွက် အစီအစဉ်များချမှတ်ဆောင်ရွက်သွားရန်တို့ ပါဝင်သည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် **"စီးပွားရေး ပေါင်းစည်းမှုနှင့် ဆက်သွယ်ချိတ်ဆက်မှု ပိုမိုမြှင့်တင်ရေးသို့"** ခေါင်းစဉ်ဖြင့်ကျင်းပသည့် (၉) ကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေးကို ဆက်လက်တက်ရောက်ခဲ့သည်။ အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က သဘာပတိအဖြစ် တာဝန်ယူခဲ့ပြီး နိုင်ငံတော်သမ္မတနှင့်အတူ လာအိုနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့မှ ပါဝင်တက်ရောက်ခဲ့သည်။ အစည်းအဝေး၌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် CLMV ပူးပေါင်းဆောင်ရွက်ရေး၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို သုံးသပ်ခဲ့ပြီး အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးတို့အပါအဝင် အနာဂတ်ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ အစည်းအဝေး၌ ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ CLMV ပူးပေါင်းဆောင်ရွက်မှုတွင် မြန်မာ၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံအကြား ဆက်သွယ်မည့် ကားလမ်းဖောက်လုပ်ရေး အတွက် ဖြစ်နိုင်ခြေ လေ့လာရေးလုပ်ငန်းဆောင်ရွက်သွားရန် စီမံချက်လည်း ပါဝင်သည်။

**ပုဂ္ဂလိကကဏ္ဍမြှင့်တင်ရန်ရည်ရွယ်**

ထို့နောက် နိုင်ငံတော်သမ္မတသည် ထိုင်းနိုင်ငံဝန်ကြီးချုပ်မှ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲ (Interactive Luncheon)သို့ တက်ရောက်ခဲ့သည်။ အဆိုပါ နေ့လယ်စာစားပွဲကို ACMECS နိုင်ငံခေါင်းဆောင်များနှင့် ACMECS အဖွဲ့ဝင်နိုင်ငံများရှိ စီးပွားရေးလုပ်ငန်းကြီးများမှ CEO များအကြား တိုက်ရိုက်ထိတွေ့ဆွေးနွေးနိုင်ရန်နှင့် ACMECS ပူးပေါင်းဆောင်ရွက်ရေးတွင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်မှုကို မြှင့်တင်ပေးရန်ရည်ရွယ်၍ စီစဉ်ခြင်းဖြစ်သည်။

ACMECS (ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ)သည် ၂၀၀၃ ခုနှစ်တွင် မြန်မာနိုင်ငံ ပုဂံမြို့၌ စတင်ခဲ့သော ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများ အဖွဲ့ဝင်အဖြစ် ပါဝင်သည်။

CLMV(ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် ပူးပေါင်းဆောင်ရွက်ရေး)သည် ၂၀၀၄ ခုနှစ်တွင် လာအိုနိုင်ငံ ဗီယန်ကျင်းမြို့၌ စတင်ခဲ့သော ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများ အဖွဲ့ဝင်အဖြစ်ပါဝင်သည်။

ထိုင်းနိုင်ငံခရီးစဉ်သို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့နှင့်အတူ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့်အတူ အဆင့်မြင့်အရာရှိများ လိုက်ပါသွားခဲ့ပါသည်။

နိုင်ငံတော်သမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့ ညနေပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၆ ရက်**

# မြန်မာအပြည်ပြည်ဆိုင်ရာ ပညာရေးပြပွဲ ၂၀၁၈ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၆**

ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ၊ ပညာရေးလမ်းကြောင်းများနှင့် ပညာရေး ဝန်ဆောင်မှုများ၊ ပညာရေးအသိပညာများကို ကျောင်းသားလူငယ်များ၊ အများပြည်သူများမှ ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ရည်ရွယ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Trade Training Institute ၏ ပံ့ပိုးကူညီမှုဖြင့် ဒုတိယအကြိမ် မြန်မာအပြည်ပြည်ဆိုင်ရာ ပညာရေးပြပွဲ ၂၀၁၈ (The 2nd International Education Fair Myanmar 2018) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Trade Training Institute (TTI) ၏ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်ဝေ၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံး- ပြင်သစ်ယဉ်ကျေးမှုဌာန - ဒုတိယဒါရိုက်တာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သံအရာရှိ Gilles Guillot(Ph.D) ဒေါက်တာရီး(လ်)ဂီယို၊ Metro Computer Myanmar Co., Ltd. မှ ဒါရိုက်တာ Takashi Kawasaki နှင့် Dagon Exhibitions Limited မှ ဒါရိုက်တာ ဦးအောင်အောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ပြပွဲတွင် Pre School မှသည် 100 ရာခိုင်နှုန်း Fully Scholarships ပေးမည့် အပြည်ပြည်ဆိုင်ရာတက္ကသိုလ်များနှင့် တိုက်ရိုက်ထိတွေ့နိုင်သည့် အခွင့်အလမ်းကို မိတ်ဆက်ပြီး ပြည်တွင်း၊ ပြည်ပမှ တက္ကသိုလ်နှင့် ကောလိပ်များ၊ ပုဂ္ဂလိကကျောင်းများ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုသင်တန်းကျောင်းများနှင့် နည်းပညာဆိုင်ရာ သင်တန်းကျောင်းများ၊ နိုင်ငံခြားဘာသာသင်တန်းကျောင်းများ၊ နိုင်ငံခြားတက္ကသိုလ်ဝင်ခွင့် သင်တန်းကျောင်းများ၊ အနုပညာနှင့်ပတ်သက်သော သင်တန်းကျောင်းများ၊ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ သင်တန်းကျောင်းများ၊ ပညာရေးအတိုင်ပင်ခံ သင်တန်းကျောင်းများ၊ အင်္ဂလိပ် ဘာသာရပ်ဆိုင်ရာ သင်တန်းကျောင်းများ၊ ဆေးပညာဆိုင်ရာ သင်တန်းကျောင်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းများက ပညာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် စာအုပ်စာပေအမျိုးမျိုးတို့ ပါဝင်ပြသမည်ဖြစ်သည်။

ပြပွဲကို ဇွန် ၁၆ ရက်မှ ၁၇ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ်တွင် နံရံကပ်စာစောင်၊ စာအုပ်ပြပွဲနှင့် လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ



**ရန်ကုန် ဇွန် ၁၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်(အင်းစိန်)နှင့် ZMA ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းပြီး အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုအဖြစ် ကျောင်းသားကျောင်းသူများ မူးယစ်ဆေးဝါးကို မသုံးမိစေရန်၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို သိရှိစေရန်၊ မူးယစ်ဆေးဝါး၏ သားကောင်မဖြစ်စေရန်ရည်ရွယ်၍ အင်းစိန်မြို့နယ်တွင် နံရံကပ်စာစောင်၊ စာအုပ်ပြပွဲနှင့် လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန် ၁၆ ရက် နံနက်က အင်းစိန်မြို့နယ် ZMA ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်) ခရိုင်ဦးစီးအရာရှိ ဒေါ်အေးအေးခိုင်က ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဦးဝေဖြိုးဟန် [တိုင်းဒေသကြီး(၂)လွှတ်တော်ကိုယ်စားလှယ်]၊ ဒုတိယရဲမှူးစိုးနိုင် [မူးယစ်တပ်ဖွဲ့စု (၄၀)]၊ ဒေါ်နော်မေပုလဲခိုင် (ဒုတိယမြို့နယ်ဥပဒေအရာရှိ)၊ ဒေါက်တာအိဇင်ဟိန်း(ဦးစီးအရာရှိ၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန)၊ ဒေါ်ခင်နှင်းကြည် [ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်)၊ မြို့နယ်ဦးစီးမှူး] တို့က ကဏ္ဍအလိုက် ဦးဆောင်ဆွေးနွေးကြသည်။

"လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပရခြင်းသည် အနာဂတ်သားကောင်းများ မူးယစ်ဆိုးကျိုးများကို သိရှိပြီး မူးယစ်ဆေးဝါးအန္တရာယ်ကို ဝိုင်းဝန်းကာကွယ်ခြင်းဖြင့် လှပသော လူငယ်များ၏ဘဝ တည်ဆောက်နိုင်စေရန်၊ လူငယ်များရဲရင့်ကာ အတွေးအခေါ်ရင့်ကျက်လာပြီး ဆွေးနွေးမေးမြန်းသော အလေ့အကျင့်ကောင်းများ ပေါ်ထွန်းစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဇေယျာသီရိမြို့နယ်အတွင်းရှိ အောင်ချက်အကောင်းဆုံးကျောင်းများနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲ သူရဦးရွှေမန်း တက်ရောက်

**နေပြည်တော် ဇွန် ၁၆**

နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံး ကျောင်းများအား မန်းအောင်ငြိမ်းဖောင်ဒေးရှင်းမှ ပညာရည်ချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံကြီး၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိုင်ငံတော်အနေဖြင့် ပညာရေးအဆင့် မြင့်မားရေးအတွက် ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အတူ ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန် ပထမအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်းအတွင်း လိုအပ်သည့် ဥပဒေကို စတင်ဆွေးနွေးပြဋ္ဌာန်းခဲ့ပါကြောင်း၊ ပညာရေးစနစ် မည်သို့ပြောင်းလဲသော်လည်း ကျောင်းသား၊ ဆရာ၊ မိဘအပါအဝင် ကျောင်းအကျိုးဆောင်များသည် အဓိကအရေးကြီးသည့် အခန်းကဏ္ဍ၌ ပါဝင်ပါကြောင်း။

ယခုကဲ့သို့ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ ဂုဏ်ပြုချီးမြှင့်သည့် အပြင် တက္ကသိုလ်ဝင်တန်း မအောင်မြင်ကြသည့် ကျောင်းသား ကျောင်းသူများကိုလည်း စာနာထောက်ထားပြီး အားပေးသွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ကျောင်းသား ကျောင်းသူများ၏ဘဝ ရှေ့ဆက်ရေးအတွက် လိုအပ်သည့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ဆက်လက်သင်ကြားနိုင်ရန် ဆရာ ဆရာမများနှင့် တာဝန်ရှိသူများက ဆွေးနွေးပံ့ပိုးပေးရန် လိုအပ်ပါကြောင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ထူးချွန်စွာအောင်မြင်ကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် အဆင့်မြင့်ပညာကို ဆက်လက်သင်ကြားပြီး မိမိ အကျိုးနှင့် အများအကျိုးကို သယ်ပိုးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။





ဇေယျာသီရိမြို့နယ်အနေဖြင့် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အတွက် နှစ်စဉ် တာဝန်ရှိသူများက ပါဝင်ဆောင်ရွက်ပေးခဲ့သော်လည်း ယခုနှစ် အောင်ချက်ရာခိုင်နှုန်းသည် ယမန်နှစ် အောင်ချက်ရာခိုင်နှုန်းထက် တစ်ရာခိုင်နှုန်း ကျဆင်းခဲ့ပါကြောင်း၊ ထို့ကြောင့် လာမည့်နှစ်များတွင် အောင်ချက်ရာခိုင်နှုန်း ပိုမိုတိုးတက်ရေးအတွက် မိဘ၊ ဆရာ၊ ကျောင်းသားနှင့် တာဝန်ရှိသူများက ဆက်လက်ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရရှိသူ လေးဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ ခုနစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ၁၅ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရရှိသူ ၆၇ ဦးတို့အား နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဇေယျာသီရိမြို့နယ်မှ အောင်ချက် အကောင်းဆုံး ပထမဆုရ အထက(၁)နေပြည်တော်၊ ဒုတိယဆုရ အထက (ရေဆင်း)နှင့် တတိယဆုရ အထက(၁၆) (ကျည်တောင်ကန်)တို့အား ခရိုင် ပညာရေးမှူး ဦးကြည်ရွှင်က ဂုဏ်ပြုဆုများ ပေးအပ်ပြီး ဇေယျာသီရိမြို့နယ် အတွင်းရှိ ကျောင်းအုပ်ဆရာ ဆရာမကြီးများအတွက် ဂုဏ်ပြုဆုများကို မြို့နယ်ပညာရေးမှူး ဦးထွန်းဦးက ပေးအပ်သည်။

ဆက်လက်၍ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများကိုယ်စား အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ လေးဘာသာဂုဏ်ထူးရှင် မောင်ကောင်းဆက်ဟိန်းက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မကွေးတိုင်းဒေသကြီးအတွင်း ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**မကွေး ဇွန် ၁၆**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဇွန် ၁၅ ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ တိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်လျက်ရှိသော ရေကြီးရေလျှံမှုများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို တွေ့ဆုံညှိနှိုင်းဆွေးနွေးသည်။

အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်ပြီး အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများသာမက ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖြစ်ပေါ်လျက်ရှိသည့် ရေကြီးရေလျှံမှုများကြောင့် လမ်းများ၊ တံတားများ၊ နေအိမ်များ၊ လယ်ယာမြေများနှင့် စိုက်ပျိုးသီးနှံများ ဆုံးရှုံးခဲ့ရသည်ကို သိရှိပါကြောင်း၊ ပြည်သူများကို ဘေးလွတ်ကင်းရာဒေသသို့ ယာယီပြောင်းရွှေ့နေရာချထားပေးနိုင်ခဲ့သော်လည်း ဓာတ်လိုက်သေဆုံးခြင်းနှင့် ရေတွင် မျောပါသေဆုံးမှုများကြောင့် အသက်ဆုံးရှုံးမှု အချို့ ရှိခဲ့ကြောင်း။

ရေဘေးကြိုတင်ကာကွယ်ရေးအတွက် တာတမံများ ကြံ့ခိုင်ရေးဆောင်ရွက်ခြင်း၊ ပန်းတာများ ပြုလုပ်ခြင်း၊ မြစ်ချောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ခြင်း၊ သဲအိတ်များဖြင့် တာဖို့ခြင်း၊ မြေထိန်းနံရံများ ပြုလုပ်ခြင်း၊ ရေပြွန်များ၊ ရေကာတာများ ပြုလုပ်ခြင်း၊ ပြည်သူများ ဘေးကင်းစေရန်အတွက် စက်လှေများ၊ အသက်ကယ်အင်္ကျီများအပြင် ဘက်စုံသုံးဆိပ်ခံဇောတံတား ရေယာဉ်တို့ကိုပါ ထောက်ပံ့ပေးထားပါကြောင်း၊ အသိပညာပေးရုပ်သံ ဇာတ်လမ်းများ၊ စာစောင်များနှင့် လက်တွေ့ဇာတ်တိုက် လေ့ကျင့်ခြင်းများကိုလည်း တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆောင်ရွက်ထားရှိပါကြောင်းနှင့် ကြုံတွေ့ရမည့် သဘာဝဘေးအန္တရာယ်များကိုလည်း သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း၊ ယခုရက်ပိုင်းတွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုသည် အချိန်တိုအတွင်း အပျက်အစီးများပါကြောင်း၊ ပြန်လည်ထူထောင်ရေး အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ဇွန်လဒုတိယပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အဓိကဆည်ကြီး ခြောက်ခုတွင် ကန်ရေပြည့်အမှတ်များ ကျော်လွန်ပြီး မုန်းချောင်း၊ မန်းချောင်း၊ မင်းတုန်းချောင်း၊ မဒေးချောင်းများ ရေကြီးမှုဖြစ်ပွားကာ မင်းဘူးနှင့် သရက်ခရိုင်အတွင်းရှိ ကျေးရွာအချို့ ရေကြီးနစ်မြုပ်ခဲ့ရကြောင်း၊ လမ်းများ၊ တံတားများ၊ လယ်ယာမြေများနှင့် စိုက်ပျိုးထားသောသီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရသည့်အပြင် လူငါးဦး အသက်ဆုံးရှုံးခဲ့ရကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ဆက်လက်တင်ပြဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ကြုံတွေ့ရသော အခက်အခဲများကို အသီးသီးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် ပွင့်ဖြူမြို့နယ် (မရိုးကုန်း) ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် ခေတ္တခိုလှုံနေသော ကမ်းပြိုဘေးကြောင့် ရွှေ့ပြောင်းခဲ့ရသောသူများနှင့်တွေ့ဆုံပြီး အားပေးစကားပြောကြားကာ လတ်တလော ပြောင်းရွှေ့နေရသော စုစုပေါင်းအိမ်ခြေ ၇၅ လုံးအတွက် အိမ်ထောင်တစ်စုလျှင် ငွေကျပ် တစ်သိန်းနှုန်းနှင့် စားနပ်ရိက္ခာထောက်ပံ့ငွေကျပ် ၆၃၈၄၀၀ စုစုပေါင်း တန်ဖိုး ငွေကျပ် ၈၁၃၈၄၀၀ ကို ထောက်ပံ့ပေးခဲ့ပြီး လတ်တလော မြစ်ကမ်းပါးပြိုကျနေမှု အခြေအနေကို ကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပွင့်ဖြူမြို့ ရွှေပန်းမြိုင်ဘုရားဓမ္မာရုံရှိ ယာယီရေဘေးခိုလှုံသူ အိမ်ထောင်စု ၂၃၃၀ အတွက် လတ်တလောစားသုံးရန် ရိက္ခာထောက်ပံ့ငွေကျပ် ၁၈၄၂၉၆၀၀ ကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယခု လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုကြောင့် မကွေးတိုင်းဒေသကြီး ငဖဲ၊ ကံမ၊ စကု၊ မင်းတုန်း၊ ပွင့်ဖြူနှင့် စေတုတ္တရာမြို့နယ်များတွင် လမ်း၊ တံတား၊ တာတမံ၊ လူနေအိမ်အဆောက်အအုံ၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းနှင့် လယ်ယာမြေ ပျက်စီးဆုံးရှုံးမှု ကနဦး ခန့်မှန်းတန်ဖိုးမှာ ငွေကျပ်သိန်းပေါင်း ၂၂၇၂၀ ခန့်ရှိကြောင်း၊ ဆုံးရှုံးမှုစာရင်းများကို အတိအကျရရှိရန် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကဝမြို့နယ်၌ ကျင်းပ

**ကဝ ဇွန် ၁၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကြာတောအုပ်စု ကြာတောကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဇွန် ၁၆ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီးရုံးမှ ဒုတိယဦးစီးမှူး ဦးမျိုးမင်းထွန်းက ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် အဆိုပါကျေးရွာအုပ်စု၏ စိုက်ပျိုးရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကျေးရွာမီးလင်းရေး စသည့် ကျေးလက်ဖွံ့ဖြိုးရေး ကိစ္စရပ်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်း၊ မြို့နယ်ကျေးလက်ဦးစီးဌာနမှူး ဦးကျော်ထွန်းဦး၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ ဖြူဖြူဝင်းနှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန ဒုတိယဦးစီးမှူး ဦးပြည့်ဖြိုးဇော်တို့က ဦးဆောင်ပါဝင် ဆွေးနွေးခဲ့ကြပြီး ကျေးရွာနေပြည်သူများက မေးမြန်းဆွေးနွေးခဲ့ကြရာ ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

**ငြိမ်းချမ်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုအစိုးရအဖွဲ့**
**အမိန့်ကြော်ငြာစာအမှတ် ၆၁/၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၄ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၆ ရက်)**

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၇ ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ဦးသောင်းထွန်း — ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(ခ) ဒေါက်တာသန်းမြင့် — ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး
ဝန်ကြီးဌာန

(ဂ) ဦးထွန်းထွန်းဦး — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဃ) ဦးဆက်အောင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(င) ဒေါ်နီလာကျော် — အဖွဲ့ဝင်
ဝန်ကြီး
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(စ) ဒေါက်တာအောင်ထွန်းသက် — အဖွဲ့ဝင်
စီးပွားရေးပညာရှင်

(ဆ) ဦးခင်မောင်ရီ — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဇ) ဦးတိုးအောင်မြင့် — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး
ဝန်ကြီးဌာန

(ဈ) ဦးထိန်လွင် — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်(ငြိမ်း)
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(ည) ဦးငွေးချွန် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ
ညွှန်ကြားမှုဦးစီးဌာန

(ဋ) ဦးအေးလွင် — အဖွဲ့ဝင်
ဗဟိုအလုပ်အမှုဆောင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ကုန်သည်များနှင့် စက်မှုလက်မှု
လုပ်ငန်းရှင်များအသင်းချုပ်

(ဌ) ဦးအောင်နိုင်ဦး — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ
ညွှန်ကြားမှုဦးစီးဌာန

(ဍ) ဒေါ်မြသူဇာ — တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

၂။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၉-၁-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၈ နှင့် ၅-၆-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၉/၂၀၁၈ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

**ဇော်သန်းသင်း**
**အတွင်းရေးမှူး**
**ပြည်ထောင်စုအစိုးရအဖွဲ့**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကမ္ဘာ့သွေးလှူရှင်များနေ့အခမ်းအနား တက်ရောက်အမှာစကားပြောကြား

**ရန်ကုန် ဇွန် ၁၆**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသော ၂၀၁၈ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက စေတနာရှင်သွေးလှူရှင်များ၊ သွေးလှူဘဏ်များတွင် လုပ်ကိုင်နေသူများနှင့် ပြည်သူများကို သွေးလှူဒါန်းလာရန် စည်းရုံးပေးနေသူများ အားလုံးသည် လူ့အသက်ကိုကယ်တင်နေသောသူများ ဖြစ်ကြောင်းနှင့် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ သွေးနှင့် သွေးပစ္စည်းသည် လူတိုင်းအတွက်အရေးကြီးကြောင်း၊ သွေးနှင့် သွေးပစ္စည်းများသည် ဆေးကုသမှုနှင့် ခွဲစိတ်ကုသမှုတို့အတွက် အရေးကြီးသည်သာမက မိခင်များ ကိုယ်ဝန်ဆောင်စဉ်နှင့် မွေးဖွားစဉ် သွေးသွန်ခြင်းများအတွက် မိခင်များ၏အသက်ကို ကယ်တင်ပေးနေသော အရာဖြစ်ကြောင်း။

ဇွန် ၁၄ ရက်ကို ကမ္ဘာ့သွေးလှူရှင်များနေ့အဖြစ် ၂၀၀၆ ခုနှစ်မှစ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ကျင်းပခဲ့ပြီး ယခုနှစ်ဆောင်ပုဒ်ဖြစ်သော "အများသူငါ ကူညီကာ၊ သွေးလှူခြင်းဖြင့် အသက်ကယ်ပါ"ဆောင်ပုဒ်မှာ အရေးကြီးသော အဓိပ္ပာယ်များစွာကို ဖော်ဆောင်နေကြောင်း။

အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက် (၃)ရပ်ဖြစ်သော (၁) သွေးလှူရှင်များအား ယင်းတို့၏ မွန်မြတ်သောစေတနာဖြင့် သွေးလှူဒါန်းခြင်းဖြင့် လူနာအများ၏ အသက်ကယ်နိုင်ခဲ့ခြင်းအတွက် ကျေးဇူးတင်ကြောင်း ဂုဏ်ပြုဖော်ပြလိုခြင်း၊ (၂) စေတနာသွေးလှူရှင်များ တိုးပွားရေးဆောင်ရွက်လိုခြင်း၊ (၃) သွေးဘဏ်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေရသော အစိုးရအဖွဲ့အစည်းအသီးသီးမှ လိုအပ်သောသွေးလှူဒါန်းမှုကို စေတနာသွေးလှူရှင်များက ၁၀၀ ရာခိုင်နှုန်း ရရှိထောက်ပံ့နိုင်ရန်




အတွက် အလေးထားဆောင်ရွက်ရန်တို့သည် အလွန်ကောင်းမွန်ပါကြောင်း။

မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များ ချမှတ်လုပ်ဆောင်နိုင်ရန်အတွက် အမျိုးသားအဆင့် သွေးနှင့် သွေးပစ္စည်းမူဝါဒ( National Blood Policy)ကို ရေးဆွဲလျက်ရှိပြီး အစိုးရအဖွဲ့သို့ တင်ပြအတည်ပြုသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဓိကကျသော ရည်မှန်းချက်မှာ တစ်နိုင်ငံလုံးရှိ သွေးသွင်းကုသမှုလုပ်ငန်းများကို စနစ်တကျ ဆက်စပ်ဆောင်ရွက်နိုင်ရေးဖြစ်ကြောင်း၊ သွေးနှင့် သွေးပစ္စည်းများကို ကျိုးကြောင်းလျော်ညီစွာ အသုံးပြုရန်၊ သွေးရောင်းဝယ်မှု မရှိရရန်တို့အတွက် သက်ဆိုင်သူအားလုံးကို စည်းရုံးဆွေးနွေးပညာပေးခြင်းများ လုပ်ဆောင်ရန်လိုကြောင်း၊ လုံလောက်၍ အန္တရာယ်ကင်းသောသွေးများရရှိနိုင်ရန်အတွက် အမျိုးသားသွေးလှူဘဏ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်သွေးလှူဘဏ်များ အချင်းချင်း၊ သွေးလှူရှင်များ၊ သွေးလှူရှင် အသင်းအဖွဲ့များအကြား ဆက်စပ်ချိတ်ဆက်ဆောင်ရွက်ရန် အရေးကြီးပါကြောင်း။

ထို့အပြင် အန္တရာယ်ကင်းစိတ်ချရသော သွေးနှင့်သွေးပစ္စည်းများကို လုံလောက်စွာနှင့် အချိန်မီ ရရှိနိုင်ရေးတွင် သွေးလှူရှင်များကို စည်းရုံးပေးသူများ၊ လိုအပ်သောဓာတ်ခွဲစစ်ဆေး ဆောင်ရွက်ပေးနေသူများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း။

အန္တရာယ်ကင်းသောသွေးများ ရရှိသုံးစွဲနိုင်ရန်အတွက် သွေးလှူချိန်မှစ၍ ဓာတ်ခွဲစစ်ဆေးခြင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်း၊ သွေးသွင်းသည့်အချိန်အထိ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် စနစ်ကျနကောင်းမွန်ခြင်း ရှိ၊ မရှိ သေချာစွာ စောင့်ကြပ်လေ့လာသည့်စနစ်ကိုရှိရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနမှလည်း လိုအပ်သောပစ္စည်းကိရိယာများကို ထောက်ပံ့ပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် သွေးလိုအပ်မှုသည် တစ်နှစ်ထက်တစ်နှစ် များပြားလာသည်နှင့်အညီ စေတနာရှင်သွေးလှူရှင်များ ပိုမိုများပြားလာစေရေးအတွက် စည်းရုံးပညာပေးသူများ၏ကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ သွေးလှူဒါန်းရခြင်း၏ အကျိုးကျေးဇူးကြီးမားပုံကို ပြည်သူများနားလည်အောင် စည်းရုံးပြောကြားရန် တိုက်တွန်းပါကြောင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် လူမှုရေးဝန်ကြီးများကဦးဆောင်၍ ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံပါကြောင်း၊ သွေးလှူခြင်းသည် လူမျိုးတိုင်း၊ ဘာသာတိုင်းအတွက် အကျိုးရှိစေပြီး လူမှုအသိုင်းအဝိုင်း ပေါင်းစည်းညီညွတ်မှုကိုလည်း ရရှိစေပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ကမ္ဘာ့သွေးလှူရှင်များနေ့အထိမ်းအမှတ် ဂုဏ်ပြုစကားပြောကြားခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr.Stephan Paul Jost က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဒေသဆိုင်ရာညွှန်ကြားရေးမှူး၏ ၂၀၁၈ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့ ဂုဏ်ပြုသဝဏ်လွှာကို ဖတ်ကြားခဲ့သည်။ ဆက်လက်၍ ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(သွေးဘဏ်) ပါမောက္ခ ဒေါက်တာသီတာအောင်က သွေးလှူဒါန်းရန် ကြိုတင်စာရင်းပေးနိုင်သော Android Application အား တက်ရောက်လာသူများနှင့် မိတ်ဆက်ပေးပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက Android Application ဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ ထို့နောက် သွေးလှူရှင်များကိုယ်စား (၁၂၄)ကြိမ်မြောက် သွေးလှူရှင် ရွှေထီးဆောင်းဆရာတော်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန ရန်ကုန်မြို့သို့ သွားရောက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဓာတ်ခွဲ) ပါမောက္ခဒေါက်တာငွေးငွေးတင်က လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက တစ်ဦးချင်းအလိုက်၊ ဌာနအလိုက် လိုအပ်ချက်များကို တင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က တင်ပြချက် တစ်ခုချင်းအလိုက် အသေးစိတ် ပြန်လည်ဆွေးနွေးခြင်း၊ လမ်းညွှန်မှုပေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် ရန်ကုန်ဘဏ်ခွဲရှိ အရာထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၆**
မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်ဘဏ်ခွဲရှိ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ ငွေကြေးလုပ်ငန်း အုပ်ချုပ်မှုဌာနမှ အရာထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်သူလူထု လက်ဝယ်ရှိ ငွေစက္ကူများ ဟောင်းနွမ်းနေမှုကို လျော့နည်းပပျောက်စေရေးအတွက် စီမံဆောင်ရွက်ရန်၊ ငွေစက္ကူရေတွက်စစ်ဆေးရေးလုပ်ငန်းများအတွက် အဆင့်မြင့်နည်းပညာစက်များဖြည့်တင်း၍ ငွေကြေးလုပ်ငန်းစီမံခန့်ခွဲမှု အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်၊ ဗဟိုဘဏ်ငွေကြေးစီမံခန့်ခွဲမှုဌာနမှ နေ့စဉ်နိုင်ငံတစ်ဝန်း ငွေကြေးစာရင်းများ ပြုစုရာတွင် အချိန်နှင့်တစ်ပြေးညီ မှန်ကန်စွာဆောင်ရွက်နိုင်ရေး ကွန်ပျူတာစနစ် ထိရောက်စွာအသုံးပြုရန်နှင့် အခြားလုပ်ငန်း အုပ်ချုပ်မှုဆိုင်ရာကိစ္စများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# တက္ကသိုလ် ၁၁ ခု၌ တက္ကသိုလ်ဝင်ခွင့်ကို သက်ဆိုင်ရာတက္ကသိုလ်များ၏ ကိုယ်ပိုင်အစီအစဉ်ဖြင့် ခေါ်ယူသွားမည်

**ယခုနှစ်မှစတင်၍ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော ကျောင်းသား ကျောင်းသူများအတွက် တက္ကသိုလ် ၁၁ ခု၌ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးကို ယခင်နှစ်များကဲ့သို့ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့က မရွေးချယ်ဘဲ သက်ဆိုင်ရာတက္ကသိုလ်များ၏ကိုယ်ပိုင်အစီအစဉ်ဖြင့် ခေါ်ယူသွားမည် ဖြစ်ရာ သတင်းအချက်နည်းပညာတက္ကသိုလ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ဝင်ခွင့်လျှောက်ထားလိုသူများသည် ဝင်ခွင့်လျှောက်လွှာပုံစံများကို လှိုင်မြို့နယ် ပါရမီလမ်းရှိ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန Website www.myanmar-education.edu.mm တွင်လည်းကောင်း၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ် Website www.uit.edu.mm တွင်လည်းကောင်း ဒေါင်းလုဒ်လုပ်၍ရယူနိုင်မည်ဖြစ်သည်။ ရန်ကုန် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပထမနှစ်သင်တန်းဝင်ခွင့်ခေါ်ယူခြင်းနှင့်စပ်လျဉ်း၍ပါမောက္ခချုပ် ဒေါက်တာ ဒေါ်စောစန္ဒာအေးအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**မေး။ ။ ဒီနှစ်တက္ကသိုလ်ကြီး ၁၁ ခုမှာကိုယ်ပိုင်ရွေးချယ်ခွင့်နဲ့ စလိုက်တဲ့အခါမှာ ဆရာမကြီးတို့ကျောင်းအနေနဲ့ ဘယ်လိုပုံစံနဲ့ ရွေးချယ်သွားမလဲဆိုတာ ရှင်းပြပေးပါ။**

ဖြေ။ ။ ကျွန်မတို့ကျောင်းကို စိတ်ဝင်စားပြီး တက်ရောက်ချင်တဲ့ ကလေးတွေက ကျောင်းကို တိုက်ရိုက်လျှောက်ထားရမှာ ဖြစ်ပါတယ်။ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်ရဲ့ ဝက်ဘ်ဆိုက်မှာရော ပညာရေးဝန်ကြီးဌာနရဲ့ ဝက်ဘ်ဆိုက်မှာပါ တိုက်ရိုက်လျှောက်ထားမယ့် လျှောက်လွှာပုံစံကို ကျောင်းသား ကျောင်းသူတွေက ဒေါင်းလုဒ် လုပ်ပြီး ယူလို့ရပါတယ်။ ကျွန်မတို့ကျောင်းမှာလည်း လျှောက်လွှာပုံစံကို လာယူလို့ရပါတယ်။ အဲဒီလျှောက်လွှာပုံစံနဲ့ ကျောင်းကို တိုက်ရိုက်လျှောက်ထားရမှာ ဖြစ်ပါတယ်။

**မေး။ ။ ဘယ်နေ့မှာ စတင်လျှောက်ရမလဲ။ ပြီးတော့ ကလေးတွေဘက်ကရော ဘယ်လိုမျိုးပြင်ဆင်ထားရမလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ လျှောက်လွှာတွေကိုတော့ အခုလည်း ပေးနေပါပြီ။ သတင်းစာတွေမှာ လျှောက်လွှာတွေ လျှောက်ထားနိုင်ပြီဆိုတာကို ကြော်ငြာထည့်ပေးထားပါတယ်။ ဒီလ ဇွန် ၁၅ ရက်နေ့ကနေစပြီးတော့ လျှောက်ထားနိုင်ပါတယ်။

**မေး။ ။ ဆရာမကြီးတို့ကျောင်းကို လျှောက်ထားတဲ့အခါမှာ ဘယ်လိုပုံစံမျိုးနဲ့ ရွေးချယ်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ကျွန်မတို့ကျောင်းကို စိတ်ဝင်စားပြီး လျှောက်ထားတဲ့အထဲကနေ အမှတ်အများဆုံးရတဲ့ အယောက် ၂၀၀ ကို ပထမဦးဆုံးအဆင့်အနေနဲ့ ကျောင်းက ရွေးချယ်လိုက်တဲ့စာရင်းကို ထုတ်ပြန်ပေးမှာ ဖြစ်ပါတယ်။ အယောက် ၂၀၀ စာရင်း ထုတ်ပြန်ပေးပြီးတဲ့အခါမှာလည်း အရန်ရွေးချယ်ထားတဲ့ ကျောင်းသား ကျောင်းသူစာရင်းကို တစ်ပြိုင်နက်တည်း ထုတ်ပြန်ကြေညာပေးမှာ ဖြစ်ပါတယ်။ အယောက် ၂၀၀ ဆိုပေမယ့် ဝင်ခွင့်အတွက် အမှတ်တစ်ခုမှာ ဖြတ်မှာဖြစ်တဲ့အတွက် လိုတာ၊ ပိုတာ နည်းနည်းတော့ ရှိနိုင်ပါတယ်။ ဝင်ခွင့်ရတဲ့သူတွေအနေနဲ့က တစ်ပတ်အတွင်း ကျောင်းကို ဆက်သွယ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ တကယ်လို့ ပဏာမရွေးချယ်ထုတ်ပြန်ထားတဲ့ စာရင်းတွေထဲက ကလေးတွေကတစ်ပတ်အတွင်းမှာ ကျောင်းနဲ့ ဆက်သွယ်ဆောင်ရွက်ခြင်း မရှိဘူးဆိုရင် ကျွန်မတို့ကျောင်းကို တက်ရောက်လိုခြင်းမရှိဘူးလို့ ယူဆပြီးတော့ လစ်လပ်သွားတဲ့အပေါ်မှာ မူတည်ပြီးတော့ အရန်ရွေးချယ်ထားတဲ့ အထဲကနေ ဝင်ခွင့်ရသူကို ဒုတိယတစ်ပတ်ထဲမှာ ပြန်ပြီးတော့ ထုတ်ပြန်ကြေညာပေးမှာ ဖြစ်ပါတယ်။ အဲဒီလို ထုတ်ပြန်တဲ့အခါမှာ သူတို့က ကျောင်းကို ဆက်သွယ်ပြီး လာရောက်အပ်နှံရမှာ ဖြစ်ပါတယ်။

**မေး။ ။ အမှတ်အများဆုံး အယောက် ၂၀၀ ဆိုတော့ ဆရာမကြီးတို့အနေနဲ့ အမှတ်က ကန့်သတ်ချက်မရှိဘူးဆိုတဲ့သဘောမျိုးလားရှင့်။**

ဖြေ။ ။ ဟုတ်ပါတယ်ရှင်။ ကျွန်မတို့က တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ အမှတ် ၄၅၀ နဲ့ အထက်ရတဲ့ ကျောင်းသား ကျောင်းသူတွေ ဒီတက္ကသိုလ်ကို လျှောက်ထားခွင့်ရှိပါတယ်။ အဲဒီလျှောက်ထားခွင့်ရှိတဲ့ အမှတ် ၄၅၀နဲ့ အထက်ရတဲ့ကျောင်းသား ကျောင်းသူတွေ လျှောက်ထားတဲ့ အထဲကမှ အမှတ်အများဆုံး ရရှိတဲ့ ကျောင်းသား ကျောင်းသူ အယောက် ၂၀၀ ကို ရွေးချယ်မှာ ဖြစ်ပါတယ်။

**မေး။ ။ ဒီလို ရွေးချယ်တဲ့အခါမှာရော ဝင်ခွင့်ဖြေရတာမျိုးရှိပါသလား။ ဘယ်လိုမျိုး ရွေးချယ်သွားမလဲပြောပြပေးပါ။**

ဖြေ။ ။ ကျွန်မတို့ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်ကို မြန်မာနိုင်ငံတစ်ဝန်း စာစစ်ဌာနအသီးသီးကနေ အောင်မြင်တဲ့ ကျောင်းသား ကျောင်းသူတွေကို လျှောက်ခွင့်ပေးထားပါတယ်။ အဲဒီလို လျှောက်ခွင့်ပေးထားတဲ့အတွက်ကြောင့် ရေးဖြေစာမေးပွဲနဲ့ မစိစစ်ထားပါဘူး။ ဝင်ခွင့်ဖြေတယ်ဆိုရင်လည်း ဝေးလံတဲ့ဒေသက ကလေးတွေက အင်တာဗျူးဖြေဖို့ တစ်ကြိမ်လာနေရတာမျိုး ဖြစ်မှာစိုးပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့က ဝင်ခွင့်မှာ နှုတ်ဖြေစာမေးပွဲကိုလည်း မစိစစ်ဘဲနဲ့ ဒီတိုင်းပဲ လျှောက်တဲ့ ကျောင်းသား ကျောင်းသူတွေအထဲကနေပြီးတော့ အမှတ်အများဆုံးရတဲ့ အယောက် ၂၀၀ ကို ရွေးချယ်ဖို့ဆိုပြီး ဆုံးဖြတ်ထားပါတယ်။

**မေး။ ။ ပညာသင်နှစ် တစ်နှစ်မှာ ကျောင်းသား ကျောင်းသူဦးရေ ၂၀၀ ပဲ လက်ခံသင်ကြားပေးသွားမှာလားရှင့်။**

ဖြေ။ ။ ဘာဖြစ်လို့ ကျောင်းသား ကျောင်းသူ ၂၀၀ ပဲ လက်ခံရတာလည်းဆိုတော့ ကျွန်မတို့ကျောင်းမှာ စာသင်ကြားဖို့ စာသင်ခန်း အရေအတွက်၊ လက်တွေ့ခန်းတွေရှိတဲ့ အရေအတွက်တွေအပြင် သင်ကြားပေးနိုင်တဲ့ဆရာ၊ ဆရာမ အရေအတွက်တွေအပေါ်မူတည်ပြီးတော့ ကျောင်းသား ကျောင်းသူ ၂၀၀ ကိုပဲ လက်ခံသင်ကြားပေးနိုင်တာ ဖြစ်ပါတယ်။ ကျွန်မတို့ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှာ တက္ကသိုလ်များ လှိုင်နယ်မြေကို ပြောင်းရွှေ့ခဲ့တာ ဖြစ်ပါတယ်။

လက်ရှိ ဒီကျောင်းတည်ဆောက်တဲ့ စီမံကိန်းက အဆောင် နှစ်ဆောင်ပဲ ပြီးသေးတာ ဖြစ်ပါတယ်။ နောက်ထပ် နှစ်ဆောင်က ဒီ ခြောက်လ ဘတ်ဂျက်မှာလည်း ဆက်လက်တည်ဆောက်ဖို့အတွက် ရန်ပုံငွေပါပါတယ်။ နောက်တစ်နှစ် ဘတ်ဂျက်မှာလည်း ကျန်တဲ့ အဆောင် နှစ်ဆောင်ရယ်၊ Hall ခန်းရယ် စီမံကိန်းမှာ ကျန်သေးတဲ့ဟာကို ထည့်ပေးဖို့အတွက် ပညာရေးဝန်ကြီးဌာနနဲ့လည်း ညှိနှိုင်းထားပြီးသားဖြစ်ပါတယ်။

ဒီနောက်ထပ် နှစ်ဆောင်ရယ်၊ Hall ခန်းရယ် အကုန်လုံး ဆောက်လုပ်ပြီးသွားရင်တော့ ကျောင်းသား ကျောင်းသူ ၂၀၀ ထက်မက ပိုမိုလက်ခံနိုင်ဖို့ ကြိုးစားဆောင်ရွက်သွားပါမယ်။ ကျွန်မတို့ ကျောင်းရဲ့ ဦးတည်ချက်က ကျောင်းသား ကျောင်းသူတွေကို စာတွေ့၊ လက်တွေ့သင်ကြားပြီး လက်တွေ့ကိုလည်း ဦးစားပေးပြီးတော့ သင်ကြားပေးပါတယ်။ အဲဒါမှ သူတို့ကလုပ်ငန်းခွင်ထဲမှာ အမှန်တကယ်ကို အကျိုးရှိစွာအလုပ်လုပ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆရာ ဆရာမ ဦးရေ၊ စာသင်ကြားဖို့နေရာတွေအပြင် လက်တွေ့ခန်းမှာ သူတို့လုပ်ဆောင်နိုင်တဲ့ လက်တွေ့ခန်းရဲ့ အရည်အသွေးတွေကလည်း အရေးကြီးတာကြောင့် အဲဒီအပေါ်မှာမူတည်ပြီးတော့ ကျွန်မတို့က ကျောင်းသား ကျောင်းသူ ၂၀၀ ပဲ လက်ခံနိုင်တာ ဖြစ်ပါတယ်။



ပါမောက္ခချုပ် ဒေါက်တာဒေါ်စောစန္ဒာအေး

(ဆက်လက်ဖော်ပြပါမည်)

သတင်းဆောင်းပါး - ဝင်းမီမီဖြိုး
ဓာတ်ပုံ - ရဲထွန်း



ဇွန် ၁၄ ရက် ညပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၇) ရပ်ကွက် ဆည်မြောင်းလမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ရပ်ကွက်နေပြည်သူ ၅၀ ခန့်အား ရန်ကင်းမြို့နယ် မြို့မစခန်းမှူး ဒုရဲမှူးစိုးလှိုင်က မူခင်းကျဆင်းလျော့နည်းပပျောက်ရေးအတွက် ပညာပေးဟောပြောစဉ်။

ကြေးမုံ

## အသက်မွေးဝမ်းကျောင်းသင်တန်းဆင်း

**မှော်ဘီ ဇွန် ၁၆**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကျင်းပသော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံမော်တာစက်ချုပ်သင်တန်းဆင်းပွဲကို ဇွန် ၁၅ ရက်က မှော်ဘီမြို့နယ် သဲဖြူကျေးရွာခန်းမ၌ ပြုလုပ်သည်။

အဆိုပါ သင်တန်းတွင် ဆုရရှိသူ သုံးဦးအား ဆုချီးမြှင့်ခဲ့ပြီး သင်တန်းသူ ၃၀ ဖြင့် မေ ၂ ရက်မှ ဇွန် ၁၅ ရက်အထိ သင်တန်းကာလ တစ်လခွဲကြာ သင်ကြားခဲ့သည်။ လက်ရှိအကျိုးရလဒ်အနေဖြင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)ရှိ GEG နိုင်ငံခြားအထည်ချုပ်စက်ရုံက သင်တန်းသူများအား အရည်အချင်းစစ်ဆေးရာ အားလုံးအောင်မြင်မှုရရှိခဲ့ပြီး အလုပ်ရုံတွင် အလုပ်လုပ်ကိုင်ရန် ဆန္ဒရှိသူ လေးဦးကို အလုပ်ရုံက အလုပ်ခန့်အပ်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**


## ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ကြေညာ

**၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့သို့ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာန ကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့် ပုံစံစာအိတ်ကို ဇွန်လ ၂၅ ရက် (တနင်္လာနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန် ဖြစ်ပါသည်။**

**အဆိုပါ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ဇွန်လ ၂၆ ရက်မှ ဇူလိုင်လ ၂၀ ရက်အထိ (သတ်မှတ်ရက်အတွင်း) စနေနေ့၊ တနင်္ဂနွေနေ့ ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) အောက်ပါတက္ကသိုလ်၊ ကောလိပ်များတွင် လျှောက်လွှာတင်နိုင်ပါသည်-**

(၁) မြစ်ကြီးနားတက္ကသိုလ်
(၂) လွိုင်ကော်တက္ကသိုလ်
(၃) ဘားအံတက္ကသိုလ်
(၄) ဟားခါးကောလိပ်
(၅) မုံရွာတက္ကသိုလ်
(၆) စစ်ကိုင်းတက္ကသိုလ်
(၇) ထားဝယ်တက္ကသိုလ်
(၈) တောင်ငူတက္ကသိုလ်
(၉) ပြည်တက္ကသိုလ်
(၁၀) ပဲခူးတက္ကသိုလ်
(၁၁) မကွေးတက္ကသိုလ်
(၁၂) ပခုက္ကူတက္ကသိုလ်
(၁၃) မန္တလေးအဝေးသင်တက္ကသိုလ်
(၁၄) မိတ္ထီလာတက္ကသိုလ်
(၁၅) မော်လမြိုင်တက္ကသိုလ်
(၁၆) စစ်တွေတက္ကသိုလ်
(၁၇) တောင်ကုတ်ဒီဂရီကောလိပ်
(၁၈) ရန်ကုန်အဝေးသင်တက္ကသိုလ်
(၁၉) တောင်ကြီးတက္ကသိုလ်
(၂၀) လားရှိုးတက္ကသိုလ်
(၂၁) ကျိုင်းတုံတက္ကသိုလ်
(၂၂) ပုသိမ်တက္ကသိုလ်
(၂၃) ဟင်္သာတတက္ကသိုလ်

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်။

အောက်ဖော်ပြပါ တက္ကသိုလ် ၁၁ ကျောင်းသို့ တက်ရောက်လိုသူများသည် သက်ဆိုင်ရာတက္ကသိုလ်မှ နိုင်ငံပိုင်သတင်းစာများတွင် သီးခြားကြော်ငြာခေါ်ယူမည်ဖြစ်ပြီး အဆိုပါတက္ကသိုလ်များ၏ သတ်မှတ်လျှောက်လွှာပုံစံများဖြင့် တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ပါသည်-

(၁) ရန်ကုန်နည်းပညာတက္ကသိုလ်
(၂) မန္တလေးနည်းပညာတက္ကသိုလ်
(၃) နည်းပညာတက္ကသိုလ် (မန္တလေး)
(၄) သတင်းအချက်အလက်နည်းပညာတက္ကသိုလ်
(၅) မန္တလေးကွန်ပျူတာတက္ကသိုလ်
(၆) ရန်ကုန်တက္ကသိုလ်
(၇) မန္တလေးတက္ကသိုလ်
(၈) ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီးနယ်မြေ)
ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)
(၉) ရန်ကုန်ပညာရေးတက္ကသိုလ်
(၁၀) ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
(၁၁) မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၇၆၇၇ နှင့် ၅၂၅၆၁၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)**

# နိုင်ငံအတွင်းရှိ တံတားများကြံ့ခိုင်ရေးနှင့် ထိန်းသိမ်းမှုမြင့်တင်နိုင်ရေး ပြည်ပပညာရှင်များ လာရောက်ဆွေးနွေး



**ရန်ကုန် ဇွန် ၁၆**

မြန်မာနိုင်ငံအတွင်းရှိ တည်ဆောက်ပြီး တံတားများနှင့် တည်ဆောက်ဆဲ တံတားများ ကြံ့ခိုင်မှုရှိရေးနှင့် ထိန်းသိမ်းမှုမြင့်တင်နိုင်ရေးအတွက် အိမ်နီးချင်းတရုတ်နိုင်ငံမှ တံတား တည်ဆောက်ရေး ပညာရှင်များသည် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဆောက်လုပ်ရေး နယ်ပယ်မှ အင်ဂျင်နီယာများအား တွေ့ဆုံဆွေးနွေးမှုတစ်ရပ်ကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ခရေပင်လမ်းရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ရုံး၌ ကျင်းပသည်။

"မြန်မာနိုင်ငံ အင်ဂျင်နီယာ ကောင်စီကို ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်း တချို့တစ်ဝက်နဲ့ ပတ်သက်လို့ ပျက်စီးချို့ယွင်းမှု တစ်စုံတစ်ရာ ဖြစ်ပေါ်လာရင် တတိယ အဖွဲ့အစည်းအနေနဲ့ ဝင်ရောက်စစ်ဆေးပေးဖို့ တာဝန်ပေးတာတွေ ရှိပါတယ်။ တာဝန်ပေးတဲ့အခါ တတိယ အဖွဲ့အစည်းအနေနဲ့ ဝင်ရောက်ဆောင်ရွက်ပေးနိုင်ဖို့ အခုလို တရုတ်အင်ဂျင်နီယာ ပညာရှင်တွေနဲ့ တွေ့ဆုံဆွေးနွေးတာ ဖြစ်ပါတယ်။ ဒီကနေ့ အဓိကဆွေးနွေးတာက နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ တံတားတွေနဲ့ ပတ်သက်ပြီးတော့ ပုံမှန်ဘယ်လိုစစ်ဆေးတယ်၊ စစ်ဆေးတဲ့အခါမှာ တွေ့ရှိချက်တွေအပေါ် ဘယ်လိုပြုပြင်မလဲ၊ ဘယ်လိုထိန်းသိမ်းမလဲ၊ စနစ်တကျဆောင်ရွက်နိုင်ဖို့ စတဲ့ နည်းပညာပိုင်းဆိုင်ရာတွေ ဆွေးနွေးတာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ ချာလီသန်းက ပြောသည်။

ယနေ့ကျင်းပသော ဖိုရမ်မှ ပြည်တွင်း အင်ဂျင်နီယာများအနေဖြင့် တံတားများ တည်ဆောက်ရာတွင် နည်းစနစ်ပိုင်း ဆိုင်ရာမှအစ တည်ဆောက်ပြီးစီးသည်အထိ နိုင်ငံတကာကဲ့သို့ ထိန်းသိမ်းသင့်သော အချက်များကို အဓိကထား ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ ပြည်ပ တံတားဆောက်လုပ်ရေး အင်ဂျင်နီယာများ လာရောက်တွေ့ဆုံဆွေးနွေးချပြမှုသည် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအနေဖြင့် ပထမဆုံးအကြိမ်ဖြစ်ပြီး ယခင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတွင်လည်း ကျင်းပခဲ့ဖူးကြောင်းနှင့် ယခုဖိုရမ်မှ ဆက်နွှယ် ဆောင်ရွက်မှုများကိုလည်း မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် ဆက်လက်ဆက်နွှယ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၌ ပြည်ပတံတားတည်ဆောက်ရေး အင်ဂျင်နီယာများနှင့် ပြည်တွင်း တံတားများ တည်ဆောက်ရေး၊ ကြံ့ခိုင်ရေးနှင့် ထိန်းသိမ်းရေး၊ နည်းစနစ်ပိုင်းဆိုင်ရာမှအစ တိုးမြှင့်ရေး ပထမဆုံးအကြိမ်ကျင်းပသောဖိုရမ်တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာချာလီသန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးနှင့် တံတားတည်ဆောက်ရေးပိုင်းဆိုင်ရာမှ အင်ဂျင်နီယာချုပ်များ၊ အင်ဂျင်နီယာများ၊ တရုတ်နိုင်ငံမှ တံတားတည်ဆောက်ရေး ပညာရှင်များဖြစ်သော Dr. Jiunn- Ming Lin၊ Mr. Penchi Lin နှင့် ပြည်တွင်းဆောက်လုပ်ရေးပိုင်းဆိုင်ရာ အင်ဂျင်နီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ကြေးမုံ**

# ကချင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် မိုးညှင်းအကျဉ်းထောင်စစ်ဆေး

**မြစ်ကြီးနား ဇွန် ၁၆**

ကချင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဒေါ်ပြုံးပြုံးအေး၊ ပြည်နယ်တရားရေးဦးစီးမှူး ဦးတူးမော်တို့သည် မိုးညှင်းခရိုင်နှင့် မြို့နယ်တရားသူကြီးများ လိုက်ပါလျက် ဇွန် ၁၅ ရက် မွန်းလွဲ ၂ နာရီက ပြည်ထောင်စုတရားစီရင်ရေး ဥပဒေနှင့်အညီ မိုးညှင်းအကျဉ်းထောင်သို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် အကျဉ်းထောင် တာဝန်ခံအရာရှိက အကျဉ်းသား အကျဉ်းသူများ၊ အချုပ်ကျခံနေရသူများအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။



ထို့နောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့်အဖွဲ့သည် အကျဉ်းသား အကျဉ်းသူများ၊ အချုပ်ကျခံရသူများ၏ သောက်သုံးရေရရှိမှု၊ နေထိုင်စားသောက်မှု၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးရရှိခြင်း ရှိ၊ မရှိ၊ ကြန့်ကြာသော စစ်ဆေးဆဲတရားခံများ ရှိ၊ မရှိတို့နှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းကာ အကျဉ်းသားများ၏ အဆောင်၊ နေရာထိုင်ခင်း၊ စားဖိုဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့်အဖွဲ့သည် မိုးညှင်းခရိုင်တရားရုံး၌ ခရိုင်အတွင်းရှိတရားသူကြီးများ၊ တရားလွှတ်တော်ရှေ့နေများ၊ အထက်တန်းရှေ့နေများနှင့်တွေ့ဆုံ၍ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# နိုင်ငံတစ်ဝန်း၌ ဆည်၊ ရေလှောင်တမံ ၃၈ ခု ရေပိုလွှဲများမှ ရေကျော်လျက်ရှိ

**နေပြည်တော် ဇွန် ၁၆**

မြန်မာနိုင်ငံ အနှံ့အပြားတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် နိုင်ငံတစ်ဝန်းရှိ ဆည်၊ ရေလှောင်တမံများအနက်မှ ၃၈ ခုမှာ ကန်ရေပြည့်ပမာဏ ကျော်လွန်၍ ရေပိုလွှဲများမှ ရေကျော်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆည်၊ တမံများမှာ ငွေတောင်ရေထိန်းတမံ၊ လိုင်ဗား ရေလှောင်တမံ၊ သီကီရ်ရေလှောင်တမံ၊ မဟာနန္ဒာကန်၊ မြောက်ယမား ရေလှောင်တမံ၊ မြောက်ယမား ရေကူ ရေလှောင်တမံ၊ ကန့်ဒေါင့် ရေလှောင်တမံ၊ ရာဇဂြိုဟ် ရေလှောင်တမံ၊ တောင်နဝင်း ရေထိန်းတမံ၊ ညောင်ကိုင်း ရေလှောင်တမံ၊ ခဝါ ရေလှောင်တမံ၊ မုက္ခာ ရေလှောင်တမံ၊ ဝန်ချောင်း(ကဇွန်းမ)ရေလှောင်တမံ၊ စလင်းရေလှောင်တမံ၊ မုန်းချောင်း ရေလှောင်တမံ၊ မန်းချောင်း ရေလှောင်တမံ၊ ရင်းရှည် ရေလှောင်တမံ၊ ကြီးအုံကြီးဝရေလှောင်တမံ၊ မဒေး ရေလှောင်တမံ၊ ဝန်လို ရေလှောင်တမံ၊ ညောင်ကုန်း ရေလှောင်တမံ၊ လက်ခုပ်ပင် ရေလှောင်တမံ၊ လွန်ငင် ရေလှောင်တမံ၊ ချောင်းကောက် ရေလှောင်တမံ၊ မြောက်ပင်လယ် ရေလှောင်တမံ၊ တောင်ပင်လယ် ရေလှောင်တမံ၊ ပြိုင်းချောင်း ရေလှောင်တမံ၊ ရဟိုင်းကွင်း ရေလှောင်တမံ၊ မင်းသားချောင်း ရေလှောင်တမံ၊ ဂရင်ဂျိုင် ရေလှောင်တမံ၊ ကြက်တက် ရေလှောင်တမံ၊ ရှောက်ချောင်း ရေလှောင်တမံ၊ တမန်းဒူး ရေလှောင်တမံ၊ ခမီကြိမ်ချောင်း၊ ကွန်ချောင်း ရေလှောင်တမံ၊ မမြရေလှောင်တမံ၊ နန်ကသူ ရေလှောင်တမံနှင့် ကညင်ရေလှောင်တမံတို့ ဖြစ်ကြသည်။

မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးရေလျှံမှု ဖြစ်စဉ်များကြောင့် ရေလှောင်တမံများနှင့် ပတ်သက်သည့် ကောလာဟလ သတင်းများကို ပြည်သူများအနေဖြင့် မယုံကြည်ကြရန်နှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများကလည်း ဆည်၊ ရေလှောင်တမံများကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

**☆ ကျောဖုံးမှ**

ယင်းဥပဒေပုဒ်မ ၆(စ)အရ မှတ်ပုံတင်လက်မှတ်လဲလှယ်ခြင်း၊ သက်တမ်းတိုးခြင်းကို ငြင်းပယ်ခြင်းခံရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သတင်းထောက်အသင်းဝင်များအနေဖြင့် နိုင်ငံတော်လုံခြုံရေးအဖွဲ့အစည်းများနှင့် အသွင်သဏ္ဌာန်တူသော ဝတ်စုံများဝတ်ဆင်ခြင်း၊ ဥပဒေမဲ့ ငွေကြေးတောင်းခံခြင်းနှင့် ဥပဒေမဲ့လုပ်ရပ်များ လုပ်ကိုင်ခြင်းတို့ စိစစ်တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်ထဲရေးဝန်ကြီးဌာန**

**○ ပလင်းကမ်းသာယာမှ**

ချင်းတွင်းဖောင်ဖွဲ့ရေးဒေသ လက်ထောက် အထွေထွေမန်နေဂျာ ဦးအောင်ငွေးက ပြောသည်။

အဆိုပါ ပလင်းကမ်းသာယာဆင်စခန်းသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း ချင်းတွင်းဖောင်ဖွဲ့ရေးဒေသအောက်ရှိ ညောင်ဦးဖောင်ဖွဲ့ရေးနယ် ပုလင်းကျေးရွာအနီး ညောင်ဦး-မြင်းခြံ-ပခုက္ကူ ကားလမ်းမကြီးမှ ဆင်စခန်းအတွင်း နှစ်ဖာလုံခန့်သာ ကွာဝေးပြီး ညောင်ဦးမြို့နယ်မှ ငါးမိုင်သာကွာဝေးကြောင်း သိရသည်။

**သတင်း- ကိုထိန်(ငါ့သရောက်)၊ ဓာတ်ပုံ- ဝင်းထိန်**

**✳ ရှမ်းယူနိုက်တက်အသင်းမှ**

ပြသနိုင်ရန် ရုန်းကန်ခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၇ မိနစ်တွင် အဖွင့်ဂိုးရခဲ့သည်။ ဒေးဗစ်ဒန်းကန်တင်ပေးသည့် ပြစ်ဒဏ်ဘောကို နောက်ခံလူ ဝီလျံက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ရှမ်းအသင်းသည် ဂိုးရပြီးနောက်ပိုင်းတွင် ကစားပုံပိုကောင်းလာသလို ပွဲကိုထိန်းချုပ်နိုင်ခဲ့သည်။ မကွေးအသင်းသည် ချေပဂိုးပြန်ရရန် ကြိုးပမ်းသော်လည်း အောင်မြင့်ထွန်းနှင့် မောင်မောင်စိုး တိုက်စစ်အတွဲကို ရှမ်းနောက်တန်းထိန်းချုပ်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ရှမ်းယူနိုက်တက်အသင်းကသာ ပွဲကိုထိန်းချုပ်ထားပြီး ၅၃ မိနစ်တွင် ပင်နယ်တီကန်ခွင့်ရခဲ့သည်။ ရှမ်းအသင်းကန်တင်သည့် ထောင့်ကန်ဘောကို မကွေးအသင်း ဖျက်ထုတ်ရာ လက်ဖြင့်ထိခဲ့သောကြောင့် ပင်နယ်တီကန်ခွင့်ရခဲ့ခြင်းဖြစ်ပြီး ခရစ္စတိုဖာက အမှားအယွင်းမရှိ ကန်သွင်းယူခဲ့သည်။ ပင်နယ်တီပေးခဲ့သည့်ဖြစ်ရပ်ကို ကျေနပ်ခြင်းမရှိသောကြောင့် မကွေးကစားသမားများ ဒိုင်ကိုစောဒကတက်ခဲ့ပြီး ပြင်းထန်စွာတုံ့ပြန်ခဲ့သည့် နိုင်နိုင်ကျော်ကို အနီကတ်ဖြင့် ထုတ်ပယ်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် နောက်ပိုင်းတွင် အနိုင်ရလဒ်ကိုထိန်းကစားကာ သုံးမှတ်အပြည့် ရယူသွားခဲ့သည်။

ဝေဘာလီကွင်း၌ကျင်းပသည့်ပွဲတွင် ရခိုင်နှင့် ရတနာပုံအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ၈၅ မိနစ်တွင် လှိုင်းဘိုဘိုက ရတနာပုံအတွက် ဂိုးစတင်သွင်းယူသော်လည်း မိနစ် ၉၀ တွင် ကောင်းမြတ်ကျော်က ရခိုင်အတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် GFA အသင်းက မြဝတီအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ GFA အသင်းအတွက် အနိုင်ဂိုးများကို ၈၊ ၁၂၊ ၄၄ မိနစ်တွင် ပြုံးချိုက ဟက်ထရစ်သွင်းယူပြီး ကျန်တစ်ဂိုးကို မိနစ် ၉၀ တွင် မန်ထိပ်ပေါင်က သွင်းယူခဲ့သည်။

ပွဲစဉ် (၁၆) ဒုတိယနေ့ကို ဇွန် ၁၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ဇွဲကပင်နှင့် ရန်ကုန်၊ မော်လမြိုင်ကွင်း၌ Southern နှင့် ဧရာဝတီ၊ မုံရွာကွင်း၌ စစ်ကိုင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- စိုးညွန့်**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် ဇွန် ၁၆**

တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကိုဖွင့်လှစ်၍ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇွန် ၁၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၁၂၆၀၊ သွင်းကုန် ၉၀၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၆ စီး၊ သွင်းကုန် ၁၆၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၅ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ်သုည ဒသမ ၃၆ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈ ဒသမ ၂၇၀ သန်းခန့်) စုစုပေါင်းတားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈ ဒသမ ၆၃၀ သန်းခန့်) အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၁၅ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်ကွင်းလမ်းများ၌ ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်စဉ် Dump Truck ယာဉ်တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Refined Sugar (50 kg) (150 Bags)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆ ဒသမ ၈ သန်းခန့်)အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ခေါင်းဆောင် ကင်ဂျုံအန်အနေဖြင့် တိုက်ရိုက်ဖုန်းခေါ်ဆိုနိုင်ရန် သမ္မတ ထရန့်က ဖုန်းနံပါတ်ပေးခဲ့ဟုဆို

**ဝါရှင်တန် ဇွန် ၁၆**
အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်အား နှစ်နိုင်ငံအရေးကိစ္စရပ်များကို နှစ်ဦးသား တိုက်ရိုက်ပြောဆိုဆက်သွယ်နိုင်ရန် ရည်ရွယ်ပြီး ဖုန်းနံပါတ်ပေးခဲ့သည်ဟု သမ္မတ ထရန့်က ယနေ့ ပြောကြားခဲ့သည်။

နှစ်နိုင်ငံအရေးကိစ္စတစ်ခု ပေါ်ပေါက်ပါက ခေါင်းဆောင်နှစ်ဦး အပြန်အလှန် ဖုန်းခေါ်ယူနိုင်သည်ဟု သမ္မတ ထရန့်က ဖောက်စ်နယူးစ်သတင်းအေဂျင်စီနှင့် အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့ကြောင်း သိရသည်။

ဇွန် ၁၇ ရက်တွင် မြောက်ကိုရီးယားနိုင်ငံသို့ ဖုန်းခေါ်ဆိုရန် စီစဉ်ထားကြောင်း သမ္မတ ထရန့်က ဆိုသည်။ သို့သော် သူဖုန်းခေါ်ဆိုမည့်သူမှာ မည်သူမည်ဝါဖြစ်ကြောင်း ပြောဆိုခဲ့ခြင်းမရှိပေ။

ဇွန် ၁၂ ရက်တွင် သမ္မတ ထရန့်နှင့် ခေါင်းဆောင် ကင်ဂျုံအန်တို့ လက်မှတ်ရေးထိုးခဲ့သည့် ပူးတွဲကြေညာချက်တွင် ကိုရီးယားကျွန်းဆွယ်ဒေသတွင်း နျူကလီးယား လက်နက် ကင်းစင်ပပျောက်စေရေးအတွက် ပြုံယမ်းက ကတိပြုခဲ့ကြောင်း ပါရှိသည်။ အပြန်အလှန်အားဖြင့် အမေရိကန်နိုင်ငံက မြောက်ကိုရီးယားနိုင်ငံ လုံခြုံဘေးကင်းရေးအတွက် တာဝန်ယူပါကြောင်း ကတိပြုခဲ့သည်။ **အင်န်အိတ်ချ်ကေ**






# ကက်ရှ်မီးယားဒေသတွင် ဝါရင့်သတင်းထောက်တစ်ဦး သေနတ်ပစ်ခံရ

**နယူးဒေလီ ဇွန် ၁၆**
အိန္ဒိယနိုင်ငံ ကက်ရှ်မီးယားဒေသတွင် လူသိများသော ဝါရင့်သတင်းထောက်တစ်ဦးအား လက်နက်ကိုင်ဆောင်ထားသော အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်သတ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ အခင်းဖြစ်ပွားမှုသည် ကုလသမဂ္ဂအဖွဲ့က ကက်ရှ်မီးယားဒေသတွင် လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ကြေညာခဲ့သည့်နေ့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သတင်းထောက် ရှူဂျက်ဘုခါရီ အလုပ်သို့သွားစဉ် လက်နက်ကိုင်ဆောင်သူ သုံးဦးက သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။ သူ့အား ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့သည်။ သူ့သက်တော်စောင့် နှစ်ဦးလည်း အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးခဲ့ကြောင်း ဒေသန္တရ ရဲအရာရှိများက ဆိုသည်။

အိန္ဒိယရုပ်သံထုတ်လွှင့်ရေးဝန်ကြီးက ယင်းသို့ အကြမ်းဖက်ကာ ဝါရင့်သတင်းထောက်အား လုပ်ကြံသတ်ဖြတ်မှုသည် ရက်စရာအလွန်ပင်ကောင်းကြောင်း ပြောကြားခဲ့သည်။

သတင်းထောက် ရှူဂျက်ဘုခါရီသည် ကက်ရှ်မီးယားအရေးနှင့် ပတ်သက်ပြီး နယ်မြေအငြင်းပွားမှုများကို အဆုံးသတ်ရန် တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သည်။ သူသည် သတင်းစာတစ်စောင်၏ အယ်ဒီတာချုပ်တစ်ဦးဖြစ်ပြီး ဘီဘီစီသတင်းဌာနအတွက် သတင်းဆောင်းပါးများ ရေးသားသူဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့က သတင်းထောက် ရှူဂျက်ဘုခါရီ သေဆုံးသည့်နေ့တွင် ကက်ရှ်မီးယားဒေသတွင်း လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာတစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။ အဆိုပါကြေညာချက်တွင် ကက်ရှ်မီးယားဒေသတွင် စစ်တပ်ဖွဲ့အရေးအတွက် အများအပြား တပ်စွဲထားသည်ဟု အိန္ဒိယနိုင်ငံအား စွပ်စွဲထားသည်။ ပါကစ္စတန်နိုင်ငံအား နယ်မြေအငြင်းပွားမှုနှင့် ပတ်သက်ပြီး နှစ်နိုင်ငံ သဘောထားကွဲလွဲမှုကို ညှိနှိုင်းခြင်းမရှိဘဲ ခေါင်းမာလျက်ရှိသည်ဟု စွပ်စွဲထားသည်။

အိန္ဒိယနိုင်ငံက အဆိုပါ အစီရင်ခံစာပါ စွပ်စွဲမှုများကို ငြင်းပယ်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ဟိုဒေဒါမြို့ တောင်ဘက်ပိုင်းတွင် သူပုန်များတိုက်ခိုက်၍ ယီမင်အစိုးရတပ်ဖွဲ့ဝင် ၁၂ ဦး သေဆုံး

**ဟိုဒေဒါ ဇွန် ၁၆**
ယီမင်နိုင်ငံ ပင်လယ်နီပင်လယ်ဆိပ်ကမ်းမြို့ ဟိုဒေဒါမြို့ရှိ အသုံးမပြုတော့သော လေဆိပ်ဝန်းကျင်တွင် ဇွန် ၁၅ ရက်က ဆော်ဒီအာရေဗျနိုင်ငံ ထောက်ခံမှုပြုထားသည့် ယီမင်အစိုးရတပ်ဖွဲ့များက သူပုန်တို့၏ စခန်းများအား ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ထိုးစစ်ဆင်မှုများကို မြှင့်တင်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ပင်လယ်နီဆိပ်ကမ်းမြို့ ဟိုဒေဒါ၏ တောင်ဘက် စစ်မြေပြင်တွင် ဇွန် ၁၅ ရက်က ယီမင်သူပုန်များ၏ တိုက်ခိုက်မှုကြောင့် အစိုးရတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၁၂ ဦး သေဆုံးခဲ့ကြောင်း ယီမင်စစ်ဘက်နှင့် ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်များက ပြောကြားသည်။

ယီမင်သူပုန်များသည် အစိုးရတပ်များက သိမ်းယူထားသည့် ကမ်းရိုးတန်းဒေသလမ်းမကြီးရှိ ခိုလာနှင့် မော့ခါဆိပ်ကမ်းများကို စတင်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းကြောင့် ယခု ရက်သတ္တပတ် အစောပိုင်းတွင် ဆော်ဒီအာရေဗျနိုင်ငံက ထောက်ခံမှုပြုထားသည့် ယီမင်အစိုးရတပ်ဖွဲ့များက ပင်လယ်နီပင်လယ်ဆိပ်ကမ်းမြို့ ဟိုဒေဒါအနီးသို့ ရှေ့တိုးချီတက်လာခဲ့သည်။

ဟိုဒေဒါမြို့၏တောင်ဘက် ကီလိုမီတာ ၈၀ (မိုင် ၅၀) အကွာတွင် တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီး ရှေ့တန်းဒေသတိုက်ခိုက်မှုများမှာ လမ်းကြောင်းပြောင်းလဲပြီး ဟိုဒေဒါမြို့ရှိ အသုံးမပြုတော့သော လေဆိပ်အနီးသို့ ရောက်ရှိခဲ့သည်။

ယီမင်အစိုးရတပ်ဖွဲ့များက ထိုးစစ်စတင်သည့် ဇွန် ၁၃ ရက်မှစ၍ တိုက်ခိုက်ရေးသမား ဒါဇင်များစွာ သေဆုံးခဲ့ရသည်။

ဆေးဘက်နှင့် စစ်ဘက်ဆိုင်ရာ သတင်းရင်းမြစ်များအရ တိုက်ခိုက်ရေးသမား ၁၃၉ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ပင်လယ်နီဆိပ်ကမ်းမြို့ ဟိုဒေဒါကို ယီမင်သူပုန်များက ၂၀၁၄ ခုနှစ်ကတည်းက ထိန်းချုပ်ထားခြင်းဖြစ်သည်။ ယီမင်သူပုန်များသည် ထိုစဉ်ကတည်းကပင် သမ္မတ မန်ဆာဟာဒီ၏ အစိုးရအဖွဲ့အား မြို့တော်ဆာနားမှ တိုက်ခိုက်ခဲ့ပြီး နိုင်ငံ၏ နယ်မြေအများအပြားကို သိမ်းယူနိုင်ခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံက ဦးဆောင်ပြီး အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)နှင့် အခြားမဟာမိတ်များက ယီမင်နိုင်ငံတွင်းမှ သူပုန်များအား တိုက်ခိုက်ရန် စစ်ရေးအရ ကျူးကျော်ဝင်ရောက်ခဲ့သည်။

ပင်လယ်နီဆိပ်ကမ်းမြို့ ဟိုဒေဒါအား သိမ်းယူရရှိပါက ဆော်ဒီဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့အတွက် ကြီးမားသော အောင်မြင်မှုဖြစ်မည်ဖြစ်ပြီး ထိုးစစ်စတင်ပြီး မကြာမီ ဇွန် ၁၄ ရက်တွင် ယီမင်သူပုန်ခေါင်းဆောင် အဗ္ဗဒယ်မာလက်အယ်လ်-ဟူသီက ၎င်း၏ တပ်ဖွဲ့ဝင်များအား ခုခံတိုက်ခိုက်မှုကို ထိန်းသိမ်းထားရန်နှင့် ပင်လယ်နီကမ်းရိုးတန်းဒေသကို ကျူးကျော်သူတို့အား မြုပ်နှံရာအဖြစ် ပြောင်းလဲပစ်ရန် တိုက်တွန်းခဲ့သည်။

**အေအက်ဖ်ပီ**

# လစ်ဗျားနိုင်ငံ လခြမ်းဒေသရေနံမြေတွင် အကြမ်းဖက်သမားများနှင့် အစိုးရတပ်ဖွဲ့များ တိုက်ခိုက်မှု ၃၄ ဦး သေဆုံး

**ထရီပိုလီ ဇွန် ၁၆**
လစ်ဗျားနိုင်ငံမှ ရေနံထွက်ရှိရာ လခြမ်းဒေသတွင် လစ်ဗျားအစိုးရတပ်ဖွဲ့များနှင့် အကြမ်းဖက်သမားများကြား တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိရာ လွန်ခဲ့သော ၄၈ နာရီအတွင်းတွင် ၃၄ ဦး သေဆုံးခဲ့ကြောင်း လစ်ဗျားစစ်ဘက်သတင်းများ၌ ဖော်ပြသည်။

ယင်းတိုက်ခိုက်မှုအတွင်း လစ်ဗျားတပ်ဖွဲ့ဝင် ၁၄ ဦးသေဆုံးပြီး အကြမ်းဖက်သမား ၂၀ တို့ သေဆုံးကြောင်း ဇွန် ၁၅ ရက် နှောင်းပိုင်းတွင် လစ်ဗျားစစ်ဘက်အရာရှိတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်းရေနံထွက်ရှိရာ လခြမ်းဒေသတွင် အကြမ်းဖက်သမားများ ဒါဇင်များစွာရှိနေကြောင်း ခန့်မှန်းရပြီး ဇွန် ၁၅ ရက် ညနေပိုင်းတွင် ပြုလုပ်ခဲ့သည့်လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုကြောင့် အကြမ်းဖက်သမားများ အရေအတွက်များစွာ သေဆုံးခဲ့ရကြောင်း၊ အကြမ်းဖက်သမားများက တိုက်ခိုက်မှုအတွင်းမှ အလျင်အမြန်ရွှေ့ပြောင်းသွားကြပြီး မိမိတို့အနေဖြင့် ကျန်ရစ်ခဲ့သော ၎င်းတို့၏ လက်နက်တပ်ဆင်ထားသည့် ယာဉ်အပျက်အစီးများကိုသာ ရှာဖွေတွေ့ရှိရကြောင်း အမည်မဖော်ပြသည့် လစ်ဗျားစစ်ဘက် အရာရှိတစ်ဦးက ပြောကြားသည်။

ဘင်ဂါဇီကာကွယ်ရေးတပ်ဖွဲ့ဟု အမည်ပေးထားသည့် အကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ မဟာမိတ် လစ်ဗျားအစိုးရက အလိုရှိနေသည့် ရေနံမြေလုံခြုံရေး အစောင့်တပ်ဖွဲ့အကြီးအကဲဟောင်း အီဘရာဟင်ဂျသန်းတို့က ဇွန် ၁၄ ရက်တွင် လခြမ်းမြေ ရေနံမြေဒေသတွင် လစ်ဗျားအစိုးရတပ်ဖွဲ့များအား တိုက်ခိုက်မှုများ စတင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

လစ်ဗျားအစိုးရပိုင် အမျိုးသားရေနံကော်ပိုရေးရှင်းက ယင်းရေနံမြေဒေသတွင်းရှိ အလုပ်သမားအားလုံးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။ ယင်းသို့ တိုက်ခိုက်မှုများဖြစ်ပွားခြင်းကြောင့် ရေနံစိမ်းစည်ပေါင်း ၂၄၀၀၀၀ ဆုံးရှုံးရကြောင်း အမျိုးသားရေနံကော်ပိုရေးရှင်းက ကြေညာခဲ့သည်။

လစ်ဗျားနိုင်ငံ၏ အကြီးမားဆုံး ရေနံစိမ်းတင်ပို့သည့် ပင်လယ်ဆိပ်ကမ်းများသည် လခြမ်းဒေသအတွင်း၌ တည်ရှိပြီး ယင်းဒေသမှာ မြို့တော်ထရီပိုလီ၏ အရှေ့ဘက် ကီလိုမီတာ ၅၀၀ ခန့်အကွာတွင် ရှိသည်။

အကြမ်းဖက်သမားများ၏ ယင်းတိုက်ခိုက်မှုကို လစ်ဗျားနိုင်ငံတွင်းရှိ ကုလသမဂ္ဂမစ်ရှင်က ပြစ်တင်ရှုတ်ချခဲ့သည်။ **ဆင်ဟွာ**



# ပြင်သစ်အသင်း အုပ်စုအဆင့်အဖွင့်ပွဲစဉ်တွင် ဩစတြေးလျအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိ

ပြင်သစ်အသင်းသည် ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပလျက်ရှိသည့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပွဲစဉ်၏ အုပ်စုအဆင့် ပထမဆုံးပွဲစဉ်တွင် ဩစတြေးလျအသင်းကို အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် နှစ်သင်းစလုံးပင်နယ်တီတစ်ဂိုးစီရရှိခဲ့ကြပြီး ပြင်သစ်အသင်းက ပွဲကစားချိန် ၅၈ မိနစ်တွင်လည်းကောင်း၊ ဩစတြေးလျအသင်းက ပွဲကစားချိန် ၆၂ မိနစ်တွင်လည်းကောင်း ပင်နယ်တီသွင်းဂိုးများရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါသွင်းဂိုးများကို ပြင်သစ်အသင်းအတွက် တိုက်စစ်မှူး ဂရစ်ဇ်မန်းကလည်းကောင်း၊ ဩစတြေးလျအသင်းအတွက် ဂျီဒီနက်ခ်ကလည်းကောင်း အသီးသီးသွင်းယူခဲ့ကြပြီး ပြင်သစ်အသင်းအတွက် အနိုင်ဂိုးကို ပွဲကစားချိန် မိနစ် ၈၀ တွင် ကွင်းလယ်ကစားသမား ပေါ့ဘာက သွင်းယူပေးခဲ့ခြင်းကြောင့် ပြင်သစ်အသင်းက ဩစတြေးလျအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ပြင်သစ်အသင်းသည် အုပ်စုအဆင့်ပွဲစဉ်များအဖြစ် ဇွန် ၂၁ ရက်တွင် ပီရူးအသင်းနှင့်လည်းကောင်း၊ ဇွန် ၂၆ ရက်တွင် ဒိန်းမတ်အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။





# စီရိုနယ်လ်ဒို၏ ဟက်ထရစ်သွင်းဂိုးကြောင့် ပေါ်တူဂီအသင်း သရေတစ်မှတ်ရရှိခဲ့

ကမ္ဘာ့ဖလားအုပ်စုအဆင့်ပွဲစဉ်တစ်ပွဲဖြစ်သည့် ပေါ်တူဂီအသင်းနှင့် စပိန်အသင်းတို့၏ ပွဲစဉ်တွင် ပေါ်တူဂီအသင်းသည် တိုက်စစ်မှူးစီရိုနယ်လ်ဒို၏ ဟက်ထရစ်သွင်းဂိုးကြောင့် သရေတစ်မှတ်ရရှိခဲ့သည်။

ပေါ်တူဂီအသင်းနှင့် စပိန်အသင်းတို့၏ ပွဲစဉ်တွင် ပေါ်တူဂီအသင်းသည် ပွဲကစားချိန် ၄ မိနစ်တွင် ရရှိခဲ့သည့် ပင်နယ်တီသွင်းဂိုးကို တိုက်စစ်မှူးစီရိုနယ်လ်ဒိုက တိကျသေချာစွာ ဂိုးအဖြစ်ပြောင်းလဲသွင်းယူနိုင်ခဲ့ခြင်းကြောင့် ပေါ်တူဂီအသင်းမှာ ဦးဆောင်ဂိုးစတင်ရရှိခဲ့သည်။

သို့ရာတွင် ပွဲကစားချိန် ၂၄ မိနစ်တွင် စပိန်တိုက်စစ်မှူး ဒီယေဂိုကော်စတာက ချေပဂိုးသွင်းယူပေးခဲ့ပြီး ပွဲကစားချိန် ၄၄ မိနစ်တွင် တိုက်စစ်မှူး စီရိုနယ်လ်ဒိုကပင် ပေါ်တူဂီအသင်းအတွက် နောက်တစ်ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ပထမပိုင်းပွဲကစားချိန်ပြီးနောက် ပေါ်တူဂီအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။

စပိန်အသင်းသည် တိုက်စစ်၊ ကွင်းလယ်၊ နောက်တန်း စည်းချက်ညီစွာ ကစားလာခဲ့မှုနှင့်အတူ ပွဲကစားချိန် ၅၅ မိနစ်တွင် တိုက်စစ်မှူး ဒီယေဂိုကော်စတာကပင် စပိန်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုလည်းကောင်း၊ ပွဲကစားချိန် ၅၈ မိနစ်တွင် နာချို့က လည်းကောင်း သွင်းယူနိုင်ခဲ့ခြင်းကြောင့် စပိန်အသင်းက မိနစ် ၈၀ ကျော်အထိ တစ်ဂိုးအသာဖြင့် ကစားနိုင်ခဲ့သည်။ သို့ရာတွင် ပွဲကစားချိန် ၈၈ မိနစ်တွင် တိုက်စစ်မှူးစီရိုနယ်လ်ဒိုက ရရှိလာခဲ့သည့် အလွတ်တည်ကန်ဘောလုံးကို ပိုင်ပိုင်နိုင်နိုင်အသုံးချကာ ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့ခြင်းကြောင့် ပေါ်တူဂီအသင်းက ချေပဂိုးရရှိခဲ့ကာ ပွဲပြီးချိန်တွင် တစ်ဖက်သုံးဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့ခြင်းဖြစ်သည်။

# မန်ယူအသင်း ဂိုးသမား ဒီဂီယာအား ငါးနှစ်သက်တမ်းရှိစာချုပ်သစ်ကို သဘောတူညီ

လက်ရှိကမ္ဘာ့ဖလားပြိုင်ပွဲတွင် စပိန်အသင်းနှင့်အတူ ပါဝင်ကစားလျက်ရှိသည့် မန်ယူဂိုးသမားဒီဂီယာသည် မန်ယူအသင်းနှင့် ငါးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် သဘောတူညီထားကြောင်းသိရသည်။

ဂိုးသမားဒီဂီယာအား ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန်ပစ်မှတ်ထားနေခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း မန်ယူအသင်းက ငြင်းဆိုခဲ့ခြင်းကြောင့် ဇာတိမြေစပိန်သို့ မရောက်ရှိခဲ့ရခြင်းဖြစ်သည်။

ဒီဂီယာအနေဖြင့် ၂၀၁၅ ခုနှစ်အတွင်းက ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း လက်ရှိတွင် ရီးယဲလ်မက်ဒရစ်အသင်းက ပြောင်းရွှေ့ကြေးပေါင် သန်း ၁၀၀ ဖြင့် ကမ်းလှမ်းလာခဲ့မှုကိုပါ ငြင်းဆိုခဲ့ကာ မန်ယူအသင်းနှင့် ငါးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းနည်းပြ မော်ရင်ဟိုကလည်း ဂိုးသမားဒီဂီယာအား နံပါတ်တစ်ဂိုးသမားအဖြစ် သတ်မှတ်ထားခြင်းကြောင့် ရောင်းချလိမ့်မည်မဟုတ်ကြောင်းပြောကြားခဲ့ပြီးနောက် ဒီဂီယာကလည်း အိုးထရက်ဖို့ဒ်တွင် ဆက်နေရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။





# တိုက်စစ်မှူး ဂါရတ်ဘေးလ် ဘာနေဗျူးတွင် ဆက်ရှိမည်ဟုဆို

ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် ယခုနွေရာသီ အပြောင်းအရွှေ့ကာလအတွင်း တခြားအသင်းသို့ ပြောင်းရွှေ့ကစားမည်မဟုတ်ဘဲ ဘာနေဗျူးတွင် ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် နည်းပြဇီဒန်း အသင်းမှ ထွက်ခွာသွားခဲ့ပြီးနောက် နည်းပြသစ်လက်ထက်တွင် ဆက်လက်ကစားရန်ဆန္ဒဖြစ်ပေါ်နေခြင်းကြောင့် အသင်းမပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝေးလ်တိုက်စစ်မှူး ဂါရတ်ဘေးလ်၏ လက်ရှိစာချုပ်သက်တမ်းသည် ၂၀၂၂ ခုနှစ်အထိ ဘာနေဗျူးတွင် ဆက်ရှိနေမည်ဖြစ်သောကြောင့် ရီးယဲလ်မက်ဒရစ်အသင်းတွင် အကောင်းဆုံးလွှမ်းမိုးထားနိုင်မည့်ကစားသမားအဖြစ်လည်း သတ်မှတ်ခံထားရပြီး လီဗာပူးအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်တွင်လည်း ဂါရတ်ဘေးလ်က နှစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်း ချန်ပီယံလိဂ်ဖလားရရှိခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် အဆိုပါပွဲစဉ်ပြီးနောက် ပထမဆုံးပွဲထွက်မကစားခဲ့ရခြင်းကြောင့် အသင်းပြောင်းရွှေ့မည်ဟု သတင်းများထွက်ပေါ်ခဲ့သည့်အပြင် မန်ယူအသင်းကလည်း ပရီမီယာလိဂ်သို့ ခေါ်ယူမည်ဟု ဆိုခဲ့သည်။ သို့ရာတွင် ရီးယဲလ်က နည်းပြသစ် ခန့်အပ်ခဲ့ပြီးနောက် ဘာနေဗျူးတွင် ဆက်နေမည်ဟု ဂါရတ်ဘေးလ်က ပြောကြားခဲ့သည်။

ငွေကြယ် - ရေးသားသည်

# ရှေးရှေးတုန်းက ဟင်းချိုမှုန့်

မောင်ပြည့်အောင်

ကျန်းမာရေးပညာပေးစာစောင်များ၊ သတင်းစာ၊ ဂျာနယ်နှင့် ရုပ်သံအစီအစဉ်များတွင် အချိုမှုန့် (မိုနိုဆိုဒီယမ်ဂလူတမိတ်- MSG) ၏ ဆိုးကျိုးများနှင့် နောက်ဆက်တွဲခံစားရမည့် ရောဂါဝေဒနာများကို ပညာပေးဖော်ပြကြပြီး စားသုံးရန်မသင့်ကြောင်း အကြံပြုကြသည်ကို တွေ့ကြရမည်ဖြစ်၏။ အကြံပြုချက်များမှာ ကြောင်းကျိုးဆီလျော်သည့်အပြင် လက်ခံနိုင်ဖွယ်ရာလည်းရှိပါသည်။သို့သော်လည်း စားသောက်ကုန်ပစ္စည်းတစ်ခုအဖြစ် ဈေးကွက်တွင် နေရာယူထားပြီးဖြစ်သည်သာမက သုံးစွဲရင်းရှိပြီးဖြစ်သော အချိုမှုန့်ကိုမသုံးလျှင် ဘာကို သုံးကြရမည်နည်း။ ကြော်ငြာအားကောင်းကောင်းဖြင့် ကြော်ငြာနေသော ဟင်းခတ်မှုန့် ဆိုသည်များကို သုံးရမည်လား၊ ထိုဟင်းခတ်မှုန့်ဆိုသည်များတွင်လည်း အချိုမှုန့်မပါဘူးဟူ၍ ဆိုနိုင်မည်လား စသည်စသည်ဖြင့် မေးစရာ ရှိလာပါသည်။

အချိုမှုန့်ကိုမစားလျှင် ဘာကိုစားရမည်နည်း ဆိုသည်ကိုသိဖို့ရာတွင် အချိုမှုန့်မပေါ်ခင်က ဟင်းလျာများကို မည်သို့ ချက်ပြုတ်စားခဲ့ကြသည်ကိုသိရလျှင် အထောက်အပံ့ဖြစ်နိုင်သည်ဟု ယူဆပါသည်။ ထိုစဉ်က မည်သို့စားခဲ့ကြသည်ကို သိသောသူများလည်း ယနေ့ခေတ်တွင် အလွန်နည်းပါးနေပြီဖြစ်၏။

စာရေးသူတို့ငယ်စဉ်က ကျေးလက်မှအိမ်များတွင်ရော မြို့ပြမှအိမ်များတွင်ပါ ကျပ်ခိုးစင်ဆိုသည်များရှိပါသည်။ ကျပ်ခိုးစင်ဆိုသည်မှာ ထမင်းအိုးဟင်းအိုးတည်သော မီးဖိုလေးများ၏အပေါ် တည့်တည့် ရင်စို့သာသာ လက်လှမ်း၍မီနိုင်သည့် အမြင့်ခန့်တွင် ထောင့်လေးထောင့်ကို ကြိုးဖြင့်ဆိုင်း၍ ဆွဲထားသော ခပ်ကျဲကျဲဝါးကတ်လေးတစ်ခုပင်ဖြစ်၏။ အကျယ်အားဖြင့် နှစ်တောင် (သုံးပေဝန်းကျင်) ပတ်လည် ခန့်ရှိပေမည်။ ထိုကျပ်ခိုးစင်ကလေးများသည် စာရေးသူတို့ အိမ်ရှင်မများအတွက် ထိုအချိန်က အလွန်ပင်အရေးပါ၏။ ပိုးထိုးတတ်သော အိမ်အသုံးအဆောင်ပစ္စည်းလေးများ၊ အခြောက်ခံရန်လိုအပ်သည့် ဆေးမြစ် ဆေးဥလေးများကို ထိုကျပ်ခိုးစင်လေးပေါ်တွင် တင်ထားကြ၏။ လယ်ထဲချောင်းထဲမှရသော ငါးကျည်းလေးများကို ဝါးသီတံလေးဖြင့် စီစီရီရီ သီထိုးပြီး တွဲလောင်းလေး ဆွဲထား၊ ရွာထဲတွင်ပေါ်သော အသားကောင်းလေးများ၊ တောထဲကရသည့် တောကောင်သားလေးများကို ဝါးတံစို့လေးဖြင့် ထိုးလျက် ထိုကျပ်ခိုးစင်လေးများတွင် ချိတ်ဆွဲထားလေ့ရှိကြ၏။ ချောင်းရိုးမြောင်းရိုးများမှရသော ပုစွန်လေးများထဲမှ ခပ်ရွယ်ရွယ် ခပ်ကြီးကြီးများကိုရွေး၍ ခေါင်းချိုး အမြီးချိုးကာ ဆန်ခါခုံးလေးတစ်ခုတွင်ထည့်ပြီး ကျပ်ခိုးစင်လေးပေါ်တင်ထားကြ၏။ ပုစွန်ဆိတ်ကလေးများကိုမူ ဆုံထဲတွင်မညက်တညက်မျှသာ ထောင်း၍ ဆားသင့်ရုံထည့်ကာ စဉ့်အိုးခပ်ရွယ်ရွယ်ထဲတွင် ဖိသိပ်သွတ်၍ မျှင်ငါးပိလုပ်ထားလိုက်ကြသည်။

အောက်တွင် မီးဖိုရှိသောကြောင့် ထိုထိုသော အသားလေးငါးလေးများ၊ ပုစွန်လေးများသည် သုံးလေးရက်မျှကြာလျှင်ပင် မာမာခြောက်ခြောက်အခြေအနေသို့ ရောက်ရှိသွားတော့၏။ ကျပ်ခိုးစင်တွင် ချိတ်ဆွဲတင်ထားပြီး အသားငါး စသည်များကို ခြောက်သွေ့စေသည့်အတွက် နှောင်းပိုင်းကာလများ၌ ဤနည်းဖြင့် ခြောက်သွေ့အောင်လုပ်လျှင် ကျပ်တင်သည်၊ ကျပ်တိုက်သည်ဟူ၍သုံးနှုန်းခဲ့ကြလေသည်။ ခြောက်သွေ့ပြီ ဖြစ်သော ငါးကျပ်တိုက် အသားကျပ်တိုက်လေးများကို အိုးငယ်များ၊ ဘူးငယ်များအတွင်း လေလုံစေရန် စီမံ၍ သိမ်းဆည်းထားကြသေး၏။ မီးဖိုပေါ်တွင်ချိတ်ဆွဲထားသော ကျပ်ခိုးစင်ဆို၍ မည်းမည်းတူးတူး ဖုန်မှုန့်အလိမ်းလိမ်းနှင့် ဖြစ်နေလိမ့်မည်ဟု ထင်မြင်ယူဆဖွယ်ရာရှိသော်လည်း ထိုခေတ်ထိုအချိန်က ဝီရိယကောင်းလှသော အိမ်ရှင်မများ၏ နိစ္စဓူဝဂရုတစိုက် သန့်ရှင်းထားမှုကြောင့် ညီညီတင်းတင်း ဖုန်မှုန့်ကင်းသည့် ကျပ်ခိုးစင်များသည် အိမ်၏ ကျက်သရေဆောင်များပင်ဖြစ်ခဲ့လေသည်။

ဟင်းရွက်ဟင်းသီးလေးများကို ဆန်ကောဆန်ခါများတွင်ထည့်၍ အိမ်ရှင်မများ ဟင်းချက်ချိန်တွင် ထိုထိုသော ငါးကျည်းကျပ်တိုက်၊ အသားကျပ်တိုက်လေးများကို လိုအပ်သလောက် ဖဲ့ခြွေယူပြီး ဆုံမှာထည့်လျက် ညက်ညက်ကျေအောင် ထောင်းလိုက်သောအခါ၊ ဟင်းချိုဖို့အရေး ထည့်ခပ်လို့ ပေးနိုင်သည့် ဟင်းချိုမှုန့်လေးများ ဖြစ်သွားလေတော့၏။ ဟင်းကိုချိုစေသော အမှုန့်လေးများဖြစ်၍ ဟင်းချိုမှုန့်ဟူ၍ ရိုးရိုးလွယ်လွယ် ဆိုခဲ့ကြဟန်ရှိပါသည်။ သဘာဝဟင်းချိုမှုန့်လေးများကိုခတ်၊ ဆားလေးသင့်ရုံမျှထည့်ကာ၊ မနှစ်ကစဉ့်အိုးလေးတွင် ထည့်သိပ်ထားသော မျှင်ငါးပိလေးများကို၊ ဟင်းရည်လေးဖြင့် ဖျော်၍ ဟင်းအိုးအတွင်း ထည့်လျက် ရောသမမွှေလိုက်သောအခါတွင် အသီးအရွက်၏ မူလအာဟာရမပျက် ချိုမြမြအရသာရှိသည့် ဟင်းရည်ချိုနှင့် အသီးအရွက်ကြော်လေးများကို ရပါတော့သည်။

"အကျွန်ကျွန်ုပ် ယုန်တထုပ်ကို၊ ခွာဆုတ်ရေလှန် ကျပ်ခိုးခံ၍၊ ပရန္နဝါရွက်နုညှာကို" ဟူ၍ ဖွဲ့သီထားသော အလယ်တန်း မြန်မာကဗျာထဲမှ "ချိုပေစွဟင်းချို"ဟူသော ကဗျာလေးကို ပြေး၍သတိရလျက် ခံစားမိကြမည်ထင်ပါသည်။ အသားငါး ဟင်းလျာများကို ချက်ပြုတ်ရာတွင်မူ အသားငါးများ၌ မူလအချိုအရသာ ရှိပြီးဖြစ်၍ ဆားလေးသင့်ရုံ မျှင်ငါးပိလေးမျှတရုံဖျော်ထည့်ပြီး မူလအချိုဓာတ်ကို အားထားစားသုံးခဲ့ကြပါသည်။

စာရေးသူတို့အရွယ်ရောက်သောအချိန် ကျောင်းသားဘဝ၌ မီးဖိုချောင်မှ ကျပ်ခိုးစင်လေးများ ခေတ်ကာလအလျောက် မရှိကြတော့ချေ။ သို့သော်လည်း ဈေးများတွင် ငါးကျည်းကျပ်တိုက် အသား ကျပ်တိုက်လေးများနှင့် ပုစွန်ခြောက်လေးများကို သူတကာတတ်နိုင်သော လက်လှမ်းမီသည့် ဈေးနှုန်းဖြင့် ဝယ်၍ရနိုင်ပါသေးသည်။ ထိုစဉ်က စာရေးသူတို့မိသားစု၏ အိုးသူကြီးဖြစ်သည့် ကြီးတော်ကြီးက ဈေးထဲမှဝယ်၍ မီးသွေး မီးဖိုတွင် ထပ်မံကျပ်တင်လေ့ရှိသည်ကို မှတ်မိပါသေးသည်။ ခြောက်ခြောက်သွေ့သွေ့ ပုလင်းကြီးတစ်လုံးထဲတွင် ထည့်ထားပြီး ဟင်းခတ်ဖို့လိုသည့်အခါတွင်မှ ထပ်မံ၍ မီးလေးနည်းနည်းပြ ဆုံမှာထည့်ထောင်းလျက် ဟင်းချိုမှုန့်အဖြစ် သုံးလေသည်။ အသားမှုန့် ငါးမှုန့် စစ်စစ်များကို ဟင်းခတ်မှုန့် ဟင်းချိုမှုန့်အဖြစ် သုံးခဲ့ကြ၏။ ကျန်းမာရေးလည်းကောင်းခဲ့ကြပါ၏၊ အသက်များလည်း ရှည်ကြပါသည်။ ဆန်းဆန်းပြားပြား ရောဂါများကိုလည်း ကြားရမြင်ရခဲသည်မှာ အမှန်ပင်ဖြစ်၏။ လက်လှမ်းမီသူများ တွေးမိမြင်မိမှတ်မိကြမည်ထင်ပါသည်။

အချိုမှုန့်မပေါ်ခင်က စာရေးသူတို့သည် သဘာဝငါးမှုန့်၊ အသားမှုန့်စစ်စစ်များကို ကိုယ်ကိုယ် တိုင် ပြုပြင်ဖန်တီး စားသုံးခဲ့ကြပါသည်။ ကိုယ်တိုင်ပြုလုပ်ခဲ့သည်မို့ အစစ်ဖြစ်ကြောင်း အာမခံချက်လည်း အပြည့်အဝရှိသည်။ သက်ရှည်ကျန်းမာသည့် ကောင်းကျိုးများကိုလည်း ရခဲ့ကြ၏။ သို့ဖြစ်သောကြောင့် (ကျပ်ခိုးစင်လေးထက် အဆများစွာသာသော၊ ခေတ်မီမီးဖိုချောင်သုံး အခြောက်ခံစက်များ၊ အသားငါးကင်သောစက်များ၊ အမှုန့်ပြုလုပ်သော ကိရိယာများ ထွန်းကားနေပြီဖြစ်၍) ကိုယ်ကိုယ်တိုင်လုပ်သော (ရှေးရှေးတုန်းက ဟင်းချိုမှုန့်လေးကဲ့သို့ ကျန်းမာရေးအာမခံချက် အပြည့်အဝရှိသော) ငါးမှုန့် အသားမှုန့်များကို စားသုံးကြပါစို့ဟု" တိုက်တွန်းလိုပါသည်။ ။

> အချိုမှုန့်မပေါ်ခင်က စာရေးသူတို့သည် သဘာဝငါးမှုန့်၊ အသားမှုန့်စစ်စစ်များကို ကိုယ်ကိုယ်တိုင် ပြုပြင်ဖန်တီး စားသုံးခဲ့ကြပါသည်၊ ကိုယ်တိုင်ပြုလုပ်ခဲ့သည်မို့ အစစ်ဖြစ်ကြောင်း အာမခံချက်လည်း အပြည့်အဝရှိ...



## ပဲခူးမြို့တွင် လူငယ်နှင့်ပရဟိတ ခေါင်းစဉ်ဖြင့်ပြည်သူ့စကားဝိုင်းကျင်းပ

**ပဲခူး ဇွန် ၁၆**

ပဲခူးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ လူငယ်နှင့်ပရဟိတ ခေါင်းစဉ်ဖြင့်ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ပဲခူးမြို့ သီရိဟံသာခန်းမ၌ ဇွန် ၁၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ဓမ္မပါလဖောင်ဒေးရှင်း၏ အကျိုးတော်ဆောင်ချုပ် ဆရာတော်၊ ဂုဏ်ထူးဆောင်ကိုးဘွဲ့ရအရှင်ပါကဋ္ဌာလင်္ကာရက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးပိုင်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။


ယင်းနောက် လူငယ်နှင့် ပရဟိတခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကျင်းပရာ ဓမ္မပါလဖောင်ဒေးရှင်း၏ အကျိုးတော်ဆောင်ချုပ်ဆရာတော်၊ ဂုဏ်ထူးဆောင်ကိုးဘွဲ့ရ အရှင်ပါကဋ္ဌာလင်္ကာရက ပရဟိတလုပ်ငန်းများနှင့် ယနေ့ခေတ်လူငယ်များပါဝင်ဆောင်ရွက်နိုင်မှု အခြေအနေများကိုလည်းကောင်း၊ ပဲခူးမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင်က ပရဟိတလုပ်ငန်းများနှင့် ပြည်သူ့အကျိုးဆိုင်ရာများကို လည်းကောင်း၊ ဧရာရွှေဝါကုမ္ပဏီ (CFO)Chief Finance Officer က လူငယ်နှင့် ပရဟိတအမြင်ဆိုင်ရာများကိုလည်းကောင်း၊ သန္တိသုခဗုဒ္ဓဝေယျာဝစ္စနှင့်သာသနာပြုအသင်းနာယကသီရိသုဓမ္မသိင်္ဂီ၊ သီဟသုဓမ္မသိင်္ဂီဒေါ်လှကြည်က ပရဟိတလုပ်ငန်းများ၏ အကျိုးသက်ရောက်မှုများကို လည်းကောင်း၊ စေတနာ့အလင်းအိမ်ပညာဒါနသင်တန်းကျောင်း ဥက္ကဋ္ဌ ဦးချမ်းမြေ့ဇော်က ယနေ့ခေတ်လူငယ်များ၏ပရဟိတအမြင်များကိုလည်းကောင်း အသီးသီးဆွေးနွေးကြကြောင်း သိရသည်။

ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူးကျင်းပသော ပြည်သူ့စကားဝိုင်းအား ဒီမိုကရေစီစနစ်၏အင်္ဂါရပ်များနှင့်အညီ အများပြည်သူနှင့် အစိုးရတာဝန်ရှိသူများအကြား ဆွေးနွေးတိုင်ပင်ရမည့် အကြောင်းကိစ္စများကို ဆွေးနွေးပြောကြားနိုင်သည့်အခွင့်အလမ်းများအား ဖော်ဆောင်ပေးနိုင်ရန်၊ မိမိရပ်ရွာဒေသ၌ ဖြစ်ပေါ်နေသည့်အကြောင်းအရာများကို အများပြည်သူကြားတွင် ဆွေးနွေးမှုများရှိလာစေရန်၊ ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးပိုင်က ပြောသည်။






အဆိုပါအခမ်းအနားသို့ဦးဆောင်ဆွေးနွေးမည့်သူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ဌာန ဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပရဟိတအသင်းအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**













# သဒ္ဒါမချို့ သစ္စာသို့တိုင်တည် ခွန်းတုံ့လှယ်စကား

uldifo



ဓာတ်ပုံ- Washington times

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်တို့၏ ထိပ်သီးဆွေးနွေးပွဲ၌ ကိုရီးယားကျွန်းဆွယ်တွင် အဏုမြူလက်နက်ကင်းစင်ရေးအတွက် ဦးတည်လုပ်ဆောင်သွားမည်ဟု ခေါင်းဆောင်ကြီးကင်က ကတိကဝတ်ပြုခဲ့ခြင်းမှာ မကြုံစဖူး ထူးထူးကဲကဲ အာမဝန္တာပြုချက်အဖြစ် ကမ္ဘာသူ ကမ္ဘာသားတို့က အကောင်းဘက်မှ ရှုမြင်ကြ၏။ စင်ကာပူနိုင်ငံ၌ ဝှဲချီးသဘင်ဆင်ယင် ကျင်းပခဲ့သော ထိုထိပ်သီးဆွေးနွေးပွဲမှာ သမိုင်း၏ဖြစ်စဉ်တစ်ရပ်အဖြစ် ကမ္ဘာက အသိအမှတ်ပြုကြ၏။

သမ္မတထရန့်နှင့် ခေါင်းဆောင်ကြီးကင်တို့သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ စစ်ရေးခြိမ်းခြောက်မှုများကို တစ်နှစ်ကြာမျှ အပြန်အလှန်ပြုလုပ်ခဲ့ကြပြီးနောက် သမိုင်းဝင်သမိုင်းတွင်ရစ်မည့် တွေ့ဆုံဆွေးနွေးမှုကို ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ပေရာ နှစ်နိုင်ငံခေါင်းဆောင်များက ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ခြေလှမ်းပြင်ရာရောက်သည်ဟု ကျွန်ုပ် ရှုမြင်မိလေသည်။

## စိတ်ကောင်း စေတနာကောင်း

အမေရိကန်နှင့် မြောက်ကိုရီးယားတို့သည် ဝါဒသဘောတရားရေးအရ ကာလကြာရှည် ရန်သတ္တရုပြုခဲ့ကြသော နိုင်ငံများဖြစ်ခဲ့ကြသည့်တိုင်အောင် ကမ္ဘာ့ငြိမ်းချမ်းရေးကို ဦးတည်လျက် စိတ်ကောင်း စေတနာကောင်းဖြင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ခြင်းသည် နှစ်နိုင်ငံခေါင်းဆောင်များအတွက် အမြော်အမြင် ကြီးမားရာ ရောက်ပေလိမ့်မည်။

ဤတွင် ရွေ့ကား ကမ္ဘာ့နိုင်ငံတိုင်းသည် 'မှားမှားမှန်မှန် ငါ့နိုင်ငံ'ဟူသော အယူအဆအရ နိုင်ငံတကာ ဆက်ဆံရေးတွင် ခေါင်းငုံ့မခံဘဲ အပြန်အလှန် နှုတ်လုံ့ထိုးခြင်းနှင့် ရန်စလှုံ့ဆော်ခြင်းတို့ ရှိခဲ့ကြသည့် တိုင်အောင် ပြည်သူ့အကျိုးစီးပွား ဦးထိပ်ထားရေးကို အန္တိမရည်မှန်းချက်အဖြစ် ထားရှိခြင်းမှာ မဟာခေါင်းဆောင်၏ တာဝန်တစ်ရပ်ဖြစ်လိမ့်မည်ဟု ကျွန်ုပ်ထင်မြင်မိလေသည်။

မဟာခေါင်းဆောင်အဖြစ် ပြည်သူ့အကျိုးငှာ တာဝန်ကြီးကြီးယူရမည်မှာလည်း ထင်ရှားလှသည်။ ပြည်သူများ၏ ထာဝရအကျိုးစီးပွားအတွက် အစဉ်သယ်ပိုးနိုင်ရန် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိရပေလိမ့်မည်။

ကွန်မြူနစ် မြောက်ကိုရီးယားနိုင်ငံအပေါ် စိတ်ကောင်း စေတနာကောင်း ထားရှိမှု၏ ပြယုဂ်တစ်ရပ်အဖြစ် တောင်ကိုရီးယားနိုင်ငံနှင့် ပူးတွဲပြုလုပ်သည့် စစ်ရေးလေ့ကျင့်မှုများကို ရပ်ဆိုင်းမည်ဟု သမ္မတ ထရန့်က ကြေညာလေသောအခါ ရန်စလှုံ့ဆော်မှုကို အဆုံးသတ်သည့် လက္ခဏာအဖြစ် ယူဆရ၏။ သို့ရာတွင် ယင်းကြေညာချက်အား ဖွင့်ဟခြင်းမရှိမီ သမ္မတထရန့်က တောင်ကိုရီးယား အစိုးရအဖွဲ့ကို ကြိုတင်အသိပေးခြင်းမရှိခဲ့ပေ။ သို့ရာတွင် ကောင်းမြတ်သော ရည်ရွယ်ချက်ဖြင့် ပြောဆိုခြင်းဖြစ်သဖြင့် ငြိမ်းချမ်းရေးအတွက် ခြေလှမ်းတစ်လှမ်းအဖြစ် ကြိုဆိုထိုက်လှသည်သာတည်း။

စင်ကာပူထိပ်သီး ဆွေးနွေးပွဲမှာ ငြိုးငြိုးငြိမ့်ငြိမ့် ငြိမ့်ညောင်းသာယာစွာ ပေါ်ထွက်လာသော ကြွေးကြော်သံများကို ကမ္ဘာ့နိုင်ငံများက ကြားသိရသည့်အခိုက် အရှေ့တိုင်းနှင့် အနောက်တိုင်း ခေါင်းဆောင်များ ပေါင်းဆုံရာ ယင်းဆွေးနွေးပွဲ၏ရလဒ်မည်သို့ အကောင်အထည်ပေါ်လာမည်ကို ပိုင်းခြားစိတ်ဖြာ သုံးသပ်ရန် ရှိလာလေပြီ။

ထိပ်သီးဆွေးနွေးပွဲ၌ တစ်ပြိုင်နက်တစ်ချက်တည်း ခေါင်းဆောင်နှစ်ဦးတို့၏ လိုအင်ဆန္ဒများ တစ်လုံးတစ်ဝတည်း ပြည့်ဝခဲ့ကြလေသလော၊ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် သူတို့နှစ်ဦး အမှန်တကယ်ပင် ကြိုးပမ်းလုပ်ဆောင်ကြတော့မည်လော၊ ထိပ်သီးဆွေးနွေးပွဲနောက်ကွယ်တွင် ရှိနေသော ကန့်လန့်ကာ ပိတ်ကားများက မည်သည့်ပုံရိပ်တို့ကို ဖော်ကျူးထားပါသနည်း အစရှိသည့် အမေးပုစ္ဆာများက စီရရီ ပေါ်ထွက်လာ၏။

ဤတွင် ရွေ့ကား ထိပ်သီးဆွေးနွေးပွဲ၏ ဖြစ်ပေါ်အံ့သော အကျိုးတရားများ မည်သို့တိုးပွားလာနိုင်ပုံကို ကျွန်ုပ်တို့ ပိုင်းခြားစိတ်ဖြာ သုံးသပ်သင့်ရာသတည်း။

## ကင်ဂျုံအွန်၏ ပုံရိပ်လွှာ

အရှေ့အာရှတွင် ကိုရီးယားကျွန်းဆွယ်၏ မြောက်ဘက်ပိုင်းတစ်ခြမ်းကို ပိုင်စိုးသော ခေါင်းဆောင်ကြီးကင်မှာ အဏုမြူတန်ခိုးရှင် နိုင်ငံတော်၏ အရှင်သခင်အဖြစ် ရပ်တည်လျက် ကမ္ဘာ့စူပါ မဟာအင်အားကြီး နိုင်ငံ၏ အာဏာလက်ရှိ သမ္မတတစ်ဦးနှင့် ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးနိုင်သူအဖြစ် ကမ္ပည်းမော်ကွန်း ရေးထိုးနိုင်ပေပြီ။

လက်ရှိခေါင်းဆောင်ကင်နှင့် သော်လည်းကောင်း၊ သူ၏ဖခင်ကြီး ကင်ဂျုံအီနှင့် သော်လည်းကောင်း မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးနိုင်မည်မဟုတ်ဟု ဘီလ်ကလင်တန်မှသည် ဂျော့ဂ်ျဒဗလျူဘုရှ်နှင့် ဘာရက်အိုဘားမားတို့အထိ တသီတတန်း အမေရိကန်ခေါင်းဆောင် အဆက်ဆက်က ငြင်းဆန်ခဲ့ကြလင့်ကစား သမ္မတထရန့်မှာ အနီးအဝေး ဉာဏ်ဖြင့်တွေးကာ ကင်ကို ထွေးပိုက်ခဲ့၏။ အမုန်းသံသရာမဆုံးနိုင်သရွေ့ အေးချမ်းမှု မတွေ့နိုင်ပုံမှာ ထင်ရှားလှပြီး မည်သည့်အကြောင်းအရာအရ အမေရိကန်ခေါင်းဆောင်က မြောက် ကိုရီးယားခေါင်းဆောင်ကို တွေ့ဆုံသည်ဖြစ်စေ အကောင်းဘက်သို့ ပြောင်းလဲသွားနိုင်သည်မှာ တပ်အပ်သေချာ ဇဝေဇဝါ မဖြစ်အပ်ချေ။

ရန်လိုသော အမူအကျင့်ရှိသူ ခေါင်းဆောင်တစ်ဦးနှင့် မျက်နှာချင်းဆိုင် မဆုံတွေ့လိုသော သဘောထားရပ်တည်ချက်ကို ကိုင်စွဲခဲ့သူမှာ သမ္မတအိုဘားမား ဖြစ်ခဲ့၏။

သို့ရာတွင် 'ငြိမ်းချမ်းရေးဟူသည် အလှကြည့်ဖို့ မဟုတ်၊ အကောင်အထည် ဖော်ရမည့်အရာ ဖြစ်သည်"ဟူသော ထုံးကို နှလုံးမူအံ့ထင့်။ သမ္မတထရန့်မှာ သမိုင်းကြောင်းကို အကောင်းဘက်သို့ ဦးလှည့်ရန် 'အရွေ့' တစ်ခု ဖန်တီးလိုပုံရ၏။

လူအများက သမ္မတထရန့်အပေါ် ရှုမြင်သုံးသပ်ပုံမှာ သူ၏ ပင်ကိုစရိုက်လက္ခဏာနှင့်အတူ ကိုက်ညီပုံရ၏။ သမ္မတထရန့်၏ စရိုက်လက္ခဏာများသည်ကား -

(၁) အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးအဖြစ် ဘဝကို တည်ဆောက်နိုင်ခဲ့သော သမ္မတတစ်ဦးဖြစ်ခြင်း၊

(၂) သမ္မာရင့်သူတစ်ဦးအဖြစ် ရပ်တည်ကာ ဆွေးနွေးညှိနှိုင်းမှု စွမ်းရည်ရှိသူအဖြစ် ဂုဏ်ကိုဂုဏ်း ယုံကြည်သော စိတ်ဓာတ်ရှိသော သမ္မတတစ်ဦးဖြစ်ခြင်းတို့ ဖြစ်၏။

## နီးရာဓား ကြောက်ရ

သို့တစ်မူကား သမ္မတထရန့်၏ ပင်ကိုစရိုက်လက္ခဏာများအရ ရန်သူတော်နှင့် တိုက်ရိုက်တွေ့ဆုံဖြေရှင်းရန် လိုလားသည်က အကြောင်းတစ်ချက်၊ ပစ္စက္ခကာလ၌ မြောက်ကိုရီးယားက အဏုမြူနှင့် ပဲ့ထိန်းဒုံးလက်နက်စွမ်းပကားများကို ရုတ်ခြည်းအထင်အရှား ပြသလာခြင်းကြောင့် 'နီးရာဓားကြောက်ရ' သဘောတရားအလိုအရ ငြိမ်းချမ်းရေး လက်ကမ်းဆင့်လာခြင်းက အကြောင်းတစ်ချက်ဟူ၍ အကြောင်းအချက်များကို တွေ့မြင်နိုင်လေသည်။

သမ္မတထရန့်သည် အဏုမြူလက်နက်ပြ ခြိမ်းခြောက်ခဲ့သော မြောက်ကိုရီးယားအပေါ် ပြန်လည်တုံ့ပြန်နိုင်သည့် 'ရွေးလမ်းများ' နည်းပါးလာချိန်၌ ဓားကို ဓားချင်း၊ လှံကို လှံချင်း တိုက်ခိုက်လာရအံ့သည့် အခြေအနေတွင် ငြိမ်းချမ်းရေးစကား ဆိုခဲ့သည်ဟု ရှုမြင်ကြသည်လည်းရှိ၏။

ခေါင်းဆောင်ကြီးကင်သည် အချုပ်အခြာအာဏာပိုင်စိုးမှုကို အထင်အရှားပြလျက် သူ၏နိုင်ငံတော်ကို သူအုပ်စိုးခွင့်ရှိပုံကိုလည်းကောင်း၊ အဏုမြူလက်နက်များ ပိုင်ဆိုင်မှုသည် အချုပ်အခြာအာဏာပိုင်စိုးမှုအရ ဥပဒေနှင့် အညီအညွတ်ဖြစ်ပုံကိုလည်းကောင်း၊ ကွန်မြူနစ်နိုင်ငံငယ်ပင် ဖြစ်လင့်ကစား ကမ္ဘာ့အလယ် တင့်တယ်ဝင့်ထည်သည့် နိုင်ငံတော်အဖြစ် ကမ္ဘာက ကောင်းစွာ အသိအမှတ်ပြုမှုကို ခံယူလိုပုံကိုလည်းကောင်း ကမ္ဘာသို့ အထင်အရှားပြသခဲ့လေပြီဟု မစ်ဒယ်ဘူရီနိုင်ငံတကာလေ့လာရေး တက္ကသိုလ်မှ မြောက်ကိုရီးယားအရေးသုံးသပ်လေ့လာသူ သုခမိန် ဂျက်ဖရီလူဝီက ဆိုသည်။

ထိပ်သီးဆွေးနွေးပွဲအပြီး ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ သမ္မတထရန့်က ခေါင်းဆောင်ကြီးကင်အား ပုဂ္ဂိုလ်ရေးအရ ဂုဏ်တင်ပြောဆိုခဲ့ပုံအရ ကင်မှာ ကမ္ဘာ့နိုင်ငံရေးတွင် အောင်ပွဲခံသူတစ်ဦး ဖြစ်လာချေပြီ။

ထိပ်သီးဆွေးနွေးပွဲ၏ ပူးတွဲကြေညာချက်ကို ရှုလတ်သော် စကားလုံး အသုံးအနှုန်းမှာ မှုန်တိမှုန်ဝါးရှိနေသည်ဟု သုံးသပ်ချက်များ ပေါ်ထွက်လာ၏။ ယခင်အမေရိကန်သမ္မတများ လက်ထက်တွင် မြောက်ကိုရီးယားအရေးနှင့် ပတ်သက်၍ နိုင်ငံတကာဆွေးနွေးပွဲများမှ ပေါ်ထွက်ခဲ့သော ကြေညာချက်များနှင့် နှိုင်းယှဉ်ကြည့်လျှင် အမေရိကန်ဘက်မှ တောင်းဆိုသံများ ပျော့ပျောင်းနေသည်ဟု ဆိုကြ၏။ မြောက်ကိုရီးယားက အမေရိကန်ကို အထင်ကရ အလျှော့ပေးလိုက်လျော့ပေးမှု မရှိ၊ စကားလုံးအသုံးအနှုန်းမှာလည်း ပျော့ပျောင်းလှပြီး တိကျပြတ်သားမှုမရှိချေဟု ဆိုလျက်ရှိကြ၏။

စင်ကာပူ ထိပ်သီးဆွေးနွေးပွဲမှ ပေါ်ထွက်လာသော သဘောတူညီချက်ကို ကြည့်လျှင် မြောက်ကိုရီးယားအရေးဆိုင်ရာ ယခင်သဘောတူညီချက်များပါ အချက်လေးချက်ကိုသာလျှင် တွေ့မြင်ရသဖြင့် ယေဘုယျဆန်လှကြောင်း၊ ယခင်သဘောတူညီချက်များပါ စကားလုံး အသုံးအနှုန်းအချို့ကပင် ပိုမိုပြင်းထန်ကြောင်း အမေရိကန် ဗဟိုထောက်လှမ်းရေး အေဂျင်စီ (စီအိုင်အေ)၏ ကိုရီးယားဌာနခွဲ ဒုတိယဌာနမှူး ဘရုစ်ကလင်းနားက သုံးသပ်သည်။

## ယမ်းမပြည့်သော ကျည်ဆန်

ကိုရီးယားကျွန်းဆွယ်၌ အဏုမြူလက်နက်ဖျက်သိမ်းရေး တောင်းဆိုသံမှာ ခြောက်ပါတီဆွေးနွေးပွဲ၏ စကားလုံးအသုံးအနှုန်းများနှင့် နှိုင်းယှဉ်လျှင် ယမ်းအပြည့်အဝမပါသော ကျည်ဆန်တစ်တောင့်နှင့် အလားသဏ္ဌာန်တူညီပုံမျိုးနှင့် ပုံနှိုင်းပြောဆိုသွား၏။

ထိပ်သီးဆွေးနွေးပွဲတွင် ကင်က လိုက်လျောအလျှော့ပေးခဲ့ရခြင်းမရှိ၊ ဝါဒဖြန့်စကားဆိုကာ သူအောင်ပွဲခံနိုင်သည်၊ တောင်ကိုရီးယားနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဆိုင်းငံ့ပေးမည်ဆိုသော ကတိကဝတ်ပြုမှုကို သမ္မတထရန့်ထံမှ ရရှိခဲ့သည်၊ ဤသည်တို့ကား ခေါင်းဆောင်ကြီးကင် ဆွတ်ခူးနိုင်ခဲ့သည့် အောင်ပန်းများပင် မဟုတ်လောဟု ကလင်းနားက ဆိုသည်။

အရှေ့နှင့်အနောက် ခေါင်းဆောင်ကြီးနှစ်ဦး ဒူးတိုက်ဆွေးနွေးရေးဟူသည် မဖြစ်နိုင်သည့် အခြင်းအရာတစ်ခုအဖြစ် ယခင်က ရှုမြင်ခဲ့ကြပေရာ ထိပ်သီးဆွေးနွေးပွဲကျင်းပနိုင်ခြင်းမှာ အာဏာလက်ရှိ အမေရိကန်ခေါင်းဆောင်တစ်ဦးအနေဖြင့် မဟာအခွင့်အလမ်းတစ်ရပ်အဖြစ် နိုင်ငံရေးသုခမိန်တို့က ချီးကျူးကြခြင်းကြောင့် ထရန့်မှာလည်း အလားတူ အောင်ပန်းဆွတ်ခူးနိုင်သည်ဟု သုံးသပ်စရာရှိသည်။

သို့ဖြစ်လင့်ကစား ယင်းသို့ သုံးသပ်ခြင်းသည် အပေါ်ယံကြော ရှုမြင်ချက်သာ ဖြစ်ကြောင်း၊ ဧကန်မှုကား ထရန့်အနေဖြင့် မြောက်ကိုရီးယားထံမှ မည်မည်ရရ လက်ဆုပ်လက်ကိုင်ပြနိုင်သော အရာများကို ရယူနိုင်ခဲ့ခြင်းမရှိသည့်အပြင် 'မြောက်ကိုရီးယား၏ အောင်ပွဲ'အဖြစ် ခေါင်းဆောင်ကြီးကင် ဝါဒဖြန့်ပြောဆိုနိုင်အောင် အခြေအနေတစ်ရပ်သို့ ရောက်ရှိစေကြောင်း၊ အမေရိကန်-တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဆိုင်းငံ့ထားမည်ဆိုကာ အလျှော့ပေးလိုက်ရကြောင်း ကာနက်ဂီသိပ္ပံ၏ အဏုမြူမူဝါဒ အစီအစဉ်ဆိုင်ရာ ပူးတွဲဒါရိုက်တာ ဂျိမ်းစ်အက်တန်က သုံးသပ်သည်။

စင်ကာပူထိပ်သီးဆွေးနွေးပွဲသည် ပစ္စက္ခကာလ သံတမန်ရေးအရ အောင်ပွဲဟု ဆိုနိုင်သော်လည်း ကာလရှည်အားဖြင့် အားရဖွယ်ရာ မရှိလှသေးဟု အက်တန်ကဆိုသည်။

မည်သို့ပင်ဆိုစေကာမူ စင်ကာပူထိပ်သီးဆွေးနွေးပွဲသည် သံတမန်ရေးအရ နှစ်နိုင်ငံချစ်ကြည်ရေးပြယုဂ်တစ်ရပ်မျှသာ မဟုတ်မူ၍ ခေါင်းဆောင်ကြီး နှစ်ဦးစလုံးက ပြည်သူ့အကျိုးငှာ၊ ကမ္ဘာ့ငြိမ်းချမ်းရေးအလို့ငှာ စိတ်ကောင်းစေတနာကောင်းဖြင့် အမြော်အမြင်တရား လက်ကိုင်ထားကြပါလျှင် ဦးတည်ချက် ပန်းတိုင်ရှိသော ဆွေးနွေးပွဲအဖြစ် သမိုင်းပြုဆရာများက ကမ္ပည်းမော်ကွန်း ရေးထိုးလာကြပေမည်။

အမေရိကန်နှင့် မြောက်ကိုရီးယားတို့သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ရန်သူမှ မိတ်ဆွေအဖြစ်သို့ ပြောင်းလဲကြကာ ကမ္ဘာ့ငြိမ်းချမ်းရေးရရှိမည်ဟူသော ယုံကြည်ချက် (သဒ္ဓါ) (ဝါ) Faithfulness နှင့်အတူ အားမာန်သစ်မွေးကာ ကတိသစ္စာ အပြန်အလှန် စောင့်သိကြခြင်းဖြင့် ငြိမ်းချမ်းခြင်းတည်းဟူသော သာယာရွှေပြည်သို့ ဦးတည်လျှောက်လှမ်းနိုင်ရန် ရည်ရွယ်လျက် ဆွေးနွေးခဲ့ကြသည်ဟု ကျွန်ုပ်ရှုမြင်မိရင်း "သဒ္ဓါမချို့ သစ္စာသို့တိုင်တည် ခွန်းတုံ့လှယ်စကား" ဟု ကျွန်ုပ် ကျူးရင့်မိပါတည်း။ ။

Ref:
4 winners and 4 losers from the Trump-Kim summit in Singapore (Vox)

# အက်ရှင်ဒရမ်မာရုပ်ရှင်သစ်မှာ ပါဝင်သွားမှာဖြစ်ကြောင်း ဂျန်ဟွတ်ခ် အတည်ပြု




တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ဂျန်ဟွတ်ခ်ကို မကြာမီမှာ တိုက်ခိုက်ရေးရုပ်ရှင်သစ်မှာ ခေါင်းဆောင်အဖြစ် ပါဝင်ထားတာကို တွေ့မြင်ရတော့မှာ ဖြစ်ပါတယ်။ မင်းသားက သူဟာ MBC ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်သွားမယ့် တနင်္လာ၊ အင်္ဂါ ဇာတ်လမ်းတွဲ "Bad Papa"(ယာယီအမည်)မှာ ပါဝင်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါဇာတ်လမ်းတွဲဟာ ဖခင်ကောင်းတစ်ဦးဖြစ်ဖို့ရာ ဆိုးရွားတဲ့အလုပ်တွေကို လုပ်ကိုင်ခဲ့ရသူတစ်ဦးရဲ့ ဘဝကို ပုံဖော်ဖန်တီးသွားမယ့် ဇာတ်လမ်းတွဲဖြစ်ပါတယ်။ ယင်းရုပ်သံဇာတ်လမ်းတွဲမှာတော့ ဂျန်ဟွတ်ခ်က ယိုဂျီချော အဖြစ် ပါဝင်သွားမှာဖြစ်ပါတယ်။ သူဟာ လက်ဝှေ့သမား တစ်ဦးဖြစ်ပြီး တစ်ချိန်တည်းမှာပင် သူ့ရဲ့ကျော်ကြားမှု၊ ဂုဏ်သိက္ခာနဲ့ မိသားစုကို တစ်ပြိုင်နက် ဆုံးရှုံးခဲ့ရသူ ဖြစ်ပါတယ်။

ဂျန်ဟွတ်ခ်နဲ့တွဲဖက်ကာ ယင်းဇာတ်လမ်းတွဲမှာ ပါဝင်သွားဖို့ရာ လက်ရှိမှာတော့ ကမ်ဆန်းမင်း၊ ဆန်းယိုအွန်း၊ ရှင်အွန်စိုး၊ ဒေးဗစ်လီစတဲ့ သရုပ်ဆောင်တွေနဲ့ ဆွေးနွေးမှုတွေ ပြုလုပ်နေကြောင်းလည်း သိရပါတယ်။

# BLACK PINK ရဲ့ တေးအယ်လ်ဘမ်သစ် iTunes တေးဂီတ ဇယားတွေကို ဦးဆောင်



တောင်ကိုရီးယားရဲ့ အောင်မြင်တဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BLACK PINK"ဟာ လတ်တလောမှာတော့ အဖွဲ့ရဲ့ မီနီတေးအယ်လ်ဘမ်သစ်ကို ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်သစ်ဟာ အွန်လိုင်းတေးဂီတ ဝက်ဘ်ဆိုက်တွေမှာ နားဆင်သူ ပရိသတ်များပြားနေပြီး iTunes တေးဂီတ ဇယားအချို့ကိုလည်း ဦးဆောင်လျက်ရှိကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"BLACK PINK"ဟာ ပြီးခဲ့တဲ့ ဇွန် ၁၅ ရက်မှာတော့ မီနီတေးအယ်လ်ဘမ်သစ် "Square Up"ကို စတင်ထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်ရဲ့ ခေါင်းစီးတေး " DDU-DU DDU-DU" ဟာ စတင်ထုတ်လွှင့်ပြီး မကြာမီမှာပင် ဒေသတွင်း တေးဂီတဇယားတွေကို ဦးဆောင်နိုင်ခဲ့ပြီး အခြားသော တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Forever Young"ကလည်း ဒုတိယနေရာမှာ ရပ်တည်နေတာ တွေ့ရပါတယ်။

ဇွန် ၁၆ ရက်မှာတော့ ယင်းတေးအယ်လ်ဘမ်ဟာ ကမ္ဘာတစ်ဝန်းက iTunes တေးဂီတဇယား ၃၈ ခုမှာ နံပါတ်တစ်နေရာယူထားခဲ့တာ တွေ့ရပါတယ်။ ဒီထဲမှာ အာဂျင်တီးနား၊ ဩစတြေးလျ၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ ကနေဒါ၊ ချီလီ၊ ကိုစတာရီကာ၊ ဖင်လန်၊ ဂရိ၊ ဟောင်ကောင်၊ ဟန်ဂေရီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ ကာဇက်စတန်၊ မကာအို၊ မလေးရှားစတဲ့ နိုင်ငံတွေလည်း ပါဝင်နေတာတွေ့ရပါတယ်။ ဒါ့အပြင် " DDU-DU DDU-DU"ရဲ့ တေးဗီဒီယိုဟာ ကြည့်ရှုသူ ပရိသတ် ၁၀ သန်း၊ သန်း ၂၀ ကို အချိန်အတိုဆုံးနဲ့ ပိုင်ဆိုင်နိုင်ခဲ့တဲ့ တေးဗီဒီယိုအဖြစ် စံချိန်သစ် တင်နိုင်ခဲ့ကြောင်းလည်း သိရပါတယ်။

# ယာဥ်တိုက်မှုမှာ ပါဝင်တဲ့ အကအဖွဲ့ဝင်အတွက် ဆုတောင်းစကားပြောကြားခဲ့တဲ့ တေလာဆွစ်

ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ဟာ သူ့ရဲ့နောက်ခံအကအဖွဲ့မှာပါဝင်တဲ့ အကပညာရှင်တစ်ဦး ယာဥ်တိုက်မှုဖြစ်ခဲ့ကြောင်း ဓာတ်ပုံနဲ့တကွ ဖော်ပြခဲ့ပါတယ်။ သူ့ရဲ့ တရားဝင် အင်စတာဂရမ်စာမျက်နှာပေါ်မှာ တေလာဆွစ်က ယာဥ်တိုက်မှုမှာ ပါဝင်ခဲ့သူရဲ့ ဓာတ်ပုံကို ဖော်ပြပြီး အောက်မှာတော့ အမြန်ပြန်လည်ကောင်းမွန်စေဖို့ ဆုတောင်းစကားတွေကိုပါ ထည့်သွင်းရေးသားဖော်ပြခဲ့တာကို တွေ့ရကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းမှာ ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

လတ်တလောမှာတော့ တေလာဆွစ်ဟာ သူ့ရဲ့နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Reputation"အတွက် နယ်လှည့်ဖျော်ဖြေပွဲတွေ ပြုလုပ်နေတာ ဖြစ်ပါတယ်။ ဒီဖျော်ဖြေပွဲတွေကို မြောက်အမေရိကားမှာတော့ ပြီးခဲ့တဲ့မေလအတွင်း စတင်ခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ "Sugarland"ရဲ့ တေးသီချင်းသစ် "Babe"အတွက် တေးဗီဒီယိုကို ထုတ်လွှင့်ပြသခဲ့ရာမှာတော့ ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်က ပါဝင်အားဖြည့်ထားတာကိုလည်း တွေ့ရပါတယ်။

အေးပြည့်-ရေးသားသည်

# ၂၀၁၈ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၆**

၂၀၁၈ ခုနှစ် ဇွန် ၂၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် အားကစားလှုပ်ရှားမှုအဖြစ် လူထုစုပေါင်း လမ်းလျှောက်ပွဲကို ဇွန် ၁၆ ရက်နံနက် ၅ နာရီခွဲတွင် နေပြည်တော်၌ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနပေါင်းစုံမှ ဝန်ထမ်းများ၊ နေပြည်တော်ရှိ ပြည်သူများ ပါဝင်ဆင်နွှဲကြသည်။



လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲကြသူများသည် နေပြည်တော် မြို့မဈေးရှေ့၌ နံနက် ၅ နာရီခွဲတွင် စတင်တာလွှတ်ပြီး ပျဉ်းမနား-တောင်ညိုလမ်းအတိုင်း သပြေကုန်းအဝိုင်းမှတစ်ဆင့် မဏိရတနာ ကျောက်စိမ်းခန်းမရှေ့အထိ ပျော်ပျော်ပါးပါး လမ်းလျှောက်ကြသည်။ လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲကြသူများအား မဏိရတနာကျောက်စိမ်းခန်းမရှေ့ ပန်းဝင်ရာနေရာတွင် တာဝန်ရှိသူတို့က ရေသန့်ဘူးနှင့် မုန့်များ တိုက်ကျွေးခဲ့ကြသည်။ အဆိုပါ လူထုစုပေါင်းလမ်းလျှောက် ပွဲသို့ ပြည်သူအင်အား ၃၀၀၀ကျော် တက်ရောက်ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

မောင်မောင်ဇော်

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အကြိုဟောပြော

**မယ်စဲ့ ဇွန် ၁၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲကို ဇွန် ၁၅ ရက်နံနက် ၁၀ နာရီက ကယားပြည်နယ် မယ်စဲ့မြို့နယ် ဟိုစဲ့ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အထက(ဟိုစဲ့) ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းနိုင်က ဟောပြောပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမြင့်ဌေးက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများနှင့် ဆေးစွဲရောဂါမဖြစ်ပွားစေရေး၊ လူငယ်များရင်ဆိုင်နေရသောအန္တရာယ်များအကြောင်းကို လည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဒုတိယဦးစီးမှူးဦးဆန်းထွန်းက ယနေ့လူငယ်များ အကြားပျံ့နှံ့နေသော မူးယစ်ဆေးဝါးမသုံးစွဲရေးအကြောင်းများကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်စောဝတ်ရည်က Social Mediaသုံးစွဲခြင်းထက် စာပေဖတ်ရှုခြင်းသာလျှင် အနှစ်သာရပြည့်ဝသောအသိပညာ ဗဟုသုတများကိုပေးစွမ်းနိုင်ကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

# ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း မြောင်းမြ၌ ကျင်းပ

**မြောင်းမြ ဇွန် ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ် ကျုံဝါးကျေးရွာရှိ တောင်သူပညာပေးခန်းမ၌ ဇွန် ၁၆ ရက် နံနက် ၉ နာရီမှ စတင်ကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပခဲ့သည်။

အဆိုပါစကားဝိုင်းသည် မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးကျင်းပပြီး စကားဝိုင်းတွင် မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက အဖွင့်အမှာစကားပြောကြားခြင်း၊ ဧရာဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး တိုင်းဒေသကြီးဦးစီးမှူး ဦးလှမျိုးအောင်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇော်ဝင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန လက်ထောက်သုတေသနအရာရှိ ဦးထိန်လင်းထွန်းနှင့် တောင်သူလယ်သမားကိုယ်စားလှယ် ဦးဝင်းလှိုင်တို့က စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ သိကောင်းစရာများ၊ ရေရှည်တည်တံ့ ခိုင်မြဲနိုင်သော စိုက်ပျိုးရေးစနစ် ထူထောင်ရေး၊ လုပ်ကွက်ငယ် တောင်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အကြောင်းအရာများကို ကျေးလက်ဒေသနေ ပြည်သူများနှင့် အပြန်အလှန်ဆွေးနွေးကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မောင်ငြိမ်းက Facilitator အဖြစ် ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

မိုးစက်(ပြန်/ဆက်)

# သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေး

**ရန်ကုန် ဇွန် ၁၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့မ ရဲစခန်းမှူး ဒုရဲမှူး ထွန်းထွန်းနိုင်သည် ဇွန် ၁၄ ရက် မွန်းလွဲ ၁ နာရီက ဝါဆိုရပ်ကွက် ဓမ္မာရုံ၌ သက်ငယ်မုဒိမ်းမှု ပပျောက်ရေး၊ မူးယစ်ဆေးဝါး တားဆီး နှိမ်နင်းရေး အသိပညာပေး ဟောပြောခဲ့ရာ ရပ်ကွက်နေ ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကြေးမုံ

# ယုဇနဥယျာဉ်မြို့တော်၌ အထွေထွေရောဂါနှင့် တီဘီရောဂါ အခမဲ့စစ်ဆေးကုသ

**ရန်ကုန် ဇွန် ၁၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၄) ရပ်ကွက် ယုဇနဥယျာဉ်မြို့တော် အေ(၁)လမ်းဓမ္မာရုံ၌ ဇွန် ၁၄ ရက် နံနက်ပိုင်းက အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်း(ဗဟို) ရန်ကုန်မှ ဆရာမကြီး ဒေါက်တာဒေါ်မေသက်ခိုင် ဦးဆောင်သော ဆရာမ ခြောက်ဦးနှင့် ဓာတ်မှန်ကျွမ်းကျင်အဖွဲ့ဝင်များသည် ဒေသခံပြည်သူများကို အထွေထွေရောဂါနှင့် တီဘီရောဂါရှာဖွေစစ်ဆေးကုသပေးခြင်းနှင့် ဓာတ်မှန်ရိုက်ပေးခြင်း(အခမဲ့) ကွင်းဆင်း၍ ကုသပေးခဲ့သည်။

အဆိုပါ အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်း (ဗဟို) ရန်ကုန်မှ အဖွဲ့ဝင်များသည် ဇွန် ၁၁ ရက်မှ ၁၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရပ်ကွက်ကျေးရွာများသို့ အလှည့်ကျကွင်းဆင်း၍ ကုသပေးလျက်ရှိကြောင်း သိရသည်။

၅၁၂

# လှိုင်ကော်တက္ကသိုလ်၌ကင်းထောက်အခြေခံသင်တန်း(၁/၂၀၁၈) သင်တန်းဆင်းအခမ်းအနားကျင်းပ



**လှိုင်ကော် ဇွန် ၁၆**
တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ အကျင့်စာရိတ္တ မြင့်မားစေရေးကို အထောက်အကူပြုသည့်အပြင် အများပြည်သူကိုကူညီစောင့်ရှောက်ခြင်း၊ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေခြင်း၊ စုပေါင်းဆောင်ရွက်တတ်သည့် အစဉ်အလာကောင်းများဖြစ်ထွန်းလာစေရန်၊ ခေတ်ကာလနှင့် လိုက်လျောညီထွေဖြစ်စေမည့် ကင်းထောက်များကို ဖွဲ့စည်းလေ့ကျင့်ပေးနိုင်ရန်အတွက် လှိုင်ကော်တက္ကသိုလ်ကင်းထောက် အခြေခံသင်တန်း (၁/၂၀၁၈)ကို ဇွန် ၁၂ ရက်မှ ၁၅ ရက်အထိ လှိုင်ကော်တက္ကသိုလ်၌ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားကို ကင်းထောက်ဂုဏ်ရည်တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့ပြီး ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကင်းထောက်သင်တန်းတွင် "အစဉ်အသင့်" ဟူသော ဆောင်ပုဒ်ဖြင့် ဖော်ဆောင်နေခြင်းဖြစ်ပြီး ကဏ္ဍများ၌ သင်တန်းသား သင်တန်းသူများအနေဖြင့် အစဉ်အသင့်ဖြစ် နေရမယ်ဆိုတာသိရှိရန် လိုအပ်ကြောင်း၊ အစဉ်အမြဲအသင့်ဖြစ်နေအောင်ဘာတွေလုပ်ရမလဲ၊ ငြိမ်းချမ်းရေးကဏ္ဍများဖော်ဆောင်သည့် နေရာမှာ၊ ကောင်းမွန်မှန်ကန်သည့် နေရာများမှာအမြဲတမ်းအစဉ်အသင့်ဖြစ်နေရမည်ဆိုသည့် အသိစိတ်ရှိရန်လိုအပ်ကြောင်း၊ အသိပညာနိမ့်ကျခဲ့မှုကြောင့်ပြည်နယ်အတွင်းရှိ တလွဲအယူအဆ၊ အတွေးအခေါ်များအတွက် Mindset change ပေးရမည်ဖြစ်ကြောင်း၊ ကျောင်းသား လူငယ်များဘက်ကလည်း မိမိနိုင်ငံအကျိုးကို သယ်ပိုးထမ်းဆောင်နိုင်သည့် နိုင်ငံ့သားကောင်း သမီးမွန်များဖြစ်လာအောင်ကြိုးစားရမှာ ဖြစ်ကြောင်း၊ သင်တန်းမှရရှိလာသော စာတွေ့လက်တွေ့ အခြေခံကောင်းများကို စံနမူနာယူပြီး နိုင်ငံတော်၏အကျိုးကို စွမ်းစွမ်းတမံထမ်းဆောင်နိုင်မည့်အနာဂတ် သားကောင်းရတနာ၊ သမီးကောင်းရတနာများအဖြစ် ကြိုးစားမည်ဟု ယုံကြည်ပါကြောင်းဖြင့် အဖွင့်အမှာစကားပြောကြားပြီး ထူးချွန်ဆုများရရှိခဲ့ကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူတို့အား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် လှိုင်ကော်တက္ကသိုလ် ကင်းထောက်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်ဦးက ကျေးဇူးတင်စကားပြောကြားခြင်း၊ သင်တန်းကာလ လှုပ်ရှားမှုမှတ်တမ်းဗီဒီယိုများအား ကြည့်ရှုခြင်း၊ သင်တန်းသို့တက်ရောက်လာသော ကျောင်းသား ကျောင်းသူများကပြည်နယ်ဝန်ကြီးချုပ်ထံတင်ပြလိုသည်များ တင်ပြခြင်း၊ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား လူငယ်ကင်းထောက်မှူးချုပ် ဦးမြင့်ဆွေက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်းသိရှိရသည်။

ယင်းနောက် သင်တန်းသား သင်တန်းသူများက "ငြိမ်းချမ်းရေး၏ သံတမန်များ" တေးသီချင်း သီဆိုသရုပ်ဖော်၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**အောင်ထွန်းလေး**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့်တာဝန်ရှိသူများ စေတုတ္တရာမြို့နယ်ရှိရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ

**စေတုတ္တရာ ဇွန် ၁၆**
မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုသည် တိုင်းဒေသကြီးလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးနှင့် တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က စေတုတ္တရာမြို့နယ် မုန်းချောင်းတမံသို့ ရောက်ရှိပြီး မုန်းချောင်းတမံအတွင်း ရေဝင်ရောက်မှုအခြေအနေများနှင့် တမံရေပိုလွှဲမှ ရေကျော်စီးဆင်းမှု အခြေအနေများကိုကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မုန်းချောင်းတမံမှ တာဝန်ခံ ဦးသောင်းထိုက်(ညွှန်ကြားရေးမှူး)က မုန်းချောင်းတမံ၏ ကြံ့ခိုင်ကောင်းမွန်မှုများနှင့် စဉ်ဆက်မပြတ် ရေကင်းများ ကြပ်မတ်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တာဝန်ရှိသူများသည် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် စေတုတ္တရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံပွဲ ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သဘာဝဘေးအန္တရာယ်များကို ဒေသခံပြည်သူများ ရင်ဆိုင်ကြုံတွေ့ခံစားရမှုအပေါ် မိမိအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း တတ်နိုင်သမျှ လိုအပ်သည့်အကူအညီများ ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စေတုတ္တရာမြို့နယ်အတွင်းရှိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသော ဒေသခံ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့် သဘာဝဘေးအတွက်အသုံးပြုရန် ကယ်ဆယ်ရေးပစ္စည်းများ ကူညီထောက်ပံ့ပေးခဲ့ပြီး ဒေသခံရေဘေးသင့်ပြည်သူများ ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ် သက်သာစေရေးအတွက် တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ပညာရေးလမ်းကြောင်းများနှင့်ပညာရေးဝန်ဆောင်မှုများကိုကောင်းမွန်မှန်ကန်စွာရွေးချယ်နိုင်မည်ဖြစ်

**ရန်ကုန် ဇွန် ၁၆**
မြန်မာ့ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာကျောင်းသားများအနေဖြင့် အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်များ၊ ပညာရေးလမ်းကြောင်းများနှင့် ပညာရေးဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများနှင့် သင်တန်းများကို ကောင်းမွန်မှန်ကန်စွာ ရွေးချယ်နိုင်စေရန်နှင့် အများပြည်သူ ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ရည်ရွယ်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Trade Training Institute(TTI)၏ ပံ့ပိုးကူညီမှုဖြင့် ဒုတိယအကြိမ် မြန်မာအပြည်ပြည်ဆိုင်ရာပညာရေးပြပွဲ (၂၀၁၈) ဖွင့်ပွဲကို ဇွန် ၁၆ နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်ဝေ၊ မြန်မာနိုင်ငံဆိုင်ရာပြင်သစ်သံရုံး၊ ပြင်သစ်ယဉ်ကျေးမှုဌာနမှ ဒုတိယဒါရိုက်တာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာသံအရာရှိ ဒေါက်တာရီး(လ်)ဂီယိုနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

"ဒီလိုပြပွဲတွေကို များများလုပ်သင့်ပါတယ်။ ပညာရေးစနစ်တွေလည်း ပြောင်းလဲနေပြီ။ နိုင်ငံခြားက လာရောက်ရင်းနှီးမြှုပ်နှံမယ်ဆိုရင်လည်း အဆင်ပြေအောင် ဆောင်ရွက်နေပါတယ်။ အဲဒီလိုဆောင်ရွက်နေတာတွေအပြင် ပြည်တွင်းပညာရေးမူဝါဒတွေလည်း ပြောင်းလဲနေတယ်။ ဒါတွေနဲ့ပတ်သက်ပြီးတော့ သိရှိနိုင်အောင် ဒီပွဲမှာဆွေးနွေးပွဲတွေလည်း ထည့်ထားပါတယ်။ ဒီလိုဆွေးနွေးတဲ့နေရာမှာ ပညာရေးနဲ့ပတ်သက်တဲ့ စိန်ခေါ်မှုတွေ၊ အခွင့်အလမ်းတွေပါမယ်၊ လက်ရှိပညာရေးအခြေအနေတွေပါမယ်။ ဒီလိုမျိုးတွေလုပ်တာ ပိုကောင်းပါတယ်။ အထူးသဖြင့် ကျောင်းသားမိဘတွေ ကျောင်းသား ကျောင်းသူတွေ အရေးကြီးတယ်။ ပညာရေးမြင့်မှပဲ နိုင်ငံမြင့်မှာပါ။ စီးပွားရေးလည်းတက်လာမယ်။ ဒီလိုပြပွဲတွေ များများလုပ်ဖို့ လိုပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်ဝေက ပြောသည်။

အဆိုပါပြပွဲတွင် ပြခန်းပေါင်း ၄၀ ပါဝင်ပြီး ပြည်တွင်းပြည်ပမှ တက္ကသိုလ်နှင့်ကောလိပ်များ၊ ပုဂ္ဂလိကကျောင်းများ၊ စီးပွားရေးနှင့်စီမံခန့်ခွဲမှုသင်တန်းကျောင်းများနှင့် နည်းပညာဆိုင်ရာသင်တန်းကျောင်းများ၊ နိုင်ငံခြားဘာသာသင်တန်းကျောင်းများ၊ နိုင်ငံခြားတက္ကသိုလ်ဝင်ခွင့်သင်တန်းကျောင်းများ၊ အနုပညာနှင့်ပတ်သက်သောသင်တန်းကျောင်းများ၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ သင်တန်းကျောင်းများ၊ ပညာရေးအတိုင်ပင်ခံ သင်တန်းကျောင်းများ၊ အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ သင်တန်းကျောင်းများ၊ ဆေးပညာဆိုင်ရာသင်တန်း ကျောင်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းကျောင်းများ၊ ပညာရေးဝန်ဆောင်မှု လုပ်ငန်းများနှင့် စာအုပ်စာပေအမျိုးမျိုးတို့ကို စုံလင်စွာပြသထားသည်။

ပညာရေးရွေးချယ်စရာ အခွင့်အလမ်းများနှင့် ပတ်သက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်ဝေက "သင်တန်းသား သင်တန်းသူများ၊ ကျောင်းသား ကျောင်းသူများ၊ ၁၀ တန်းအောင်ထားသူများဟာ ဒီပွဲမှာ နိုင်ငံတကာပညာရေးအခွင့်အလမ်းတွေရှိနေတယ်ဆိုတာကို သိစေချင်တယ်။ ကိုယ့်ဘာသာကိုယ်ဆို ၁၀ တန်းအောင်ပြီး သက်ဆိုင်ရာနီးစပ်ရာတက္ကသိုလ်ကိုပဲ တက်တယ်ဆိုတဲ့ဟာမျိုးလောက်နဲ့ပဲပြီးသွားမယ်။ နီးစပ်ရာ တက္ကသိုလ်တွေတက်တာ မကောင်းဘူးလားဆိုတော့လည်း ကောင်းပါတယ်။ ဒါပေမယ့် လည်း ဒီလိုအခွင့်အလမ်းတွေရှိနေတယ်ဆိုတာကိုသိရင် သူတို့အတွက် ရွေးချယ်မှုတွေပိုများတာပေါ့။ ဒီလိုပွဲတွေကျင်းပလိုက်တော့ အခွင့်အလမ်းတွေ ရွေးချယ်မှုတွေရှိနေပါလားဆိုတာကို သိလာမယ်။ ကိုယ် ဝါသနာပါတဲ့ဟာနဲ့ ကိုယ်တက်ရောက်ပညာသင်ကြားရမယ့်ဟာ တစ်ထပ်တည်းကျနေမှ နောင်အနာဂတ်အတွက် ပိုကောင်းလာမယ်။ ဒါလေးတွေကို သိစေချင်ပါတယ်"ဟု ဆက်လက်ပြောသည်။

ပြပွဲကို ဇွန် ၁၆ ရက်မှ ၁၇ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသသွားမည်ဖြစ်ရာ ပြပွဲကာလအတွင်း လူငယ်ကျောင်းသားများကို သင့်တော်သည့် ပညာရေးလမ်းကြောင်းများကို လမ်းညွှန်ပေးခြင်း၊ ပညာရေးအခွင့်အလမ်းများနှင့် ပညာရေးဆိုင်ရာ အချက်အလက်များကို အကြံပြုပေးခြင်းတို့အပြင် ရာနှုန်းပြည့်ပညာသင်ဆုပေးမည့် အပြည်ပြည်ဆိုင်ရာတက္ကသိုလ်များနှင့် တိုက်ရိုက်ထိတွေ့နိုင်သည့် အခွင့်အလမ်းများလည်း ရရှိမည်ဖြစ်သည်။

ယနေ့ကျင်းပသောပြပွဲ၌ ၂၁ ရာစုပညာရေးခေါင်းစဉ်ဖြင့် ဦးခင်မောင်ညို(ဘောဂဗေဒ)၊ Smart Group of Companies မှ Chairman ဦးကျော်ကျော်လှိုင်နှင့် TTI မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်ဝေတို့က ဆွေးနွေးဟောပြောခဲ့ပြီး ပြပွဲရက်အတွင်း လာရောက်လေ့လာသူများ၊ ကျောင်းသားလူငယ်များကို သက်ဆိုင်ရာပညာရေးကျောင်းများမှ ပညာရှင်များကလည်း နေ့စဉ် ပညာရပ်အလိုက် ဆွေးနွေးဟောပြောကြမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။




**အေးမင်းသူ၊ ဇာနည်မောင်**

# မကျီးပင်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကျင်းပ

**တပ်ကုန်း ဇွန် ၁၆**
နေပြည်တော် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာအုပ်စု မကျီးပင်ကျေးရွာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇွန် ၁၆ ရက် မွန်းလွဲ ၂ နာရီက အဆိုပါကျေးရွာအုပ်စုရှိ အသိပညာပေး KC စင်တာခန်းမ၌ ကျင်းပသည်။

ထိုဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်နှင့် ဆည်မြောင်းနှင့် ရေအသုံးအချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းညွှန့်၊ လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးဝင်းဌေးဦး၊ စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုမြင့်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နေခြည်ဇာဝေတို့ ဦးဆောင်ကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ ကျေးလက်လမ်း၊ တံတားများ အဆင့်မြှင့်တင်ပေးနိုင်ရေး၊ လျှပ်စစ်မီးလုံလောက်စွာရရှိမှု၊ လယ်ယာမြေပုံစံ(၇)နှင့်ပတ်သက်သည့် ကိစ္စရပ်များ၊ စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များအပြင် ကျေးရွာအတွင်း ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လိုအပ်ချက်များကို ကဏ္ဍအလိုက်ဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# ချောင်းကမ်းပါးပြိုကျ၍အန္တရာယ်ကျရောက်နိုင်သည့်အိမ်များ ပြောင်းရွှေ့

**စလင်း ဇွန် ၁၆**
မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဇရပ်လှကျေးရွာအုပ်စု ရှားတော(အနောက်)ကျေးရွာရှိ စလင်းချောင်းရေမှာ အဆက်မပြတ် ကျဆင်းလျက်ရှိသောကြောင့် ဇွန် ၁၆ ရက်က ချောင်းကမ်းပါးပြိုကျမည်ကို စိုးရိမ်၍ အိမ်ထောင်စု ငါးစု၊ လူဦးရေ ၂၅ ဦးတို့အား သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုတင်ပြောင်းရွှေ့မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ မထေရ်မြတ်ကြီး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဆောက်လုပ်သော အဘိဓမ္မာဗိမာန်တော်ငါးထပ်တွင် စံတော်မူလျက်ရှိသော စကျင်ကျောက်ဖြူသား ဆင်းတုတော်၏ နောက်ခံဗုဒ္ဓဝင်ပွား၊ ပွင့်၊ ဟော၊ စံ စကျင်ကျောက်သား နံရံတစ်ချပ်လျှင် ကျပ်သိန်း(၅၀၀)ဖြင့် (၂)ချပ်စာအတွက် ကျပ်သိန်း(၁၀၀၀)၊ သံဃာတော်များ၊ ဆွမ်းကပ်နိုင်ရန်အတွက် ဆွမ်းဘောဇဉ်နှင့် ဝေယျာဝစ္စပစ္စည်းများ တင်ဆောင်နိုင်ရန် ဝန်ချီစက်ဓာတ်လှေကားတစ်စီးစာအတွက် ကျပ်သိန်း(၁၈၀)၊ သံဃာ/သီလရှင်ကုဋီတစ်ခန်းလျှင် ကျပ်(၁၀)သိန်းဖြင့် (၁၄)ခန်းစာအတွက် ကျပ်သိန်း(၁၄၀)၊ (၅)လွှာနှင့် (၄)လွှာခန်းမများ၌ ခန်းစီးလိုက်ကာတစ်ခန်းလျှင် ကျပ်(၂)သိန်း(၅)သောင်းဖြင့် (၁၆)ခန်းစာအတွက် ကျပ်သိန်း(၄၀)၊ (၅)လွှာခန်းမ တစ်ထပ်စာအတွက် ပါကေးကုန်ကျစရိတ် ကျပ်သိန်း(၇၀၀)နှင့် (၄)လွှာခန်းမ တစ်ထပ်စာအတွက် ကြွေပြားကုန်ကျစရိတ် ကျပ်သိန်း(၃၀၀)တို့၏အလှူရှင်များ လိုအပ်နေပါသဖြင့် လှူဒါန်းနိုင်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး(၅ထပ်ခွဲ အဘိဓမ္မာဗိမာန်တော်သစ်ကြီး ဆောက်လုပ်မှုအလှူငွေစာရင်း)၊ အမှတ်(၄၉/၅၁)ကမ္ဘာအေးဘုရားလမ်း ဗဟန်းမြို့နယ်၊ ဦးစိုးမြတ်အောင်-ဖုန်း ၀၉ ၇၈၅၅၅၆၆၈၅၊ ၀၉ ၅၁၉၂၄၆၈၊ ဒေါ်စန်းစန်းဝင်း-ဖုန်း ၀၉ ၂၅၀၀၈၃၀၆၉

| စဉ် | အလှူရှင်အမည် | အလှူငွေကျပ် |
|---|---|---|
| ၁။ | အဘိဓမ္မဟိတရေစနှပဘာဒေါက်တာဒေါ်မိမိလှိုင်အားရည်စူး၍ ညီမဒေါက်တာဒေါ်နီနီလှိုင်မှ ၅ကောင်အားလေအေးစက်(၁)လုံးစာ ကျပ်သိန်း(၂၀)နှင့် ယခင်အလှူကျပ်သိန်း(၂၃၅၀)အပါအဝင် | ကျပ်သိန်း(၂၃၇၀) |
| ၂။ | မိဘများကိုအမှူးထား၍ ဦးစိုးသာ' ဒေါ်ကြူကြူစင်းနှင့် သားသမီးမြေးတစ်စု ၅ကောင်အားလေအေးစက်(၁)လုံးစာ ကျပ်သိန်း(၂၀)နှင့် ယခင်အလှူကျပ်(၂၃၅)သိန်းအပါအဝင် | ကျပ်(၂၅၅)သိန်း |
| ၃။ | (နိုင်ငံတော်ဝန်ကြီးချုပ် မဟာသရေစည်သူဗိုလ်ချုပ်ကြီးစိုးဝင်း)' ဇနီးဒေါ်သန်းသန်းနွဲ့နှင့် သားသမီးမြေးတစ်စု၊ ၅ကောင်အားလေအေးစက်(၁)လုံးစာ ကျပ်သိန်း(၂၀)နှင့် ယခင်အလှူကျပ်သိန်း(၁၉၀)အပါအဝင် | ကျပ်သိန်း(၂၁၀) |
| ၄။ | သီရိဂေဟာဦးဝင်းရွှေ' ဒေါ်ခင်ခင်စိန်တို့အား အမှူးထား၍ ဦးစိုးစိုး' ဒေါ်သီဂီဝင်း၊ သားကိုဇော်ဝင်းထွန်း၊ သမီးမစန္ဒီထွန်း၊ ၅ကောင်အားလေအေးစက်(၁)လုံးစာ ကျပ်သိန်း(၂၀)နှင့် ယခင်အလှူကျပ်(၁၇၅)သိန်းအပါအဝင် | ကျပ်(၁၉၅)သိန်း |
| ၅။ | ကွယ်လွန်ကြကုန်သော နှစ်ဖက်မိဘများ (ဦးဘသိန်း' ဒေါ်မြင့်မြင့်သန်း)(ဦးကျင်သောင်း' ဒေါ်အုန်းကြည်)တို့အား ရည်စူး၍ ဦးအေးဇော်' ဒေါ်မူမူသိန်းတို့မှ သံဃာကုဋီ(၁)ခန်း ကျပ်(၁၀)သိန်းနှင့်ယခင်အလှူကျပ်သိန်း(၁၀၀) | ကျပ်သိန်း(၁၁၀) |
| ၆။ | ဦးအောင်သန်းမြင့်' ဒေါ်ယုယုဝင်း၊ သားမောင်ခန့်အောင်မြင့်၊ ဦးဇော်နိုင်' ဒေါ်စန်းစန်းမြင့်၊ သားမောင်ပြည့်ဖြိုးဟိန်း **Super Power Electric Industry Co.,Ltd.** မှပထမအကြိမ်ကျပ်(၃၅)သိန်းနှင့်ဒုတိယအကြိမ်ကျပ်(၁၅)သိန်း | ကျပ်သိန်း(၅၀) |
| ၇။ | ဦးဝင်းနိုင်' ဒေါ်နှင်းအေးခိုင်၊ သမီးမခင်ယမုံသော်၊သားမောင်ကျော်ဘုန်းခ | ကျပ်(၃၅)သိန်း |
| ၈။ | ဦးချိုဇော်မင်း' ဒေါ်ရတနာဦး၊ သမီးမချစ်ခွန်းချို သားမောင်လပြည့်ချို | ကျပ်သိန်း(၃၀) |
| ၉။ | ဆရာမဒေါ်ဝင်းမြင့်သိန်းနှင့် မာတိကာသင်တန်းသား/သူများ ဓမ္မဗိမာန်ခန်းစီးလိုက်ကာ(၂)ခန်းအတွက် ကျပ်(၅)သိန်း၊ ဆရာမဒေါက်တာတင်တင်အောင်နှင့် ၂၀၁၈ခုနှစ်ပဋ္ဌာဝါရသင်္ချာ(၁)သင်တန်းသား/သူများခန်းစီးလိုက်ကာ(၃)ခန်းစာ ကျပ်(၇)သိန်း(၅)သောင်းနှင့် ဣန္ဒြိယ ယမကသင်တန်းသား/သူများ ခန်းစီးလိုက်ကာ(၁)ခန်းစာ(၂၅၃၀၀၀ိ/-)စုစုပေါင်း | ၁၅၀၃၀၀၀ိ/- |
| ၁၀။ | ဦးအောင်မင်း' ဒေါ်မိန်းမိန်း မုဒိတာကျောက်ဆစ်လုပ်ငန်း မန္တလေးမြို့။ | ကျပ်(၁၀)သိန်း |
| ၁၁။ | ကွယ်လွန်သူဦးတင်အောင်' ဒေါ်အမာအားရည်စူး၍ ရှတိုင်းယဉ်မိသားစု အောင်လံမြို့။ | ကျပ်(၁၀)သိန်း |

အိမ်အရောက်သင်ပေးသည်
❖ Managerial Accounting
❖ Financial Management
❖ LCCI - 1 & 2
❖ MYOB - Level 1,2 & 3
❖ Excel For Accounting
❖ Computer Basic
❖ Part Time Accountant
☎- 09 7996 42842, 09 254953952

### စံတော်ဝင်မြေဇင်းတောရဓမ္မရိပ်သာ (မိုးကုတ်မြို့) (၁၈) ကြိမ်မြောက် (၂) လတရားစခန်း ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့၊ လယ်ဦးအုပ်စု၊ ရွှံ့ပန်းလေးရပ်ရှိ"စံတော်ဝင်မြေဇင်းတောရဓမ္မရိပ်သာ"တွင် (၂)လတရားစခန်းကို (၁၃၈၀ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက်)၊ ၁၃-၇-၂၀၁၈ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါ၍ ကြိုတင်စာရင်းပေးသွင်းကြပါရန်နှင့် တရားစခန်းဝင်မည့် ယောဂီများသည် တရားစခန်းဖွင့်ပွဲမတိုင်မီ (၁)ရက် ကြိုတင်၍ လာရောက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။ ရဟန်းသံဃာတော်များ (၂)လ တရားစခန်းအပြီး ဝါကျွတ်သည်အထိ ဆက်လက်၍ တရားအားထုတ်နိုင်ပါသည်။

[အသက် (၅၀) ရှိပါလျှင် လပေါင်း (၆၀၀) မိမိလုပ်ချင်တာ/ လုပ်သင့်တာတွေ လုပ်ခဲ့ပြီးကြပါပြီ။ ဘဝတစ်ခုလုံးနှင့် သံသရာတစ်လျှောက်လုံးအတွက် (၂)လ တရားစခန်းဝင်ကြပါစို့လားခင်ဗျာ]

* တရားစခန်းဝင်မည့် ယောဂီများအနေဖြင့် တရားစခန်းသို့ အဖိုးတန်ပစ္စည်းများ ယူဆောင်ခြင်းမပြုလုပ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၄၀၂၆၉၈၆၉၉၊ ၀၉-၉၆၂၃၁၁၇၅၇၊ ၀၉-၄၅၁၄၉၃၄၆၄**

**သုဓမ္မမဏိဇောတရေ ဦးသန်းနိုင် (စံတော်ဝင်)+ ဒေါ်အေးအေးဝင်း (မြန်မာစံတော်ဝင်ကျောက်မျက်ရတနာကုမ္ပဏီ၊ စံတော်ဝင် ကျောက်မျက်ရတနာကုမ္ပဏီ)**

မင်္ဂလာပါ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

သိန်းသန်းဆက်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09-440390558
09-784109116

ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ မြောက်ပိုင်း
တောင်ပိုင်း၊ ဆိပ်ကမ်း
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
Ph:09 404663906
09-763584856

ထိပ်တန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေး
09-254256969
09-971322259

FAME
Nephrotec®
Astragaloside IV
ကျောက်ကပ်ဆေး
TMR 012139 (0516)
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
Ph: 09-965559860

FAME
Rejuvir®
Phytoestrogen supplement
ဒေါင်းကျွေးဆေး
TMR 007907 (1217)
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
Ph: 09-73142216

ပညာတံခွန် (၁၀တန်းစာသင်စာကျက်ဝိုင်းနှင့် အထူးဘော်ဒါ)
Reapter သီးသန့်ဖြစ်သည်။ ဖုန်း-၀၉ ၄၂၀၂၇၅၆၄၁

လမ်းမတန်းနေရာကောင်း ရောင်းမည်
သယ်န်းကျွန်းမြို့နယ်၊ ရတနာလမ်းမပေါ် ပေ(၆၀×၆၀) 2BN ရေ၊ မီး၊ ကြိုးဖုန်း၊ မြေပိုင်မြေ၊ ပိုင်ရှင်အမည်ပေါက်
ရောင်းဈေး-ကျပ်သိန်း (၈၅၀၀)
ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၀၀၅၈၃၆



# Facebook လူမှုကွန်ရက် စံနှုန်းများ

မြန်မာပြည်က သုံးစွဲသူတွေဟာ နေ့စဉ်နေ့တိုင်း သူတို့အကြောင်းတွေကို သူငယ်ချင်းတွေနဲ့ မျှဝေဖို့၊ ကမ္ဘာတစ်ဝန်းက အဖြစ်အပျက်တွေကို အခြားသူတွေရဲ့ အမြင်တွေနဲ့အတူ သိရှိနိုင်ဖို့၊ သူငယ်ချင်းတွေနဲ့ ဆက်သွယ်ဖို့၊ သူတို့ စိတ်ဝင်စားတဲ့ အကြောင်းအရာတွေဖတ်ရှုဖို့အတွက် Facebook ကို အသုံးပြုကြပါတယ်။ ဒီလိုမျှဝေတဲ့အခါ သုံးစွဲသူ အချင်းချင်း လုံခြုံစိတ်ချပြီး လေးစားမှုရှိတဲ့ ပတ်ဝန်းကျင်ဖြစ်နေဖို့ အလွန်ပဲ အရေးကြီးပါတယ်။ ဒါကြောင့် Facebook မှာ ဘယ်လိုအကြောင်းအရာတွေ ခွင့်ပြုတယ်၊ မပြုဘူးဆိုတာတွေကို လူမှုကွန်ရက်စံနှုန်းတွေ အနေနဲ့ ပြဋ္ဌာန်းထားပါတယ်။ Facebook ပေါ်မှာ မရှိသင့်ဘူးလို့ထင်တဲ့ အကြောင်းအရာတွေကိုလည်း Facebook ကို တိုင်ကြားနိုင်ပါတယ်။ တိုင်ကြားချက် အားလုံးကို အမည်လျှို့ဝှက်ထားမှာ ဖြစ်ပြီးတော့ သင်တိုင်ကြားထားတဲ့ အကြောင်းအရာက Facebook ရဲ့ မူဝါဒတွေကို ချိုးဖောက်၊မဖောက် ဆိုတာကိုလည်း ပြန်လည်အသိပေး ပြောကြားပေးသွားမှာ ဖြစ်ပါတယ်။



Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများကို သင်သိပါသလား။



ကျေးဇူးပြု၍ အမုန်းစကား မပြောပါနှင့်။



အွန်လိုင်းပေါ်တွင် အခြားသူများအား အနိုင်ကျင့်ခြင်းနှင့် နှောင့်ယှက်ခြင်းကို တားမြစ်သည်။



ကျေးဇူးပြု၍ အကြမ်းဖက်မှုများနှင့် ခြိမ်းခြောက်မှုများ Post မလုပ်ပါနှင့်။




Facebook စည်းမျဉ်း ချိုးဖောက်သည့် အကြောင်းအရာ အားလုံးကိုတိုင်ကြားနိုင်ပါသည်။ စည်းကမ်းချိုးဖောက်သည့် အကြောင်းအရာတွေ တိုင်ကြားနည်းကို သိနားလည်ရန် www.facebook.com/help/reportlinks ကိုဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

facebook
Learn more at: https://www.facebook.com/safety/resources/myanmar
Ma Thel Nu Soe
Ph : 09 799145081, 09788343331

ထုံကျဉ်ကိုက်ခဲမှုနှင့်သမျှလိမ်းမှုမေရင်တုန်လှုပ်၍ ဆေးစွမ်းထက်၍ ခရီးဆောင်ကောင်းသည့်
ဆေးစွမ်းထက်မြက်
စိန်ဘယက်အကြောပြေရှုလိမ်းဆေးအဆီ
Roll On

အကြောင်းအမျိုးမျိုးကြောင့် ချောင်းဆိုးရင်ကျပ်ကင်းဝေးအောင်
ရွှေလေညှင်းဆေးကိုဆောင်
ရွှေလေးညှင်း ချောင်းဆိုးရင်ကျပ်သောက်ဆေးအမြို့မြို့ဆိုင်တိုင်းမှာမေး

ဇွဲ ခမ့် သံယံ
အောင် (ဆေးသုတ်အဖွဲ့)
Unitex = 200-250
Orient = 300-350
Premier = 350-400
၁၈ပေ ပတ်လည်
ပစ္စည်း+လက်ခအပြီးအစီး
ရေစေး-ဆီဆေး-ပေါ်လစ်စိတ်တိုင်းကျဆောင်ရွက်ပေးပါသည်။
09-420118663,09-799119749

WEC Study Guide Service
မြန်မာကျောင်း၊ ဂုဏ်ထူးကျောင်းနှင့် International School မှ ကျောင်းသား၊ကျောင်းသူများအတွက် Study Guide/teacher လိုအပ်လျှင် ဆက်သွယ်နိုင်ပါသည်။
09 7999 156 12, 09782006933

ဒေါက်တာကိုမြင့်ထွန်း ဒေါက်တာကြည်မင်းသန့် တည်ထောင်သော
၁၈လမ်းဝိုင်း
Repeater တန်းခွဲသစ်နှင့် နေ့တက်စာကျက်ဘော်ဒါ
(မနက် ၁၀ နာရီမှ ည ၁၀ နာရီထိ)
ဇွန်လ နောက်ဆုံးပတ်စမည်။
အမှတ်(၁၂၆၊၁၂၈) ဒုတိယထပ် (ဓါတ်လှေကား နံပါတ် - ၂ ကိုနှိပ်ပါ)
၁၈လမ်း (အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား)၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

PANDA Engineering Group Since 1999
e-mail: knw@pandaaircon.com
> Air-Con မျိုးစုံ ရောင်းချ၊ တပ်ဆင်၊ ဆေးကြော၊ ပြုပြင်ပေးခြင်း။
> Air-Con Brand New 1.5 hp
တပ်ဆင်အပြီးအစီး ဈေးနှုန်း 330,000 ကျပ်
> အသုံးပြုပြီးသော Air-Con အဟောင်းများကို အသစ်ဖြင့်လဲပေးခြင်း။
> ရေခဲသေတ္တာနှင့် အဝတ်လျှော်စက်များ ပြုပြင်ပေးပါသည်။
> ဖုန်းသာဆက်လိုက်ပါ။ နီးနီးဝေးဝေး စမ်းသပ်စစ်ဆေးတပ်ဆင်ခ မယူပါ။
09 515 8803, 09 732 29024, 09 253 582510
အမှတ် ၁၃၀(မြေညီ) ၉၄ လမ်း၊ ဒေါ်သိန်းတင်လမ်းထိပ်၊ မင်္ဂလာတောင်ညွန့်။

မြတ်မေတ္တာ Nursing Home
လူကြီးမင်းများပြုစုစောင့်ရှောက်ရန် အခက်အခဲဖြစ်နေသော မိဘ၊ ဆွေမျိုးသက်ကြီးဘိုးဘွားများအား မြတ်မေတ္တာ Nursing Home တွင် စားသောက်ရေး၊ နေထိုင်ရေး၊ သူနာပြုစောင့်ရှောက်ရေးကိစ္စများကို ကျွမ်းကျင်၊ စိတ်ရှည်သော သူနာပြုများဖြင့် တာဝန်ယူဆောင်ရွက်ပေးပါသည်။
ဆက်သွယ်ရန်လိပ်စာ-အမှတ်-၁၅၀၄၊ မင်္ဂလာသုခ(၁)လမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရန်ကုန်မြို့။
ဖုန်း-၀၉-၇၉၇၁၄၂၁၃၇၊ ၀၉-၇၉၅၅၈၃၄၄၅၊ ၀၉-၂၅၄၃၈၀၄၄၈

တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ပြီးသူများအတွက် ......
(UK) အင်္ဂလိပ်နိုင်ငံ ဒီပလိုမာ တန်းခွဲသစ်များ ကျောင်းအပ်လက်ခံပြီ
Diploma in Air-Con & Refrigeration
Diploma in Civil (Construction)
Diploma in Electrical & Electronic
Adv; Diploma in Civil(Construction)
သင်တန်းကာလ (၆လ/၁နှစ်)
"သင်တန်းကြေးအရစ်ကျ ပေးသွင်းနိုင်သည်။"
လက်တွေ့ကျွမ်းကျင်မှု သင်တန်းများပါ အခမဲ့ သင်ကြားပေးသည်။
Dual Tech မှ ကမ္ဘာ့အမှတ်အများဆုံး ရွှေတံဆိပ်ဆုရှင် (၄)ဦး၊
People's Choice Awards ဆုရှင်(၂)ဦး ရရှိခဲ့သည်။
DUALTECH (Institute of Vocational Education)
အမှတ် - ၂၀၆/၂၊ ရန်ကင်းလမ်းမကြီး၊ ၁၂လုံးတန်းမှတ်တိုင်(မီးပွိုင့်ထောင့်) ရန်ကင်းမြို့နယ်။
Ph:01 8550596, 09 730 20803, 09 420 313719 Website: dualtechmyanmar.com

STANDARD ECO ZONE your affordable quality
SG Eco laminate floor
Week-25 4 Days Promotion!
ကြာသပတေး သောကြာ၊ စနေ တနင်္ဂနွေ
ဝက်ဂျိုက်ဂိုက် နယ်/လက်ကား အထူးဈေးနှုန်း
8mm- ၁ ကျင်း (၃၈)ချပ်
၆၅၀၀၀ ကျပ်
(Floor Only)
(ကျင်း 20 အထက် သီးသန့်ဈေးနှုန်း)
09 4555 444 30, 09 4555 444 03



GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
09401505559

နေရာကောင်းရောင်းမည်
ပေ (၂၀x၇၀)၊ ရေ မီး အုတ်ခံ၊ မစိုးရိမ် (၂)လမ်း၊ အေဝမ်းလမ်းမှလည်း ဝင်လို့ရ၊ ၉ မိုင်၊ မရမ်းကုန်း၊ တိတ်ဆိတ်အေးချမ်း၍ ပတ်ဝန်းကျင် အလွန်သန့် သိန်း(၂၅၀၀)
ဖုန်း-၀၉-၉၇၂၆၆၃၃၃၆

နာမည်ပေါက်ရောင်းမည်
ပေ (၄၀x၆၀)၊ မြေသီးသန့် စံချိန်မှီ (၁) ကျောက်တန်း၊ နာမည်ပေါက်ပါမစ်၊ ရင်းနှီးမြှုပ်နှံသင့်သည့်မြေ၊ သိန်း(၉၀)
ဖုန်း-၀၉-၉၇၂၆၆၃၃၃၆

ပန်းချစ်သူ

THREE STAR
Air-Con ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်
ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း
ဆေးကြောသန့်စင်ခြင်းလုပ်ငန်း။
Split Type Air-con Brand New 1HP
တပ်ဆင်ပြီးဈေးနှုန်း 300000-Ks
(Copper Pipe-10', Drain Pipe, Wire, Safeguard, Frame, Transportation)
"အနီးဆုံးဆိုင်သို့ ဆက်သွယ်ရန်"
တောင်ဥက္ကလာ - 705784, 09-5163480
လှိုင်မြို့နယ် - 09-401505153, 09-420186543
ဗဟန်းမြို့နယ် - 09-428192157, 09-252833530
စမ်းချောင်း - 09-450047285, 09-250161435
မင်္ဂလာတောင်ညွန့် - 09420047153, 09-250069932
မ/ဥက္ကလာပ - 0943131601, 09400882811

H-100
YOUR DEPENDABLE BUSINESS PARTNER
HYUNDAI Official Partner
FIFA WORLD CUP RUSSIA 2018



"PRICE DOWN!"
$299/Month
2.6L Diesel (Natural Aspiration)
5-Speed M/T
Wide View Outside Mirror
Versatile Tool-Box
Spacious Cargo
Hyundai Car Showroom
www.hyundaimotor.com.mm info@hyundaimotor.com.mm www.facebook.com/hyundaimm
All information and illustrations are based on data avilable at the time of publication and subject to change without notice.

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ မေယုလမ်း၊ အမှတ်(၃၂၆)၊ RC(၆)ထပ်အဆောက်အအုံ၏ ပထမထပ်၊ ဧရိယာ(၉၇၂)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဦးဝင်းနိုင်[၁၂/ဥကမ(နိုင်)၁၂၉၃၉၆]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်မာလာသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းမင်းစိုး
LL.BWIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)
ph-09-765603599, 09-450023651

ဒေါ်သူဇာကျော်
LL.B,D.B.L.D.I.L.WIPO (Switzerland)
ph-01-9345266, 09-254508917
အထက်တန်းရှေ့နေ(စဉ်-၄၆၀၅၁)

Level-7,Office Tower 2, HAGL Myanamr Centre Tower
အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးပု**
**အသက်(၈၉)နှစ်**

ဦးတင်ဦး [ဒုတိယအထွေထွေမန်နေဂျာ(စီမံကိန်း/သစ်လုံး)၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ မြန်မာ့သစ်လုပ်ငန်း]-ဒေါ်အေးအေးမာတို့၏ ဖခင်ဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးပုသည် ၁၄-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေမန်နေဂျာ(ပြည်ပရောင်း)နှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့သစ်လုပ်ငန်း**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးပု**
**အသက်(၈၉)နှစ်**

ခင်မင်ရပါသော ဦးတင်ဦး-ဒေါ်အေးအေးမာ တို့၏ မွေးသဖခင် ဦးပု အသက်(၈၉)နှစ်သည် ၁၄-၆-၂၀၁၈ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းကို-ဒေါ်မာလာလှိုင်(မိသားစု)**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးနေဝင်း(B.Ag)**
**အသက်(၆၀)**
**လ/ထ မန်နေဂျာ(ရန်ကုန်တိုင်း)(ငြိမ်း)၊ စိုက်ပျိုးရေး**

ခရိုင်တရားသူကြီး(ငြိမ်း) ဒေါ်ချစ်ချစ်၏ ခင်ပွန်းဖြစ်သူ ဦးနေဝင်းသည် ၁၂-၆-၂၀၁၈ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗေယျ(၇၄)တရားရေးအရာရှိသင်တန်းဆင်း**
**သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ကြည်ကြည်မြ**
**အသက် (၅၃)နှစ်**
**ရုံ(ခ)၊ ဒိုင်အမှတ်(၁၈)၊ ဗဟိုစံပြငါးဈေးကြီး**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃/ရန်ပြေ)ရပ်ကွက်၊ သုမနလမ်း၊ အမှတ်(၂၈/ခ)နေ ဦးမြမောင်-ဒေါ်လှအေးတို့၏သမီးဖြစ်သူ ဒေါ်ကြည်ကြည်မြသည် ၁၆-၆-၂၀၁၈ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဈေးသာယာရေးအဖွဲ့(ဗဟိုစံပြငါးဈေးကြီး)**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးလှစိုးကျော်**
**မြို့နယ်လျှပ်စစ်မန်နေဂျာ၊ ဗိုလ်တထောင်မြို့နယ် လျှပ်စစ်မန်နေဂျာရုံး**
**အသက် (၅၂)နှစ်**

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ဗိုလ်တထောင်မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးလှစိုးကျော် အသက် (၅၂)နှစ်သည် ၁၆-၆-၂၀၁၈ ရက်နေ့ နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်ဝန်ထမ်းများ**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

**ဘုရား၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သောင်းသောင်း(မြတ်ရွှေဝါဆွယ်တာ) (၉၂)နှစ်

ပြင်ဦးလွင်မြို့၊ အကွက်(၁၀)၊ အမှတ်(၅)၊ မန္တလေးလားရှိုးလမ်းနေ (ဦးဝိန်-ဒေါ်သင်းလှိုင်)တို့၏သမီး၊ (ဦးစိန်ဝင်း)-ဒေါ်ခင်သိန်း၊ (ဦးစိန်လှမောင်)-ဒေါ်တင်တင်၊ (ဦးဘို-ဒေါ်ရီရီ)၊ (ဒေါ်မြသွယ်)တို့၏ညီမ၊ ဗမစောမောင်(ရေ-ငြိမ်း)-ဒေါ်ခင်ထွန်းကြည်၊ ဗမဒေါ်ခင်စု(ရေ-ငြိမ်း)တို့၏အစ်မ၊ (ဦးကျော်ဇံဟိန်း)-ဒေါက်တာဝါဝါခင်(ပါမောက္ခ-ငြိမ်း၊ ဓာတုဗေဒဌာန MUDE)တို့၏ မိခင်၊ ဒေါက်တာမောင်မောင်မင်းသက်-ဒေါက်တာငြိမ်းငြိမ်းတင့်(ခေတ္တ-Australia)၊ ဦးမောင်မောင်ကျော်သက်-ဒေါ်နန်းမိုဟွမ်၊ ဒေါက်တာမောင်မောင်ဟိန်းသက်-ဒေါ်မီမီထွန်းတို့၏အဘွား၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၁၆-၆-၂၀၁၈ (စနေနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် လားရှိုးလမ်း၊ မြတ်ရွှေဝါနေအိမ်မှ (၈)မိုင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၁၈ (တနင်္လာနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ မေတ္တာပို့ဆုတောင်း အမျှပေးဝေလိုပါသောကြောင့် လားရှိုးလမ်း မြတ်ရွှေဝါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်တင်အေး(မြင်းကကုန်း/ရန်ကင်း) (၈၉)နှစ်

(ဦးဖိုးအောင်-ဒေါ်မြသိန်း)တို့၏သမီးကြီး၊ [ဆရာဦးတင်လှ(မြင်းကကုန်း အထက်တန်းကျောင်း)]၏ဇနီး၊ ဦးသိန်းဇော်(အင်/ယာ)-ဒေါ်လှလှချို(ငြိမ်း၊ ထ-၂၊ ရန်ကင်း)၊ ဦးသိန်းနိုင်-ဒေါ်မြသက်မွန်၊ ဒေါ်စိုးစိုး(ငြိမ်း၊ စက်မှု-၁ အထည်)၊ ဦးညီညီတင်-ဒေါ်မိုးမိုးအေး(U.S.A-L.A)၊ ဦးဇော်ဝင်းနိုင်-ဒေါ်မိမိရှိန် (Aussi Perth)၊ ဦးမြဝင်း-ဒေါ်သင်းမြတ်အေး(ငြိမ်း၊ ထ-၁၊ တောင်ဥက္ကလာ)၊ ဦးဟန်ထွန်း-ဒေါ်လင်းမြတ်ထွေး(ဂျပန်-ဧည့်လမ်းညွှန်) တို့၏ ချစ်လှစွာသော မိခင်ကြီး၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၁၆-၆-၂၀၁၈ (စနေနေ့) နံနက် ၉း၁၅နာရီတွင် အမှတ် (၁၂၀၈)၊ သစ္စာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်ဝင်း(ရေကြောင်းအင်ဂျင်နီယာ-ငြိမ်း)
**အသက် (၇၀)**
**ဘားအံမြို့**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ (၂/ခ)ရပ်ကွက်၊ အမှတ်(၅၁)၊ ဉာဏသုခလမ်းနေ ဒေါ်ခင်သန်းရီ၏ခင်ပွန်း၊ ဒေါက်တာစိုးလွင်-ဗိုလ်မှူးဒေါ်နှင်းယုကျော်၊ ဦးမင်းသုကျော်တို့၏ဖခင်၊ ဦးစိုးဝင်း၊ (ဒေါ်ခင်မေဝင်း)၊ (ဒေါ်တင်မေဝင်း)တို့၏ ညီ/မောင်၊ (ဦးဉာဏ်ဝင်း)၊ ဒေါ်မြင့်မြင့်ဝင်း၊ (ဦးသန်းထွန်းအောင်)၊ ဦးအောင်ဝင်းတို့၏အစ်ကို၊ မြေးခြောက်ယောက်တို့၏အဘိုး ဦးကျော်ဝင်းသည် ၁၆-၆-၂၀၁၈ (စနေနေ့) နံနက် ၅း၀၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်အေးလှ(ခ)ဒေါ်ခင်လှ
**(ဖျာပုံ)**
**အသက် (၈၇)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရတနာပုံလမ်း၊ အမှတ်(၁၈)၊ ခုနစ်လွှာ (B)နေ [ဦးအောင်စံအေး(အောင်သစ္စာပွဲရုံ)]၏ ဇနီး၊ ဖျာပုံမြို့နယ်အသင်း (ရန်ကုန်)၏ ရာသက်ပန်အသင်းဝင်၊ ကန်တော့ခံသက်ကြီး ဒေါ်အေးလှ(ခ) ဒေါ်ခင်လှသည် ၁၂-၆-၂၀၁၈ (အင်္ဂါနေ့) ည ၈း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၁၈(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ချန်ရှုအင်း(ခ)ဒေါ်ရှုရင်
**အသက် (၉၅)နှစ်**

အမှတ်(၇၇)၊ ပထမထပ်၊ (၁၇)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့နှင့် အမှတ်(၄၁)၊ လေးလွှာ၊ ကိုင်းတန်းလမ်း၊ လမ်းမတော်မြို့နယ်နေ (ဦးစွန်ဘွန်စိန်)၏ဇနီး၊ ဦးသိန်းဦး-(ဒေါ်အေးဝိ)၊ ဦးမြင့်ဆွေ-ဒေါ်သန်းသန်းမြင့်၊ ဒေါ်စန်းစန်းဝင်း၊ ဦးမြင့်ဦး၊ ဦးကြည်တိုး-ဒေါ်နွယ်နွယ်အေးတို့၏မိခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၅-၆-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်ပါမည်။ (ကိုင်းတန်းနေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**အနိစ္စ**

## ဒေါ်စန်းရီ (၈၁)နှစ်

ရန်ကုန်မြို့၊အမှတ်(၁၀၆)၊ ရန်အောင်လမ်းသွယ် (၂)လမ်း၊ (၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဗိုလ်မှူးအုန်းငွေး(ငြိမ်း)၏ဇနီး၊ (ဦးဘခင်-ဒေါ်စိန်)တို့၏ သမီး၊ (ဦးချစ်သိန်း-ဒေါ်အုန်းခင်)တို့၏ သမီးချွေးမ၊ (ဦးဟံတင်)၊ ဒေါ်ညိုလေး၊ (ဦးအေးကြူ)၊ ဦးချစ်လှိုင်တို့၏ညီမ/အစ်မ၊ ဒေါ်ခင်ငွေးရီ၊ ဦးဉာဏ်အောင်-ဒေါ်ဆွေဆွေမင်းနိုင်၊ ဦးယဉ်မိုးအောင်-ဒေါ်ဇင်မာထွေး၊ ဦးသက်ထွန်းအောင်-ဒေါ်စုစုမိုး၊ ဦးကျော်ကျော်လွင်- ဗိုလ်မှူး/ဗိုလ်ကြီးကေခိုင်စန်းတို့၏မွေးသမိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၁၆-၆-၂၀၁၈ ရက် နံနက် ၁၁း၁၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၈ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်တင်တင်စိန်
**အသက် (၆၇)နှစ်**
**အသင်းဝင်အမှတ်-၂၂၄၂**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ သုဓမ္မာလမ်း၊ အမှတ်(၁)နေ ဦးတင့်လွင်၏ဇနီးသည် ၁၅-၆-၂၀၁၈ (သောကြာနေ့) နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အသင်းမှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

## ဒေါ်ဝေလှ(ကျောက်ဖြူ)
**အသက် (၆၅)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ် (၈)လမ်း၊ အမှတ် (၁၈၈)၊ ခေါင်းရင်းခန်းနေ (ဦးဘစိန်-ဒေါ်ယိုင်ချေ)တို့၏သမီး၊ (ဦးမောင်လှိုင်)၏ဇနီး၊ ဦးတင်နီထွန်း-ဒေါ်မာလာဆန်း၊ ဦးမောင်ဆန်းလှိုင်၊ ကိုဆန်းထွန်း-မချိုမာလွင်၏ချစ်လှစွာသောမိခင်၊ မသက်နှင်းစံ၏အဘွား ဒေါ်ဝေလှသည် ၁၅-၆-၂၀၁၈ ရက် နံနက် ၁၁း၀၅ နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဓမ္မစမ်းမြိုင်ကျောင်းတိုက်၊ ဟသ်ာလမ်း၊ (၁၄/၂)ရပ်ကွက်၊ တ/ဥက္ကလာပ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသန်းဦး(ခ)ဖိုးစိုး(ထားဝယ်)
**အသက် (၄၉) နှစ်**

ထားဝယ်မြို့နေ (ဦးစောအောင်-ဒေါ်သန်းရီ)တို့၏သား၊ ထားဝယ်မြို့နေ (ဦးသန်းတင်-ဒေါ်လှကြည်)တို့၏ သားသမက်၊ ဒေါ်နီနီထွေး၏ခင်ပွန်း၊ ထားဝယ်မြို့၊ ဝေရာစံလွတ်ကျောင်းဆရာတော်၏ညီ၊ ဦးညွန့်စိုး၊ ကိုဝင်းလှိုင်-ဒေါ်ယဉ်ယဉ်ထွေး၊ ဦးခင်ထွေး-ဒေါ်ရီရီငွေးတို့၏ညီ/မောင်၊ ဦးသန့်ဇင်-ဒေါ်မြင့်မြင့်လှိုင်၊ ဦးအောင်ထွန်းဝင်း-ဒေါ်သက်သက်စုတို့၏ အစ်ကို ဦးသန်းဦး(ခ)ဖိုးစိုး(ထားဝယ်)သည် ၁၆-၆-၂၀၁၈(စနေနေ့) နံနက် ၁၀နာရီတွင် အမှတ်(၅၆၄)၊ စံပယ်(၃)လမ်း၊ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၈ (တနင်္လာနေ့) ညနေ ၄ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်သိန်း(ထားဝယ်)
**အသက် (၉၈) နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၄)ရပ်ကွက်၊ အမှတ်(၅၀)၊ ကျောက်စိမ်းလမ်းနေ (ဦးဦးဖေ-ဒေါ်မေချစ်)တို့၏သား၊ (ဒေါ်သန်းကြည်)၏ခင်ပွန်း၊ ဦးဖေစန်း-ဒေါက်တာငွေရည်ခိုင်၊ (ဒေါ်ခင်စန်းမြင့်)၊ ကပ္ပတိန်ကျော်စိန်ဝင်း-ဒေါ်နွဲ့နွဲ့စန်း၊ ဒေါ်အုန်းအုန်းစန်း၊ ဦးအောင်သိန်း-ဒေါ်စန်းစန်းပွင့်၊ ဦးဝင်းမြင့်-ဒေါ်ရီရီစန်း(ခန့်ရတနာ)၊ ဦးဝင်းစန်း-ဒေါ်နော်ခြူးငွေးတို့၏ဖခင်၊ ဒေါက်တာအေးမင်းစန်း၊ ဒေါက်တာထွန်းမင်းစန်း-မဥမ္မာရွှေ၊ မောင်လှမင်းထွန်း-မဆုမွန်မွန်ဝင်း၊ ဒေါက်တာသက်ဖြိုးဝင်း-ဒေါက်တာအိဖြူဖြူ၊ ဒေါက်တာအောင်ကျော်ခန့်၊ မနှင်းရီခန့်၊ မမြတ်ပိုပိုသိန်း၊ မောင်မင်းကိုကိုသိန်းတို့၏အဘိုးသည် ၁၅-၆-၂၀၁၈ (သောကြာနေ့) ည ၁၀း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၈ (စနေနေ့)တွင် သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသန်းဆွေ(ခ)ဦးကမားဘရှူးဝါး
**အသက် (၆၈)နှစ်**
**အ. ထ. က(၁) ကမာရွတ်(အထက်တန်းစာရေးကြီး-ငြိမ်း)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဟိုက်ပတ်(၂)လမ်းနေ (ဦးဒီစီဘရှူးဝါး-ဒေါ်အိုင်ပီဘရှူဝါး)တို့၏သားကြီး၊ ဦးအောင်သန်း(အားကစားမှူး-ငြိမ်း)-ဒေါ်နီနီခိုင်၊ [ဦးဝင်းမြင့်(ခ)ဦးနေရှူး]တို့၏အစ်ကိုကြီး၊ မအေးအေးမွန်၊ မသီနွယ်ထွန်း၊ မမေသက်မွန်တို့၏ဖခင်၊ ဒေါ်စန်းစန်းထွေး၏ ချစ်လှစွာသောခင်ပွန်းသည် ၁၆-၆-၂၀၁၈ရက် နံနက် ၁၂း၁၀နာရီတွင် အင်းစိန်မြို့နယ်၊ အင်းစိန်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၈ ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၈ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဟိုက်ပတ်(၂)လမ်းနေ ဒေါ်စန်းစန်းထွေး၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးကိုကိုအေး (၆၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)အနော်မာရပ်ကွက်၊ ရောဝဏ်ရိပ်သာ၊ အမှတ်(၅၈)နေ (ဦးတီပီဝမ်း-ဒေါ်တင်အေး)တို့၏သား၊ (ဦးမောင်လွင်-ဒေါ်ကြည်မြိုင်)တို့၏ သားသမက်၊ ဦးပီတူး၊ ဦးကိုကိုကြီး-ဒေါ်သီတာတို့၏ညီ၊ ဒေါ်မြရီ၏ခင်ပွန်း၊ မောင်ဇော်ဇော်ထူး-မခင်အေးတင့်၊ မောင်ဇော်မျိုးပိုင်-မခင်ချိုတင့်၊ မောင်လွင်မင်းအောင်တို့၏ဖခင်၊ မခင်သူဇာ၏ဦးလေး၊ မသဒ္ဒါထူး၊ မအိန္ဒြေထူးတို့၏အဘိုး ဦးကိုကိုအေးသည် ၁၄-၆-၂၀၁၈ (ကြာသပတေးနေ့) ည ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအေးမင်း
**အသက် (၅၈) နှစ်**

သထုံမြို့၊ နန်းခဲရပ်ကွက်နေ (ဦးသိန်း)-ဒေါ်သန်းရင်တို့၏သား၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ အောင်သပြေအရှေ့(၆)လမ်း၊ အမှတ် (၄၈၃)နေ ဒေါ်တင်တင်ဝင်း၏ခင်ပွန်း၊ မောင်သီဟသူ-မလှယမင်းဦး၊ မောင်ကျော်ဝင်းအောင်-မမေပုလဲဖွန့်၊ မောင်အောင်မျိုးမင်း၊ မချိုချိုဝင်းတို့၏ ဖခင်၊ မသွယ်သွယ်ဝင်း၏အဘိုးသည် ၁၆-၆-၂၀၁၈ (စနေနေ့) နံနက် ၃း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ကြည်ကြည်မြ
**အသက် (၅၃) နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရန်ပြေရပ်ကွက်၊ သုမနလမ်း၊ အမှတ်(၂၈/ခ)နေ ဦးမြမောင်-ဒေါ်လှအေးတို့၏သမီး၊ ဒေါ်မြမြရီ၊ ဦးအောင်မြင့်တို့၏ညီမ၊ ဒေါ်ကြည်ကြည်လှ၊ ဒေါ်ကြည်ကြည်အေး၊ ဦးဝင်းမြင့်၊ ဦးထွန်းထွန်းဝင်းတို့၏အစ်မ၊ ဦးသန်းစိုး၏ဇနီး၊ ကိုစည်သူလွင်-မစောမြတ်မာလာ၊ ကိုစည်သူလင်းတို့၏ ချစ်လှစွာသောမိခင်၊ မောင်အာကာသူရိန်၏အဘွား ဒေါ်ကြည်ကြည်မြသည် ၁၆-၆-၂၀၁၈(စနေနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၈(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး ညီအစ်ကိုမောင်နှမ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးလှစိုးကျော်(ငြိမ်း)
**မြို့နယ်လျှပ်စစ်မန်နေဂျာ၊ ဗိုလ်တထောင်မြို့နယ်(ရန်ကုန်)**
**အသက် (၅၂) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကေတုမတီမြို့နေ (ဦးစိုးမင်း)-ဒေါ်လေးဖြူတို့၏ သားကြီး၊ ဦးသောင်းဟန်-ဒေါ်ခင်အေးကြူတို့၏သားသမက်၊ ဒေါ်ဆွေဇင်ခိုင် (ထက်/ပြ၊ အထက-၃၊ ကျိုင်းတုံ)၏အစ်ကို၊ ဒေါ်နီလာ(အထက-၁၊ ပုဇွန်တောင်)၏ခင်ပွန်း၊ မောင်ထက်မြတ်စိုး၊ မောင်ကောင်းထက်စိုး၊ မောင်ကောင်းမြတ်စိုးတို့၏ဖခင် ဗိုလ်ကြီးလှစိုးကျော်(ငြိမ်း)သည် ၁၆-၆-၂၀၁၈ (စနေနေ့) နံနက် ၀၀း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ဗိုလ်လောင်းသင်တန်းအပတ်စဉ်(၈၅)၊ သီဟတပ်ခွဲမှ သူငယ်ချင်းများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## မခိုင်မီမီအောင်
**အသက် (၂၁)နှစ်**
**သတ္တဗေဒ၊ တတိယနှစ်**
**ရေစကြိုမြို့နယ်၊ စည်သာစံပြကျေးရွာ**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ စည်သာစံပြကျေးရွာနေ (ဦးစံဝင့်)-ဒေါ်ကြီးတန်၊ (ဦးမောင်)-ဒေါ်သိန်း၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၃၈၅)၊ ကျိုက္ကဆံလမ်းနေ (ဦးစိန်မောင်-ဒေါ်စိန်ကြည်)တို့၏မြေး၊ ဦးအောင်ဆန်းဝင်း-ဒေါ်ခင်အုံးငွေးတို့၏သမီး မခိုင်မီမီအောင်(သတ္တဗေဒ၊ တတိယနှစ်၊ တာဝ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)သည် ၁၅-၆-၂၀၁၈ ရက် ည ၁၀ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော် စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါ အချက်များကို ငါး၊ ပုဇွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်-

၁။ မွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော၊ နိမ့်သောနေရာများတွင်သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားရန်၊

၂။ အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှု မရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားရန်၊

၃။ ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှု ကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားရန်၊

၄။ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းကြရန်၊

၅။ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားရန်၊

၆။ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားရန်၊

၇။ မွေးမြူရေးကန်၏ ရေထွက်၊ ရေလှဲ့ပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေရန်၊

၈။ ထူးခြားသည့်အခြေအနေများ အချိန်နှင့် တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပေးနိုင်မည့် နည်းလမ်းများအား ကြိုတင်ပြင်ဆင်ထားရန်၊

၉။ အစိုးရပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့်ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက် ဖလှယ်ကြရန်၊

၁၀။ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ပလင်းကမ်းသာယာဆင်စခန်းတွင် ဆင်အရိုးစုပြတိုက် တည်ဆောက်



**ညောင်ဦး ဇွန် ၁၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ပုလင်းကျေးရွာအနီးရှိ ပလင်းကမ်းသာယာဆင်စခန်းဝင်းအတွင်း ပြည်တွင်းပြည်ပခရီးသွား ဆင်ချစ်သူများ ဆင်တစ်ကောင်လုံးရှိ ဆင်ခန္ဓာကိုယ်အစိတ်အပိုင်းများအကြောင်း လက်တွေ့လေ့လာနိုင်ရန် ဆင်အရိုးစုများကို ဆင်တစ်ကောင် ရပ်နေသည့်ပုံစံအတိုင်း ဆင်ပြတိုက်တည်ဆောက်လျက်ရှိကြောင်း ပလင်းဆင်စခန်းတာဝန်ခံ (လက်ထောက်မန်နေဂျာ) ဦးမျိုးမင်းကိုထံမှ သိရသည်။

ပြည်တွင်း ပြည်ပခရီးသွားများ လွယ်ကူစွာ လာရောက်လေ့လာနိုင်စေရန်နှင့် ဆင်များ၏ သဘောသဘာဝများ၊ ဆင်တစ်ကောင်လုံးရှိ အရိုးဖွဲ့စည်းပုံနှင့် ဆင်တစ်ကောင်မတ်တတ်ရပ်လျက်အနေအထားအတိုင်း လေ့လာနိုင်ရန် ဆင်ဆရာဝန်များက အနီးကပ် ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဆင်တစ်ကောင်၏ အရိုးအစိတ်အပိုင်းများဖြစ်သော ဦးခေါင်းခွံ၊ သွား၊ လည်ပင်းရိုး၊ ရင်ပိုင်းရိုး၊ ကျောရိုးမ၊ မြီးညောင်းရိုး၊ အမြီးရိုး၊ လက်ပြင်ရိုး၊ လက်မောင်းရိုး၊ လက်ဖျံရိုး ၊လက်ချောင်းရိုး (လက်ဆစ်ကလေးများ)၊ တင်ပါးဆုံရိုး၊ ပေါင်ရိုး၊ ခြေသလုံးရိုး၊ ခြေချောင်း(ခြေဆစ်ကလေးများ) စသည့် ဆင်တစ်ကောင်လုံးရှိ အရိုးအစိတ်အပိုင်းများကို စုံလင်စွာပြသပေးသွားမည်ဖြစ်ကြောင်း၊ ဆင်တစ်ကောင်၏ခန္ဓာကိုယ် ဖွဲ့စည်းတည်ဆောက်ပုံကို အနီးကပ်လာရောက်လေ့လာနိုင်မည်ဖြစ်ကြောင်း ဆင်အရိုးစု တည်ဆောက်နေသည့် ဆင်ဆရာဝန် ဒေါက်တာသန်းစိုးက ရှင်းပြသည်။

ပလင်းကမ်းသာယာဆင်စခန်းဝင်းအတွင်းထားရှိမည့် ဆင်အရိုးစုပြတိုက်ရှိ ဆင်သည် ဆင်မ မထွန်းဇော်၏ ခန္ဓာကိုယ်အရိုးစုများဖြစ်ပြီး အသက်အရွယ်အိုမင်းကာ ဓမ္မတာအတိုင်း သေဆုံးခြင်းဖြစ်သည်။ ၎င်း၏ အရပ်အမြင့်မှာ ခုနစ်ပေ ရှစ်လက်မရှိပြီး ၁၀-၂-၁၉၆၂ ရက်တွင် မွေးဖွားခဲ့ကာ ၂၉-၇-၂၀၁၇ ရက်တွင် သေဆုံးခဲ့ကြောင်း ဆင်ဆရာဝန် ဒေါက်တာအောင်မြင့်ထွန်းက ပြောပြသည်။

ပုဂံ-ညောင်ဦး ဒေသသည် ပြည်တွင်းပြည်ပ ခရီးသွားများ ရာသီမရွေး လာရောက်သည့် ဒေသဖြစ်ရာ ဆင်ချစ်သူများနှင့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ အလွယ်တကူလာရောက် လေ့လာနိုင်စေရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ဆင်အခြေပြု မြန်မာ့ခရီးသွားလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာစေရန် ဆင်စခန်းများဖွင့်လှစ်၍ ဆင်များကို ပြုစုထိန်းသိမ်းစောင့်ရှောက်လျက်ရှိကာ ဆင်များကို အနီးကပ် လာရောက်လေ့လာနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း

**စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ○**

## နိုင်ငံတော်လုံခြုံရေးအဖွဲ့အစည်းများနှင့် အသွင်သဏ္ဌာန်တူသောဝတ်စုံများ ဝတ်ဆင်ခြင်းနှင့် ဥပဒေမဲ့လုပ်ရပ်များ လုပ်ကိုင်ခြင်းတို့အပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်

**နေပြည်တော် ဇွန် ၁၆**

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် "နိုင်ငံတော်လုံခြုံရေးအဖွဲ့အစည်းများ၏အသွင်သဏ္ဌာန်ဖြင့် ယူနီဖောင်းများ ဖန်တီးဝတ်စားဆင်ယင်ခြင်း မပြုကြရန်နှင့် ဝတ်ဆင်ကြောင်းတွေ့ရှိပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ကြေညာချက်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

အချို့သောသတင်းထောက်များအနေဖြင့် သတင်းရယူဆောင်ရွက်ရာတွင် ဥပဒေနှင့်မညီသော ပြုလုပ်မှုများကြောင့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက ကျေနပ်မှုမရှိသဖြင့် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် တည်ဆဲဥပဒေများအရ အရေးယူပေးရန် တိုင်ကြားမှု ၁၂ မှုရှိခဲ့ပြီး သတင်းထောက် ၁၅ ဦး၊ မီဒီယာအသင်းဝင် တစ်ဦး စုစုပေါင်း ၁၆ ဦးတို့အား အရေးယူခဲ့ရကြောင်း စိစစ်တွေ့ရှိရပါသည်။

အချို့သောသတင်းထောက်များသည် အထူးသတင်းထောက်များ၊ မှုခင်းသတင်းထောက်များအမည်ခံ၍ လောင်းကစားမှုများ ပြုလုပ်ခြင်း၊ မှုခင်းများတွင် အမှုလိုက်အကျိုးဆောင်အဖြစ် လုပ်ကိုင်ခြင်း၊ ဝင်ရောက်စွက်ဖက်၍ ငွေကြေးတောင်းခံခြင်း၊ အသင်းဝင်အဖြစ်လျှောက်ထားသူများထံမှ ဝင်ကြေးများကောက်ခံခြင်း၊ မြေယာကိစ္စများတွင် ပါဝင်ပတ်သက်ခြင်း၊ ဒုစရိုက်လုပ်ငန်းလုပ်ကိုင်နေသူများထံမှ လစဉ်ကြေးများရယူခြင်းများရှိနေကြောင်းကိုလည်း စိစစ်တွေ့ရှိရပါသည်။

မှုခင်းသတင်းထောက်များအပါအဝင် သတင်းထောက်အသင်းများသည် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ မှတ်ပုံတင်ထားသောအဖွဲ့အစည်းဖြစ်၍ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေ ၄ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိပါက

**စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ☆**

# ရှမ်းယူနိုက်တက်အသင်း မကွေးကို နှစ်ကျော့စလုံးအနိုင်ယူ

ရန်ကုန် ဇွန် ၁၆

**၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၆)ပထမနေ့ကို ယနေ့ညနေပိုင်းကကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့် GFA အသင်း နိုင်ပွဲရပြီး ရခိုင်နှင့် ရတနာပုံအသင်း သရေကျခဲ့သည်။**

(တောင်ကြီးကွင်း)

ရှမ်းယူနိုက်တက် - နှစ်ဂိုး

မကွေး - ဂိုးမရှိ

ချန်ပီယံဆုကာကွယ်နိုင်ရန် အခွင့်အရေးရှိလာသည့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်းတွင် အမှားအယွင်းမရှိ နိုင်ပွဲရယူနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဝီလျံ၊ ခရစ္စတိုဖာတို့၏ သွင်းဂိုးများဖြင့် မကွေးအသင်းကို နှစ်ကျော့စလုံး အနိုင်ရခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သော်လည်း ကြားရက်တွင် ရှုံးထွက်ပွဲကစားထားပြီး အဝေးကွင်းလာရောက်ကစားရသည့် မကွေးအသင်းသည် ပုံစံကောင်း

**စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ✳**



ရှမ်းယူနိုက်တက်အသင်းအတွက် ဒုတိယဂိုးကို ပင်နယ်တီမှတစ်ဆင့် ခရစ္စတိုဖာ သွင်းယူနေစဉ်။






ဝတ္ထုတို

## ရိုးရာ (မကန)




(၁)

ကျွန်မသည် ရွာနှင့် မခွဲချင် ခွဲချင်နှင့် ခွဲခဲ့ရသည်။ သမင်လည်ပြန်ကြည့်၍ ရွာနှင့်အတူ အဖေနှင့်အမေ့ကို လွမ်းခဲ့ရသည်။ ခရီးဝေးမို့ မသွားရဘူးဟုဆိုပြီး ဘူးခံကာ တားဆီးခဲ့သည့် အမေသည် ကျွန်မ တကယ်တမ်း သွားရတော့မည်ဆိုတော့ မျက်ရည်လေးစမ်းစမ်းနှင့် ကျန်းမာရေးဂရုစိုက်ဖို့ချည်း မှာပြန်သည်။ အဖေကတော့ ပြတ်သားသည်။

"သမီး လူသူရှိတဲ့ နေရာမှန်ရင် ဘယ်နေရာဖြစ်ဖြစ် သမီးသွားနိုင်ရမယ်၊ သမီးလုပ်မယ့် ကျောင်းဆရာမအလုပ်ကို ဖေဖေက လုပ်ပါဆိုပြီး မတိုက်တွန်းခဲ့သလို မလုပ်နဲ့လို့လည်း မတားဆီးခဲ့ဘူး၊ သမီး ဝါသနာပါလို့ သမီးလျှောက်ခဲ့တာ ဒီတော့ဘယ်နေရာကိုပဲ တာဝန်ကျကျ သမီးသွားကိုသွားရမယ်"ဟု ဆိုကာ တာဝန်သွားထမ်းဆောင်ဖို့ ခွင့်ပြုခဲ့သည်။

"ဟုတ်ကဲ့ သမီးသွားမှာပါ ဖေဖေ"

"အေး- အေး ဖေဖေတစ်ခုမှာချင်တာကတော့ သမီးဘာပဲလုပ်လုပ် မေတ္တာအရင်းခံထားတဲ့ စေတနာထားပြီးလုပ်ဆောင်ပါ၊ တာဝန်ကြောင့် အလုပ်လုပ်ရတယ်ဆိုပေမယ့် တာဝန်နဲ့ အတူ စေတနာလေးပါထည့်ပြီး အလုပ်လုပ်ဖို့ ဖေဖေမှာချင်တယ်"ဟုဆိုကာ ကျေကျေပွန်ပွန် ထမ်းဆောင်ဖို့တစ်ခုသာ အဖေ မှာခဲ့သည်။

ကျွန်မ အိမ်ကထွက်လာချိန်ထိ အမေကတော့ မျက်ရည်တွေသုတ်ရင်း ကျန်ခဲ့သော်လည်း အဖေကတော့ သတင်းစာဖတ်မပျက်။ ကျွန်မအဖြစ်မှာ ဥခွံမှပေါက်ပြီး အတောင်အလက်တွေစုံလာသည့်အခါ အသိုက်၏နှုတ်ခမ်းကို မေးတင်ပြီး အပြင်လောကဆီ ပျံသန်းချင်သည့် ငှက်ငယ်လေးနှင့်တူလှသည်။ အေးချမ်းလှသည့် မိဘအရိပ်အမြုံလေးဆီမှ ဒေသစိမ်းဆီသို့ ပျံသန်းရမည်ဟု တွေးမိတိုင်း အတောင်ပံများ ဖြန့်ကြက်ရမည်ကို အနည်းငယ် စိုးရွံ့နေမိသည်။ သို့ပေမယ့် ကောင်းကင်ကြီးလိုမျိုး ကျယ်ပြောလှသည့် လူ့လောကထဲ ပထမဆုံးအကြိမ် လှည့်ပတ်ရမည့်အရေးမို့လည်း ပျော်ရွှင် စိတ်လှုပ်ရှားနေမိသည်။ ကျွန်မသည် မြစ်ကြီးနားမှ တနိုင်းသို့သွားမည့် ကားဂိတ်တွင် ထွက်မည့်ကားကို ထိုင်စောင့်နေသည်။ အဖေက လိုက်မပို့ရဟု အမေ့ကို ပြောထား၍ အမေလိုက်မပို့ခဲ့။ အဖေသည် ကျွန်မကို ရဲရင့်စေချင်သောကြောင့် လိုက်မပို့စေခဲ့ခြင်းဟု ကျွန်မထင်သည်။ လက်မှနာရီကို ငုံ့ကြည့်မိတော့ နံနက် ၉ နာရီ ထိုးနေပြီဖြစ်သည်။

(၂)

ကားဘီးစလိမ့်ကတည်းက အိမ်ကိုလွမ်းသည့်စိတ်က မော်တော်ကားလေးနှင့်အတူ ကပ်ပါလာခဲ့သည်။ သွားရမယ့်ခရီးက ဘယ်နှမိုင်ဝေးလို့ ဝေးမှန်းမသိ။ တစ်ခါမှ မရောက်ဖူးသလို အရင်ကဆို သေချာပင် မကြားဖူးခဲ့သည့်ဒေသ။ အိမ်သို့ အမိန့်စာရောက်သည့်အချိန်မှသာ ယခုဒေသအကြောင်း မေးမြန်းစုံစမ်းလာခဲ့ခြင်းဖြစ်သည်။ မြင်တွေ့သမျှ အရာများအားလုံးကို ကားဒရိုင်ဘာအစ်ကိုက လမ်းညွှန်သဖွယ် တစ်လမ်းလုံး ရှင်းပြနေသည်။ ကျွန်မအပါအဝင် လူခုနစ်ယောက်သာပါသည့် ကားလေးသည် လီဒိုလမ်းမကြီးပေါ်တွင် တရိပ်ရိပ် ပြေးလွှားနေသည်။ ယခုအရှည် ၁၀၇၉ မိုင် ရှည်လျားသည့် လီဒိုလမ်းမကြီးမှာ သမိုင်းဝင်လမ်းမကြီးဖြစ်သည်။လီဒိုလမ်းမကြီးကို ဒုတိယကမ္ဘာစစ်အတွင်း လွန်ခဲ့သောနှစ် ၇၀ ကျော်က စစ်သုံးလမ်းမကြီးအဖြစ် ဂျပန်တို့ ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံ အာသံပြည်နယ်နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်တို့ကို မြန်မာနိုင်ငံ ကချင်ပြည်နယ် ရှင်ဗွေယန်၊ မြစ်ကြီးနားနှင့် ဗန်းမော်မြို့များကို ဖြတ်သန်းဖောက်လုပ်ထားသည်ဟု သမိုင်းစာအုပ်ထဲတွင် ကျွန်မ ဖတ်ဖူးခဲ့သည်။ ကျွန်မစာအုပ်ထဲ၌သာ ဖတ်ရှုမှတ်သားဖူးခဲ့သည့် လီဒိုလမ်းမကြီးအား ယခုမှပင် မျက်ဝါးထင်ထင် မြင်ဖူးခဲ့ခြင်းဖြစ်သည်။ ကျွန်မသည် တောတောင် ရေမြေသဘာဝများကို ခံစားရင်း အိမ်ကိုလွမ်းသည့်စိတ်များ အတန်ငယ် ပြေပျောက်သွားရသည်။ စိမ်းညို့နေသည့် သစ်တောထူထူများ၊ သစ်ရွက်ခြောက် သစ်ရွက်ဆွေးများအပေါ်မှ ပယင်းညို မိုးရေလေးများကို လမ်းတစ်လျှောက် မြင်တွေ့ရသည်။

ဝါးပင်များအကြား ပွင့်နေသည့် မှိုပင်များကိုလည်း အများအပြားတွေ့ရသည်။ တကျီကျီ တကျာကျာနှင့် ငှက်ကလေးများမှာ ပျံလိုရာ ပျံသန်းနေကြသည့်နှယ်။ သည်လို သာယာလှပသည့် အလှအပဒေသသည် ရန်သူတော် ငှက်ဖျားရောဂါ၏ မဟာမိတ်ဒေသဖြစ်နေသည်။ "ငှက်ဖျားတဲ့" ကျွန်မ တွေးကြည့်ရင်း အဖျားတက်ချင်သလိုလိုတောင် ဖြစ်မိသည်။

ခပ်လှမ်းလှမ်းမှ ဆိုင်းဘုတ်လေးတစ်ခုကို ကျွန်မ လှမ်းမြင်လိုက်သည်။ "ရှင်ဂါလုံရွာ၊ တနိုင်းသို့ ၁၂ မိုင်၊ ရှင်ဗွေယန်သို့ ၃၂ မိုင်တဲ့"။ ကျွန်မ တာဝန်ကျသည့် ရှင်ဗွေယန်ရွာလေးသို့ ရောက်ဖို့ရန် လိုသေးသည်။ ကားသည် ရှင်ဂါလုံရွာလေးဘေးကနေ ဖြတ်မောင်းနေသည်မို့ ရွာဘက်သို့ လှမ်းကြည့်လိုက်သည်။ လက်ဝါးကပ်တိုင်ပါသည့် ဘုရားကျောင်းနှင့် ခြေတံရှည်အိမ်လေးများကို မြင်ရသည်။ကချင်ဒေသမို့ ဒေသခံတိုင်းရင်းသားများသည် ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြသည်။ တနိုင်း ရှင်ဗွေယန်တစ်ကြောတွင် လီဆူတိုင်းရင်းသားအများစု နေထိုင်ကြကြောင်းကို ကားဒရိုင်ဘာအစ်ကိုက ရှင်းပြသည်။ လီဆူတို့ အပါအဝင် ကချင်တိုင်းရင်းသားများသည် အများအားဖြင့် တောင်ယာခုတ်ခြင်းအလုပ်ကိုသာ အဓိက လုပ်ကိုင်ကာ အသက်မွေးကြသည်။

ရှင်ဗွေယန်ရွာတစ်ကြောတွင် ကြိမ်တောများ ပေါသည်မို့ လက်မှုလုပ်ငန်းများကိုလည်း အများစုက လုပ်ကိုင်ကြသည်ဟုဆိုသည်။ အခုလည်း တောင်ယာထဲ၊ ကြိမ်တောထဲရောက်နေကြလို့ဖြစ်မည် တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ ရွာပြင်တွင် လိမ္မော်ခြံများကို လှမ်းမြင်ရသည်။ ရှားပါးနေပြီဖြစ်သည့် ကျွန်းပင်တော်တော်များကိုလည်း ကားလမ်းတစ်လျှောက် အစီအရီ မြင်တွေ့ရသည်။ ကျွန်းပင်များသည် ရာသီဥတုကို ထိန်းညှိပေးသည်ဟု ကျွန်မကြားဖူးသည်။ ရွာနဲ့ဝေးသွားပြီမို့ ကားလေး၏အရှိန်သည် ပိုလျှင်မြန်လာသည်။ သစ်ပင် ဝါးပင်များ ရိပ်ခနဲ ရိပ်ခနဲ နောက်မှာ ကျန်ခဲ့ကြသည်။ ရှေ့က သစ်ပင်ကြီးများက အရှိန်နှင့်ပြေးလာသည်ဟု ထင်ရသည်။ တဖြည်းဖြည်းနှင့် လမ်းက ကြမ်းတမ်းလာသည်မို့ ကားဒရိုင်ဘာအစ်ကို စကားဆက်မပြောတော့။ တချို့နေရာများတွင် ချိုင့်ခွက်ကြီးများကို မနည်းရှောင်မောင်းနေပုံရသည်။ "ဆန်ကောထဲ ဆီးဖြူသီးထည့်လိမ့်တာ ဒါမျိုးထင်ပါ့"ဟု တွေးရင်း ထိုင်ခုံကို သေချာကိုင်ထားရသည်။ "တရုံချောင်းကြီး"ကို ကားဖြတ်သည့် အချိန်၌ ကျွန်မမှာ ဘုရားတခဲ့ရသည်။ ကျွန်မအတွက် မြင်သမျှ တွေ့သမျှသည် ရင်ဖိုဖွယ်ရာ ဖြစ်၍နေသည်။

(၃)

ရှင်ဗွေယန်ကားဂိတ်တွင် အတန်ငယ် ထိုင်စောင့်နေတုန်း ကျောင်းအုပ်ဆရာကြီးနှင့် ဆရာမလေး တစ်ယောက်တို့က သုံးဘီးဆိုင်ကယ်နှင့် လာကြိုကြသည်။ စစချင်း သတိထားမိသည်က တိုင်းရင်းသားများသည် အလွန်ကို လှကြသည်။ ချောကြသည်။ အသားအရေဖြူဝင်းစိုကြည်ကြသည်။ ရှင်ဗွေယန်ရွာသည် လီဆူရွာလေးမို့ လီဆူတိုင်းရင်းသားများ နေထိုင်ကြသည်။ ရွှေမှော်များ အများအပြားရှိသည်မို့ ထင်ထားသလောက်မခေါင်။ ဒုတိယကမ္ဘာစစ်လက်ကျန် ကတ္တရာစေးပုံးများ အပုံအပင်နှင့် စစ်လေယာဉ်ကွင်းဟောင်းကြီးကိုလည်း တွေ့လိုက်ရသည်။ ထိုစဉ် သုံးဘီးဆိုင်ကယ်ရပ်သွားသည်။ သို့သော် ကျောင်းကိုတော့ မမြင်ရသေး။

"ကျောင်းက ဘယ်မှာလဲ ဆရာမ"

"ကျောင်းက ဒီကားလမ်းပေါ်ကနေ အောက်ထဲဆင်းရဦးမှာ ဆရာမ၊ ကျောင်းက အောက်ချိုင့်ထဲမို့ လမ်းလျှောက်သွားမှ ကျောင်းကိုရောက်မှာပါ ဆရာမလေး"

ပြောပြောဆိုဆို သုံးဘီးဆိုင်ကယ်ပေါ်မှ ဆင်းပြီး အထုပ်တွေကို မကာ ကားလမ်းဘေးသို့ ဆင်းလာခဲ့ကြသည်။ ကျောင်းကလေးကို လှမ်းမြင်ရရုံရှိသေး ကျောင်းအတွင်းမှ ကလေးတစ်သိုက် အပြေးအလွှား ပြေးလာကြသည်ကို မြင်ရသည်။ အနားရောက်လာသည့် ကလေးများသည် ကျွန်မတို့လက်ထဲမှ အထုပ်များကို ဆူဆူညံညံနှင့် လုသယ်နေကြသည်။

"ကလေးတွေက သွက်သွက်လေးတွေနော်"

"ဟုတ်တယ်၊ ဆရာမလေး ကလေးတွေက လူလည်းသွက်သလို စကားလည်းသွက်တယ်၊ ဒါပေမယ့် သူတို့ဘာသာစကားသာ အပြောများတာ၊ ဗမာစကားကိုတော့ ဆီဆီလျော်လျော် မပြောတတ်ကြဘူးလေ" ကျောင်းအုပ်ဆရာကြီးက ရှင်းပြလေသည်။ ကျောင်းဝင်းထဲသို့ ဝင်ဝင်ချင်းမှာပဲ ဗမာစကား သေသေချာချာ မပြောတတ်သည့် ကလေးများ၏ နှုတ်ဆက်သံကို ကြားလိုက်ရသည်။ နှုတ်ဆက်ပုံက "ဟေ့ ဆရာမနင်က အသစ်ရောက်လာတဲ့ ဆရာမလား၊ နင်ရောက်လာလို့ ငါတို့ အရမ်းပျော်တာပဲ"

ကျွန်မ ကလေးကို ပြုံးကြည့်မိသည်။ ဗမာစကားကို ဆီဆီလျော်လျော် မပြောတတ်ကြဘူးဟု ဆရာကြီးအပြောကို ပြန်ကြားမိကာ ကလေးများရိုင်းသည်ဟု မမြင်မိတော့။ ကလေးများကို ပြုံးကြည့်ကာ ပြောလိုက်သည်။

"ဆရာမလည်း သားတို့ သမီးတို့ကို တွေ့ရတာ အရမ်းပျော်တာပဲ"

ကျောင်းဝင်းနောက်ဘက်တွင် ဆရာမများ နေထိုင်ရန်အတွက် အိမ်လေးဆောက်ထားပေးသည်ကို တွေ့ရသည်။ အိမ်အပေါ်တက်သည်ဆိုရင်ပဲ အိမ်၏လှေကားကို သစ်ပင်၏ပင်စည်မှာ အထစ်ကလေးများ ပြုလုပ်ထားသည့်လှေကားလေး တပ်ဆင်ထားသည်။ သူတို့၏ ရိုးရာဓလေ့ဟု ဆိုရမည်လား၊ လက်မှုပညာဟု ဆိုရမည်လားတော့မသိ။ လမ်းမှာမြင်ခဲ့သည့်အိမ်များ၌လည်း ထိုလှေကားများကို တွေ့ခဲ့ရသည်။ လက်ကိုင်မပါ၊ အကိုင်အတွယ်မရှိသည့် လှေကားလေးပေါ်သို့ ကြောက်ကြောက်နှင့် မနည်းတက်ခဲ့ရသည်။ ခင်းထားသည့် ဝါးအခင်းကြောင့် ပြိုကျမည်လားဟူသည့် စိတ်ကြောင့် သတိထားနင်းလိုက်သည်။ တံခါးရွက်မပါသည့် ပြတင်းပေါက် သုံးပေါက်၊ အပေါ်ကိုမော့ကြည့်တော့ နေရောင်ထိုးကျနေသည့် ကောင်းကင်အပေါက်များနှင့် အရင်က ရေနံသုတ်ထားသည်ဟု ထင်ရသော်လည်း အရောင်မှိန်ကာ ပေါက်နေသည့် ဝါးထရံကာများ နေလို့ဖြစ်ပါ့မလားဟု တွေးလိုက်မိသည်။

"အိုး တခြားဆရာမတောင် နေသေးတာပဲ ငါလည်းနေနိုင်ရမှာပေ့ါ"ဟု ကျွန်မစိတ်ကို ကျွန်မ ဖြေသိမ့်လိုက်သည်။ ဒါသည် ကျွန်မ၏ ဆရာမဘဝ စတင်ခြင်းဖြစ်သည်။ ပစ္စည်းများကို နေရာချ ပြင်ဆင်လိုက်သည်။ ဆရာမအသစ် ရောက်သည်ဆို၍ ရွာဥက္ကဋ္ဌလူကြီးများက ဆန်နှင့်ဆီများ လက်ဆောင်လာပေးကြသည်။ ဗမာစကားမပီတပီနှင့် အားပေးစကားများ ပြောကြသည်။ ကျွန်မအတွက် နွေးထွေးသည့် အသိုက်အမြုံထဲသို့ ဝပ်ဆင်းရသည့်နှယ် ဝမ်းသာကျေနပ်လိုက်မိသည်။

(၄)

နံနက်စောစော ထမင်းဟင်းချက်ပြီး ရေချိုးလိုက်သည်။ အိမ်ထဲ ဘုရားစင်မရှိသည်မို့ အရှေ့အရပ် ခေါင်းရင်းဘက်ကိုသာ လှည့်ပြီး ဘုရားရှိခိုးလိုက်ရသည်။ ဘုရားရှိခိုးပြီးသည်နှင့် ကျောင်းသွားဖို့ ပြင်ဆင်လိုက်သည်။

ပထမဆုံး လုပ်ငန်းဝင်ရမည့်နေမို့ ကျောင်းသို့ စောစောသွားလိုက်သည်။ ကျောင်းရောက်တော့ ကလေးများက ကျွန်မအား ဝိုင်းကြည့်ကြသည်မှာ စားမတက်၊ ဝါးမတက်ပင်။ ဆရာမအသစ်မို့ သူတို့အတွက် ကြည့်လို့မပြီးနိုင်။ ကျွန်မအဖို့မှာလည်း တာဝန်စတင်ထမ်းဆောင်ရမည့်နေ့မို့ ရင်ခုန်နေမိသည်။ ရုံးခန်းသို့ရောက်သည်ဆိုရင်ပဲ ဝန်ထမ်းအင်အားစာရင်း၊ အညွှန်းကိန်း၊ အောင်ချက်ပြ ရာခိုင်နှုန်းပြဇယား၊ ဝန်ထမ်းကျင့်ဝတ်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များ၊ နံရံကပ် ကျန်းမာရေးစာစောင်များနှင့် ကျောင်းရုံးခန်းသည် ပြည့်စုံနေသည်။ ဆရာမများ ထိုင်ခုံက လုံလောက်မှုမရှိပေမယ့် ရုံးခန်းက သန့်ရှင်းသပ်ရပ်နေသည်။

ဆရာကြီးရောက်လာကာ ကျွန်မအတွက် အတန်းခွဲပေးသည်။ ပထမတန်း (G -1) ကို သင်နေသည့် ဆရာမနှင့်အတူ တွဲသင်ဖို့ပြောသည်။ ကျောင်းသားဦးရေ ၁၅၀ မှာ ပထမတန်းကလေးက အများဆုံးဖြစ်သည်။ ကလေးများက ဗမာစကားနားမလည်၊ ကျွန်မက လီဆူစကား နားမလည်ဖြစ်ကာ ကမောက်ကမနှင့် စတင်ခဲ့ရသည်။ ကျွန်မအဖြစ်က ငိုရခက်၊ ရယ်ရခက်။ ကလေးများသည် ကျွန်မ ဘာပြောပြော ပြုံးကြောင်ကြောင်လေးနှင့် အင်းမလုပ် အဲမလုပ်။ ကျွန်မ၏ ပထမဆုံးနေ့ကို ကျွန်မ ဒါမျိုးအဖြစ်မခံ။ ပညာရေးကောလိပ်တွင် သင်ခဲ့ဖူးသည့် စာအတွေ့အကြုံလေးကို လက်တွေ့ဖန်တီးပြီး ကလေးများနှင့် ကျွန်မတစ်ထပ်တည်းကျအောင် ပြုလုပ်ဖို့လိုပြီမှန်း သိလိုက်သည်။

"နာနတ်သီးနဲ့ ဒူးရင်းဟာ သူငယ်ချင်းတွေပါ၊ တစ်နေ့မှာ ရန်ဖြစ်ကျ ဒူးရင်းသီးက ဆူးနဲ့ချ၊ ---" ကျွန်မ စဆိုရုံရှိသေး ကလေးများ လိုက်ဆိုလာကြသည်မို့ သူတို့သင်ခဲ့ဖူးသည့် ကလေးကဗျာ၊ သီချင်းလေးများကို ဆိုရင်း ကလေးများနှင့် ကျွန်မအကြား ရင်းနှီးမှုလေးရလာခဲ့သည်။ သို့နှင့် မိတ်ဆက်သီချင်းလေးများကိုဆိုရင်း ကလေးများနှင့် ကျွန်မ အပြန်အလှန် မိတ်ဆက်ခဲ့ကြသည်။

"ဆရာမနာမည် ဒေါ်သီတာချိုလို့ ခေါ်တယ်၊ ဆရာမက မြစ်ကြီးနားမြို့ကနေ သားတို့ သမီးတို့ကို စာသင်ပေးဖို့လာခဲ့တာ ဆရာမလာတာ ပျော်ရဲ့လား"

"ပျော်တယ် ပျော်တယ်၊ နင့်ကို ငါတို့ အရမ်းချစ်တယ် ဆရာမ"

"အဲ သားသားလေး နောက်ခါ ဆရာမကို နင်လို့ မပြောရဘူးနော်၊ ဆရာမလို့ပဲခေါ် ဟုတ်ပြီလား၊ ခေါ်ကြည့်ပါဦး"

"ဆရာမ ဆရာမ"

"သားကတော်လိုက်တာ၊ နောက်ဆို ကိုယ့်ကိုယ်ကိုယ်လည်း ငါ လို့ မပြောရဘူးနော်၊ သားလို့ပြော ပြောကြည့်ပါဦး"

ကျွန်မပြောသည်များကို ပြုံးကြောင်ကြောင်လေးနှင့် ကလေးများ ဝိုင်းကြည့်နေကြသည်။ သူတို့စိတ်ထဲမှာတော့ နားလည်သည်လည်းရှိမည်၊ သဘောမပေါက်သည်များလည်း ရှိမည်။ ကျွန်မပြောသည်များကိုတော့ အာရုံစိုက် နားထောင်နေကြသည်ကိုတော့ တွေ့ရသည်။

"သား"

"လိမ်မာလိုက်တာ ကဲ သားတို့ သမီးတို့ကလည်း ကိုယ့်ကိုယ်ကိုယ် ငါ လို့ မပြောရဘူး၊ ယောကျ်ားလေးဆို သား၊ မိန်းကလေးဆို သမီးလို့ပြောရမယ်၊ ဆရာမပြောတာ နားလည်လား"

"ဟုတ်ကဲ့ပါဆရာမ"

"ကလေးတို့က လိမ်မာလိုက်ကြတာ၊ ဆရာမကလည်း သားတို့ သမီးတို့အားလုံးကို ချစ်ပါတယ်၊ ခု သားသား မီးမီးတို့ရဲ့ နာမည်လေးတွေ ဆရာမကိုပြောပြပြီး မိတ်ဆက်ရအောင်" ကျွန်မသည် ကလေးများနှင့် အပြန်အလှန်ပြောဆိုရင်း "ငါ ဆရာမ"ဟူသည့် အသိကို ရလိုက်ရသည်။ "ငါတို့သင်ပေးမှ တတ်မည့် ကလေးလေးတွေပါလား"ဟု ဆရာ့အတွေးများလည်း ပထမဆုံး ဝင်ရောက်လာသည်။ ကလေးများ၏ဘဝ ပျော်ရွှင်ဖို့၊ တိုးတက်ဖို့ဟူသည် ဆရာ ဆရာမတွေရဲ့ အပြုအမူများအပေါ် လုံးဝမူတည်နေသည်ဟု ကျွန်မတွေးမိသည်။ ဖေဖေပြောသည့် "ဘာလုပ်လုပ် စေတနာလေးထည့်ပြီးလုပ်" ဆိုသည့် စကားကို ကျွန်မပြန်ကြားယောင်မိသည်။

ကျွန်မ ပျိုးထောင်သည့် ကလေးများသည် "အတိဇာတ"ဟူသည့် ဆရာထက်တော်သည့်၊ ထူးချွန်ထက်မြက်သည့် တပည့်ကောင်းများ ပေါ်ထွက်အောင် ကျွန်မတတ်နိုင်သလောက် စွမ်းဆောင်ပေးဖို့ ဆုံးဖြတ်တွေးတောမိသည်။ ကျွန်မသည် ဆရာတစ်ယောက်အဖြစ် ကျရာဒေသ၊ ကျရာတာဝန်မှာ စေတနာလေးထည့်ပြီး ကိုယ့်တိုင်းပြည်၏ အနာဂတ်ကြယ်ပွင့်ကလေးများ ထွန်းလင်းတောက်ပစေဖို့ အစွမ်းကုန် ကြိုးပမ်းမည်ဟု ရဲရဲဝံ့ဝံ့ သန္နိဋ္ဌာန်ချလိုက်တော့သည်။


မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

ဆောင်းပါး

# လူငယ်နှင့် မူးယစ်ဆေး

သားဉာဏ်လင်း(မြင်းခြံ)

မူးယစ်ဆေးဟူသည့် အမည်ကိုနိုက်ကပင် ၎င်း၏အဓိပ္ပာယ်ကို အပြည့်အဝဖော်ဆောင်ပေးနေတော့သည်။ ထိုမူးယစ်ဆေးဝါးကို အင်မတန်ကြောက်ရွံ့ဖွယ်ကောင်းလှသော အရာတစ်ခုဟု သတ်မှတ်ထားကြရုံသာမက စက်ဆုပ်ရွံ့ရှာဖွယ်ကောင်းသည့် အရာတစ်ခုကဲ့သို့ပါ သတ်မှတ်ထားကြသည်။ သို့သော်လည်း တစ်ဘို့တည်းသမားများ၊ ငွေမျက်နှာကိုသာ အလေးထားကြသူများဖြစ်ကြသည့် ဥပဒေဘောင်ပြင်ပမှ လူအများကြောင့် မူးယစ်ဆေးဆိုသည့်အရာမှာလည်း ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်အတွင်းသို့ အလွယ်တကူ စိမ့်ဝင်လာနေသည်မှာ အားလုံးအသိပင်ဖြစ်၏။ အထူးသဖြင့် မူးယစ်ဆေးဝါး၏ သားကောင်အများစုသည် ကျွန်ုပ်တို့၏ လူငယ်များဖြစ်လာကြသည်မှာလည်း ဝမ်းနည်းစရာဖြစ်သည်။

"ယနေ့လူငယ်၊ နောင်ဝယ်လူကြီး"၊ "လူငယ်ဆိုတာ အနာဂတ်၏ သားကောင်းရတနာ"စသည့်အမျိုးမျိုးသော ခေါင်းစဉ်များနှင့် လူငယ်များ၏တန်ဖိုးကို ဖော်ပြထားကြသော်လည်း လူငယ်အချို့မှာ မိမိပတ်ဝန်းကျင်ကြောင့်သော်လည်းကောင်း၊ မိမိအပေါင်းသင်းကြောင့်သော်လည်းကောင်း မူးယစ်ဆေးဝါးအန္တရာယ်တောသို့ ကျရောက်နေကြသည်။ တိုးတက်လာသော ခေတ်ကာလအခြေအနေများတွင် လူငယ်တို့၏ပတ်ဝန်းကျင်၌ အကျိုးရှိသောအရာထက် ဆိုးကျိုးကို ပို၍ဖြစ်ပေါ်စေသည့် ဆေးလိပ်၊ ကွမ်းယာ၊ အရက်၊ ဘိန်းဖြူ၊ စိတ်ကြွဆေး၊ ကိုကင်း စသဖြင့် နာမည်အမျိုးမျိုးနှင့် မူးယစ်ဆေးဝါးအမျိုးမျိုးကို တွေ့မြင်လာရသည်မှာ စိတ်ချမ်းသာစရာမရှိပေ။ မိမိကိုယ်မိမိ ထိန်းသိမ်းနိုင်စွမ်းမရှိသည့် လူငယ်တစ်ယောက်အဖို့ အင်မတန်ကို စိုးရိမ်ရသည့် အခြေအနေတစ်ခုပင်ဖြစ်သည်။

စာရေးသူ တက္ကသိုလ် ဒုတိယနှစ်ကျောင်းသားဘဝက သူငယ်ချင်းဖြစ်သူက ပထမနှစ်ကျောင်းသားတစ်ယောက်ဖြစ်သည်။ သူ့နာမည်ကို အောင်အောင်ဟု ဆိုကြပါစို့။ အောင်အောင်က လူရည်၊ လူသန့်တစ်ယောက်ဖြစ်ပြီး မိဘအသိုင်းအဝိုင်းမှာလည်း တတ်နိုင်သူများဖြစ်ကြသည်။ သူ၏မိခင်က သူဆယ်တန်းကျောင်းသားဘဝမှာပင် ဆုံးပါးသွားခဲ့ရပြီး ဖခင်ဖြစ်သူကလည်း ထိုအချိန်မှစ၍ အောင်အောင်ကို အဖွားဖြစ်သူနှင့်သာ ထားသည်။ အဖွားဖြစ်သူကလည်း သားအချစ်မြေးအနှစ်ဆိုသလို ချစ်လွန်း၍ အလိုလိုက်ထားသည်။ အောင်အောင် တက္ကသိုလ်တက်တော့လည်း လစဉ်အသုံးစရိတ်ကို ကန့်သတ်မထားဘဲ အောင်အောင်လိုသလို သုံးစွဲနိုင်သည်။

အဘွားကလည်းအလိုလိုက်၊ ငွေကလည်း စိတ်ကြိုက်သုံးနိုင်သော အောင်အောင်က ဘီယာသောက်ခြင်းမှ စတင်ပြီး အရက်ကိုပါ သောက်သုံးလာသည်။ သူငယ်ချင်းအပေါင်းအသင်းကလည်း စုံလှသည်။ သူ၏သူငယ်ချင်းထဲမှ တစ်ယောက်က မူးယစ်ဆေးတစ်မျိုးဖြစ်သည့် စိတ်ကြွဆေးပြား (WY)၏ ဝါးမျိုခြင်း ခံထားရသူဖြစ်သည်။ အောင်အောင်ကလည်း သိသောကြောင့် တားသည်။ သို့သော်လည်းတား၍မရ။ အပေါင်းအသင်းကို ခုံမင်သော အောင်အောင်က မူးယစ်ဆေးစွဲနေသော သူငယ်ချင်းကို သူငယ်ချင်းအဖြစ်မှလည်း မစွန့်ပစ်ခဲ့ပေ။ သိပ်မကြာခင်မှာပဲ အောင်အောင်တစ်ယောက် သူ၏ဖခင်နှင့် ပြဿနာတက်ပြီး အိမ်ပေါ်ကဆင်းသွားသည်။ အိမ်ပေါ်ကဆင်းပြီး သွားနေသောနေရာမှာလည်း မူးယစ်ဆေးစွဲနေသော သူငယ်ချင်းအဆောင်ဖြစ်နေသည်။ အောင်အောင်လည်း စိတ်ညစ်ညစ်ဖြင့် ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ ဖြစ်နေချိန် သူ့သူငယ်ချင်း၏ သိမ်းသွင်းမှုကြောင့် မူးယစ်ဆေးကို စမ်းသုံးရာမှ နောက်ပိုင်းတွင် မူးယစ်ဆေး၏ သားကောင်လုံးလုံးဖြစ်ခဲ့ရသည်။

နောက်ဆုံးအောင်အောင်၏ အိမ်မှသိသွားသဖြင့် အောင်အောင့်ကို မူးယစ်ဆေးဖြတ်ရန်အတွက် ကျောင်းထုတ်လိုက်သည်။ အောင်အောင်၏ သူငယ်ချင်းမှာလည်း မူးယစ်ဆေးသုံးရင်း အဖမ်းခံလိုက်ရသည်။

ဒီအဖြစ်အပျက်လေးဟာ စာရေးသူ၏ သူငယ်ချင်းတစ်ယောက် မူးယစ်ဆေးကြောင့် သူ့ဘဝ၏ အနာဂတ်ပန်းတိုင်ကို စွန့်လွှတ်ခဲ့ရခြင်းဖြစ်သည်။

မူးယစ်ဆေးနှင့်ပတ်သက်မိသော လူငယ်အများစု ဇာတ်သိမ်းမလှကြသည်ကို အားလုံးတွေ့မြင်ကြားသိနေရသည်။ မူးယစ်ဆေးသုံးစွဲရန်လိုအပ်သော ငွေကြေးကိုလည်း မသမာသောနည်းမျိုးစုံဖြင့် ရှာဖွေလာတတ်ကြသည်။ အဆိုးဆုံးမှာ မူးယစ်ဆေးကို အလွန်အကြူးသုံးစွဲမိရာမှ စိတ်ဖောက်ပြန်ပြီး မိခင်၊ ဖခင်တို့၏ အသက်ကိုပါ ရန်ရှာကြသည်ကို ဆိုရှယ်မီဒီယာများပေါ်၌ တွေ့မြင်လာရသည်မှာလည်း စိတ်မချမ်းမြေ့ဖွယ်ရှိလှသည်။ မူးယစ်ဆေးဝါးသုံးစွဲနေသည့် လူငယ်များမှာလည်း လူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းသို့ဝင်ဆံ့ရန် မိမိကိုယ်မိမိ ယုံကြည်မှုအားနည်းလာပြီး လူတွေနှင့် ဝေးရာသာမက ဥပဒေနှင့် ဝေးရာပါ ရောက်သွားတတ်ကြသည်။ ထိုမှတစ်ဆင့် အမျိုးမျိုးသော ပျက်စီးမှုများကြားတွင် ဘဝကို အဆုံးသတ်သွားကြရသည်။

ယခုဆိုလျှင် ဆိုရှယ်မီဒီယာတစ်ခုဖြစ်သည့် ဖေ့စ်ဘွတ်စာမျက်နှာပေါ်၌ မကြာခဏတွေ့မြင်နေရသည့် ခိုးဆိုးလုယက်မှုများ၏ တရားခံအများစုမှာ လူငယ်များဖြစ်နေကြသည်။ သူတို့ဘာကြောင့် အခုကဲ့သို့ ခိုးဆိုးလုယက်နေကြသလဲဆိုသည့် မေးခွန်းကိုအဖြေရှာပါက မူးယစ်ဆေးဆိုသည့် အဓိကတရားခံကို တွေ့ကြရမည်ဖြစ်သည်။ မူးယစ်ဆေးသုံးစွဲရန်ငွေကြေးကို မိဘထံမှ အသာတကြည်တောင်း၍ ရလျှင်ရ၊ မရလျှင် ဆိုးသွမ်းကြတော့မည်။ မူးယစ်ဆေး၏ ဝါးမျိုခြင်းခံရသော ဦးနှောက်သည်လည်း တရားသည် မတရားသည်၊ မှန်သည်မှားသည် မစဉ်းစားတတ်ကြတော့ပေ။ မူးယစ်ဆေးသုံးစွဲနိုင်ရေးသာ သူတို့အတွက် အဓိကဖြစ်လာတော့သည်။ မူးယစ်ဆေးဝါးဒဏ် အလူးအလဲခံနေရသည့် လူငယ်အင်အားနည်းပါးသော တိုင်းပြည်၏ အနာဂတ်သည်လည်း ဖွံ့ဖြိုးတိုးတက်ရန် လမ်းမမြင်တော့ပေ။

ထို့ကြောင့် ကျွန်ုပ်တို့လူငယ်များအနေဖြင့် အထူးသတိပြု ရှောင်ရှားရန်မှာ မူးယစ်ဆေးဆိုသည့် အဓိကရန်သူတော်ကြီးပင်ဖြစ်ပါသည်။ မိမိအတွက်ကောင်းကျိုးဟူ၍ တစ်စက်ကလေးမျှမရှိဘဲ မိမိဘဝတစ်ခုလုံးကို ရိုက်ချိုးဖျက်ဆီးနိုင်သည့် မူးယစ်ဆေးဝါးဆိုသည့်အရာကို အစမပြု မိစေရန် အရေးကြီးလှပါသည်။ မကောင်းမှု၌ ရစ်တွယ် ပျော်မွေ့တတ်ကြသော လောကီလူသားများအဖို့ မူးယစ်ဆေးဝါးဆိုသည့်အရာမှာ ကြောက်စရာအကောင်းဆုံး အရာတစ်ခုပင် ဖြစ်ပေတော့သည်။ ။

# လူငယ်တွေ စာဖတ်ဖို့လိုပြီ

မြတ်မင်း(မြုံကြီး)

ဒီနေ့ခေတ်ကာလကို ကြည့်လိုက်ရင် ဆိုရှယ်မီဒီယာအသုံးပြုမှုကျယ်ပြန့်လာတာကို တွေ့ရပါတယ်။ အသုံးပြုမှုများပြားလာသလို အသုံးပြုတဲ့ပမာဏလည်း များပါတယ်။ နည်းပညာတွေ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာလို့ တိုးတက်လာတယ်လို့ပြောရပေမယ့် အကျိုးရှိအောင်သုံးတဲ့ ပမာဏက နည်းသေးတယ်။ ဆိုရှယ်မီဒီယာတွေ ဘယ်လောက်ပဲ ကျယ်ပြန့်ကျယ်ပြန့် အကျိုးရှိအောင် အသုံးပြုသူနည်းနေသရွေ့ ငွေကုန်လူပန်းဖြစ်တာကလွဲလို့ အကျိုးသက်ရောက်မှုရှိမှာ မဟုတ်ပါဘူး။

အဓိကကတော့ လူငယ်တွေပဲဖြစ်ပါတယ်။ စာမဖတ်ကြတော့ဘူး။ စာဖတ်ဖို့အချိန်မရဘူးလို့ ပြောကြပါတယ်။ တစ်နေ့တာအတွက် ကျောင်းကိစ္စရယ်၊ လူမှုရေးတွေရယ် ပေါင်းလိုက်တော့ စာဖတ်ဖို့အချိန်မကျန်တော့ဘူး။ ယခင်က စာအုပ်တစ်အုပ်ထုတ်ရင် အုပ်ရေ ၁၀၀၀၀ အထက်မှာ ရှိတယ်။ တချို့စာအုပ်တွေဆိုရင် အကြိမ်ပေါင်း မနည်းဘူး။ ပြန်ထုတ်နိုင်တယ်လို့ သက်ကြီးစကား သက်ငယ်ကြားလို့ သိရပါတယ်။ ခုနောက်ပိုင်း စာအုပ်တစ်အုပ်ထုတ်ရင် အုပ်ရေ ၅၀၀၊ ၁၀၀၀။ ဒီထက်မပိုတော့ပါ။ အုပ်ရေထောင်ဂဏန်းလောက်ထုတ်နိုင်တာပဲ ဝမ်းသာရမလိုလိုဖြစ်နေပါပြီ။ လွယ်လွယ်ကလေးဆိုပြီး ပေါ့ပေါ့တန်တန်တွေးရမယ့်အချိန် မဟုတ်ဘူးလို့ သက်ကြီးစာပေပညာရှင်တွေ ပြောနေတာကြာခဲ့ပါပြီ။

စာဖတ်သူနည်းလာလို့ ရပ်နားသွားတဲ့ စာအုပ်တိုက်တွေလည်း အများအပြားတွေ့ရပါတယ်။ မဂ္ဂဇင်းတွေ၊ စာစောင်တွေလည်း ရှိပါတယ်။ စာဖတ်သူနည်းသွားတာရယ်၊ ငွေကြေးအခက်အခဲဖြစ်တာရယ်ကြောင့် ပုံမှန်မလည်ပတ်နိုင်တော့ခြင်းပါ။ လက်ရှိ အားနှင့်မာန်နှင့် ချီတက်နေကြတဲ့ မဂ္ဂဇင်းတွေ ရှိနေပါသေးတယ်။ စာပေလောကရဲ့ နောက်ဆုံးခံတပ်ကြီးများလို့ ၂၀၁၈ ခုနှစ် ဇွန် ၁၁ ရက်ထုတ် ကြေးမုံသတင်းစာပါ ဆရာသိုက်စိုးထွန်း (နတ်ရွာ)ရဲ့ ဆောင်းပါးမှာဖတ်လိုက်ရပါတယ်။

စာပေလောကကို ကိုင်လှုပ်လိုက်သလို ခံစားရပါတယ်။ လူငယ်တွေစာဖတ်ဖို့လိုပါတယ်။ စာဖတ်လို့ နိမ့်ကျတယ်ဆိုတာ မရှိပါဘူး။ စာပေမှာ အကြောင်းအရာမျိုးစုံရှိပါတယ်။ ကဗျာကြိုက်သလား။ ကာတွန်းကြိုက်သလား။သုတကြိုက်သလား။ ရသကြိုက်သလား။ ကြိုက်ရာနယ်ပယ်ကို ဖတ်လို့ရပါတယ်။ သုတမှာလည်း ကြိုက်ရာရွေးဖတ်လို့ရပါတယ်။ ရသမှာဆိုလည်း ဒီလိုပါပဲ။ ခေတ်သစ်လား။ ခေတ်ဟောင်းလား အားသန်ရာကို ရွေးနိုင်တယ်။ စာပေမှာ အကုန်ရှိတယ်။ ဘာကိုစိတ်ဝင်စားသလဲ။ ဘယ်စာမျိုးဖတ်ချင်တာလဲ။ လူမှုရေးလာ။ စီးပွားရေးလား။ အတွေးအခေါ်လား။ တက်ကျမ်းတွေလား။ သိပ္ပံလား။ အားလုံးရှိပါတယ်။ နည်းပညာတွေ လေ့လာချင်တာလား။ အစုံရှိပါတယ်။ ဆိုရှယ်မီဒီယာတွေပေါ်မှာလည်း ဖတ်လို့ရတယ်။ စာပေအတွက်အချိန်ကုန်၊ ငွေကုန်အပင်ပန်းခံပြီး စာတစ်အုပ်လုံး ကွန်ပျူတာပြန်စီပြီး တင်ပေးကြတယ်။ ပီဒီအက်ဖ်ဖိုင်တွေ တင်ကြတယ်။ အဲဒီလို အချိန်တွေ၊ ငွေတွေ အကုန်အကျခံပြီး စာပေဘက်လှည့်လာအောင် အမျိုးမျိုးကြိုးစားကြတယ်။ ဒါပေမယ့် စာဖတ်သူက ထင်သလောက်အရေအတွက် ရှိမလာဘူး။ လက်မမျိုးဆက်လို့ခေါ်နေကြသလို ဖုန်းပွတ်နေကြတယ်။

လူငယ်တွေကို ဝေလေလေနဲ့ အချိန်ကုန်မသွားစေချင်ပါဘူး။ နေ့ရောညရော အချိန်ပြည့် ဘောလုံးပွဲကြည့်ပြီး အချိန်ဖြုန်းကြတယ်။ မကြည့်နဲ့လို့တော့ မပြောပါဘူး။ အားကစားတစ်ခုပဲ။ နောက်လက်ဖက်ရည်ဆိုင်တွေ၊ ဘီယာဆိုင်တွေ၊ အရက်ဆိုင်တွေ၊ ကေတီဗွီတွေမှာ အချိန်တွေဖြုန်းကြတယ်။ အချိန်ဖြုန်းနေကြရင်း အသက်တွေကြီးလာကြတယ်။ အပျော်အပါးဘက်ကို သိပ်မလိုက်စားစေချင်ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် တစ်နေ့ကို အနည်းဆုံး မိနစ် ၂၀၊ ၃၀ လောက်တော့ စာဖတ်စေချင်တယ်။

စာဆိုတာ ကျောင်းတွေ၊ ကျူရှင်တွေက သင်မှ စာမဟုတ်ပါဘူး။ ပြင်ပစာတွေရှိပါတယ်။ စာများများဖတ်လေလေ၊ အသိပညာဗဟုသုတ များလေလေပါပဲ။ စာဖတ်တဲ့လူတစ်ယောက်က စာမဖတ်တဲ့လူထက် အသိပညာတွေ၊ ဗဟုသုတတွေ ပိုများနေတယ်။ ရွယ်တူချင်းဖြစ်နေလည်း စာဖတ်သူက ပိုပြီးသာသွားတယ်။ ဒါဟာ စာဖတ်ခြင်းရဲ့ အကျိုးကျေးဇူးတွေပါပဲ။ ဒါကြောင့် လူငယ်တွေ စာဖတ်ပါလို့ ပြောတာပါ။

စာဖတ်တဲ့လူမျိုးဟာ အမြဲတိုးတက်နေတာပါပဲ။ တိုးတက်နေတဲ့ လူမျိုးဟာလည်း အမြဲစာဖတ်နေကြပါတယ်။ ခေတ်မီနည်းပညာတွေ ဘယ်လောက်ပဲထွန်းကားထွန်းကား စာကိုတော့ ကောင်းကောင်းဖတ်ကြတာ တွေ့ရပါတယ်။ ဆိုရှယ်မီဒီယာတွေ ဘယ်လောက်ပဲ ကျယ်ပြန့်ကျယ်ပြန့်၊ ခေတ်မီနည်းပညာတွေ ဘယ်လောက်ပဲ တိုးတက်တိုးတက်၊ နည်းပညာတွေ တိုးတက်လာတာတို့၊ ဖျော်ဖြေရေးတွေ များပြားလာတာတို့ကို အကြောင်းပြပြီး စာဖတ်နှုန်းတွေ ကျမသွားပါဘူး။ ပိုလို့တိုးတက်လာတာပါ။ တိုးတက်အောင်လည်း လုပ်ကြပါတယ်။ စာများများဖတ်မှ အများတကာထက် အသိပညာဗဟုသုတ ကျယ်ပြန့်မှာကို သိကြတယ်။ သိလို့လည်း စာဖတ်ရှိန်တွေမြှင့်ကြတယ်။ စာဖတ်အားကောင်းလာတာနဲ့အမျှ ဉာဏ်ရည်ဖွံ့ဖြိုးလာတယ်။ အသစ်အသစ် အဆန်းအဆန်းတွေကို တီထွင်လာကြတယ်။ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ကြတယ်။ ဒါကြောင့် စာဖတ်ပါလို့ တိုက်တွန်းနေတာပါ။ ကိုယ့်ဆီမှာက စာဖတ်အား မြင့်ဖို့နေနေသာသာ လက်ရှိစာဖတ်နှုန်းလေး လျော့မသွားအောင် မနည်းထိန်းနေရတဲ့အခြေအနေပါ။

စာမဖတ်တော့ အယူအဆ အတွေးအခေါ်တွေ တိမ်းပါးပြီး လမ်းပေါ်ရောက်သွားကြတယ်။ အပြစ်မဆိုစေလောက်တဲ့ကိစ္စလေးနဲ့ ရန်ပွဲတွေဖြစ်နေတယ်။ လူသတ်မှုတွေ ဖြစ်နေတယ်။ လမ်းမှားရောက်ပြီး မူးယစ်ဆေးဝါးရဲ့ သားကောင်တွေဖြစ်ကြရတယ်။ ဒါ့ကြောင့် လူငယ်တွေ စာဖတ်ပါ။ လူကြီးမိဘတွေကလည်း စာဖတ်ဖို့တိုက်တွန်းကြပါ။ လူငယ်တွေ စာဖတ်ချင်လာအောင် ဖေးမပေးကြပါလို့ တိုက်တွန်းလိုက်ပါရစေ။ ။

## ဆည်းဆာ

လင်းရောင်မှေးမှိန် နေဝင်ချိန်သည်
သူရိန်နေမင်း ခဝပ်ဆင်းပြီ
ချဉ်းနင်းဝင်ရှာ နောက်ဂေါ်ရာသို့။
ကျေးငှက်တို့ဟန် အိပ်တန်းပြန်ပြီ
နားရန်တစ်ည ခိုလှုံကြ၏။
ဘဝဆည်းဆာ ရောက်လာပါမူ
ဘယ်မှာခိုလှုံ မည်သည့်ဘုံဝယ်
တွေ့ကြုံခံစား သင်စဉ်းစားလော့။ ။

သိန်းဝင်းထက်(ပေါင်းတည်)

## လွဲမှားနေသော မာန

ပျိုးပင်အလှ ငယ်ဘဝက
ယုယပြုပြင် ပေါင်းကိုသင်ပေး
ရင်ခွင်ထွေးလျက် သူ့အရွက်နဲ့
အခက်ကိုပင် မြေဆီသွင်သို့
ပြုပြင်ကျွေးမွေး ဘဝပေး၍
ကူဖေးပင်ပျို အခါညိုတော့
ပင်အိုအဖြစ် တွင်ကျန်ရစ်ခဲ့။
သူ၏အသက် ခက်အရွက်ကို
ဖြည့်စွက်ကျွေးကာ ပျိုးခဲ့ရှာသော
မေတ္တာကိုမေ့ ဘုံတစ်ကွေ့မှာ
ဆုံတွေ့လာတော့ ခေါင်းကိုမော့၍
သော့သော့ပြေးလို သစ်ပင်အိုကို
ပင်ပျိုကလေး သူမတွေးတော့။
သစ်ပင်ပျိုသစ် ဖူးပုရစ်နဲ့
နမျစ်ရွက်ဝေ စိမ်းလန်းလေတော့
ရွက်ကြေကြာညောင်း ပင်အိုဟောင်းကို
အုပ်ဆောင်းထက်ဖွေ မိုးမြင့်နေကာ
မာန်တွေဆတိုး "မတူမျိုး"ဟု
အရိုးထဲမှာ စွဲမှတ်ကာဖြင့်
"ငါ"ဂုဏ်ဝင့်ကြွ ခုကာလမှာ။ ။

မောင်ရိုးဂုဏ်(သရက်တော)


## စည်းကမ်းရှိပါ

အမှိုက်ဆိုတာညစ်ပတ်တယ်
တို့တွေပစ်ကြမယ်
ပစ်တဲ့ခါကွယ် သတိထား
ပုံးဆီရောက်အောင်သွား
ပုံးမထားတဲ့ နေရာမှာ
လက်ထဲကိုင်ထားပါ
မှိုက်ကင်းစင်ကာ သန့်ရှင်းမှ
လေကောင်းလေသန့်ရ
ဝန်းကျင်ကလေး သန့်ရှင်းအောင်
တို့ကိုယ်တိုင်ဦးဆောင်
စည်းဘောင်လူတိုင်းရှိပါမှ
တစ်နိုင်ငံလုံးလှ။ ။

ဇန်

ဝတ္ထုတို

# ကိုယ်တိုင်ရေး ဒဏ်ရာနှင့် ကိုယ်တိုင်ရေး အမြီး



■ ဆွေး(မြိတ်)

တက္ကသိုလ်တစ်ခု၏ ကျောင်းသားရေးရာ ဌာနအတွင်းသို့ သူငယ်ချင်း ညီညီစိုးနှင့်အတူ ကျွန်တော်ရောက်နေ၏။ အဝေးသင်သင်တန်းအတွက် စာစဉ်များ လာရောက်ပေးပို့ကြခြင်း ဖြစ်သလို ခရီးလွန်နေသည့် သူငယ်ချင်း အောင်ဆန်းဝင်းအတွက် ကိုယ်စားကျောင်းလာအပ်ပေးခြင်းလည်းဖြစ်၏။ ပထမဦးစွာ စာစဉ်အဖြေလွှာများကို သက်ဆိုင်ရာဌာနများတွင် ကျွန်တော်တို့ အပ်နှံလိုက်ကြသည်။ ထို့နောက်တွင်မှ ကျောင်းအပ်ရန်အတွက် ကျောင်းသားရေးရာဌာနဆီသို့ ဦးတည်လိုက်သည်။ ဌာနအတွင်း၌ လူများနေ၍ ညီညီစိုးသည် ဌာနအပြင်တွင်သာ စောင့်ကျန်နေခဲ့ပြီး ကျွန်တော်ကမူ ဌာနအတွင်းသို့ ဝင်သွားလိုက်သည်။

"ဒုတိယနှစ် အင်္ဂလိပ်စာ ကျောင်းအပ်ချင်လို့ ဖောင်တစ်စောင်လောက်ပေးပါ"

"ကိုယ်တိုင်လား၊ ကိုယ်စားလား"

"ကိုယ်စားအပ်ပေးတာပါ"

ကျွန်တော်၏ အဖြေစကားအဆုံးတွင် စာရေးမ အစ်မကြီးသည် "ကျောင်းသားဟောင်းများ ပညာဆက်လက်သင်ယူခွင့်" နှင့် "စာမေးပွဲဖြေဆိုခွင့်" ဟု ခေါင်းစဉ်တပ်ထားသော စာရွက်နှစ်ချပ်ကို ပူးတွဲ၍ပေးလေသည်။ ထိုစာရွက်များကိုယူ၍ ဌာနအပြင်သို့ ပြန်လှည့်ထွက်မည်ပြုစဉ်တွင် "ခဏနေဦး ကိုယ်စားအပ်ပေးတယ်ဆိုတော့ ခံဝန်ကတိဖောင်ကိုပါ ဖြည့်ရမယ်၊ ဖောင်ကကုန်နေပြီ၊ ရော့ ဒီစာရွက်ကိုယူသွားပြီး အပြင်ဘက်နံရံမှာ ဖောင်ကိုကပ်ထားပေးတယ်၊ ကူးရေးလိုက်" ဟု ဆိုကာ နောက်ဆက်တွဲအနေဖြင့် အေဖိုး (A4) စာရွက် အလွတ်တစ်ရွက်ကိုပါ ထပ်ပေးလိုက်သည်။ ကျွန်တော်လည်း စာရွက်ကိုယူ၍ ခံဝန်ကတိပုံစံကပ်ထားပေးသည့် နေရာဆီသို့ လှမ်းလာလိုက်သည်။ သို့သော် စာရွက်ကိုလှမ်းကြည့်၍ပင်မမြင်။ နံရံပေါ်ရှိစာရွက်မှတစ်ဆင့် ကူးယူနေသူများက အင်မတန်များနေ၏။ ထို့ကြောင့် ခံဝန်ကတိဖောင်ကို နောက်မှ ပြန်လာ၍ကူးဖြည့်မည်။ ပထမဦးစွာ အခြားဖောင်များတွင် ဖြည့်ရမည့်အချက်များကို အရင်ဖြည့်လိုက်မည်ဟု ဆုံးဖြတ်၍ဌာနအပြင်သို့ ထွက်လာလိုက်သည်။

ကံကောင်းသည်ဟု ဆိုရပေမည်။ စာစဉ်အပ်ရန်လာသော ကျွန်တော်၏သူငယ်ချင်းဖြစ်သူ နေရဲစိုးကိုလည်း ညီညီစိုးနှင့်အတူ အသင့်တွေ့လိုက်ရသည်။ ထို့ကြောင့် သူတို့ကို အကူအညီတောင်းသည့်အခါ နေရဲစိုးသည် နံရံတွင် ကပ်ထားသည့် ခံဝန်ကတိဖောင်ကို ဓာတ်ပုံရိုက်ယူလာပြီး အေဖိုးစာရွက်တွင် ပြန်လည်ကူးရေးပေး၏။ ညီညီစိုးနှင့် ကျွန်တော်ကမူ ကျန်ရှိနေသော ဖောင်နှစ်စောင်ကို တစ်ယောက်တစ်စောင်စီဖြည့်လိုက်ကြသည်။ ထို့ကြောင့်ပင် မိနစ်အနည်းငယ်အတွင်း၌ လိုအပ်သည်များအားလုံး လွယ်ကူမြန်ဆန်စွာ ပြီးဆုံးသွားလေသည်။ အောင်ဆန်းဝင်းကို ပြန်ပြရန်ဟူသော အတွေးဖြင့် ဖြည့်ထားဖောင်အားလုံးကို ကျွန်တော်က ဖုန်းဖြင့် ဓာတ်ပုံရိုက်ယူထားလိုက်၏။ ထို့နောက်တွင် ကျောင်းသားရေးရာဌာနအတွင်းသို့ ပြန်ဝင်ကာ ဖောင်ကိုပုံရပြန်သည်။ ကျွန်တော့်ထက်စော၍ ဖောင်ပုံထားသူများက အပုံကြီးရှိနေသေးသဖြင့် ကိုယ့်အလှည့်ရောက်အောင် သည်းခံစောင့်ရ၏။ ရာသီဥတုကလည်းပူ လူတွေကလည်း အများကြီးဖြစ်သည်မို့ အင်မတန်နေရခက်ပေသည်။

"မောင်အောင်ဆန်းဝင်း"

စာရေးမ၏ခေါ်သံကြောင့် ကျွန်တော် လက်ညှိုးထောင်ပြလိုက်သည်။

"ကိုယ်စားအပ်ပေးတာနော်"

စာရေးမသည် ဖောင်ကိုကြည့်နေရင်းမှ ပြန်မေး၏။

"ဟုတ်ကဲ့၊ သူ ခရီးလွန်နေလို့ပါ"

ကျွန်တော်သည် ချက်ချင်းပင်အကြောင်းပြချက် ပြန်ပေးလိုက်သည်။

"ဒီဓာတ်ပုံက မရလောက်ဘူး၊ ဝါးလွန်းနေတယ်၊ ဖုန်းကနေတစ်ဆင့် ပြန်ထုတ်ထားတာ ထင်တယ်၊ အဆင်မပြေဘူး"

ပြောပြောဆိုဆိုနှင့်ပင် စာရေးမသည် ကျွန်တော့်ဆီသို့ ဖောင်များကို ပြန်ထိုးပေးလေသည်။

"ကျောင်းက ဘယ်နေ့အထိအပ်လို့ရသေးလဲဗျ"

"မေလ လလယ်လောက်ထိရတယ်။ ကဲ- မောင်ဗညားဦး"

စာရေးမသည် သူ၏အလုပ်ကို ဆက်လေပြီမို့ ကျွန်တော်လည်း ပြန်ထွက်လာလိုက်သည်။

တက္ကသိုလ်ဝင်းအတွင်းသို့ အဖေနှင့်အတူ ကျွန်တော်ထပ်လာရပြန်သည်။ မနေ့က အဆုံးမသတ်သေးသော သူငယ်ချင်းအတွက် ကိုယ်စားကျောင်းအပ်ပေးခြင်းအမှုကို လက်စသတ်ရန်ဖြစ်သည်။ ကျွန်တော့်လက်ထဲတွင် အချက်အလက်စုံလင်စွာဖြည့်ပြီးသော ဖောင်များနှင့် အကြည်ဆုံးဖြစ်အောင် လုပ်ထားသော သူငယ်ချင်း၏ ကိုယ်တစ်ပိုင်းဓာတ်ပုံတို့က အသင့်ရှိနေပြီဖြစ်သည်။ ထို့ကြောင့် အရိပ်ရ အပင်တစ်ပင်အောက်ရှိ ခုံတန်းတစ်ခုပေါ်တွင် အဖေ့ကို ထိုင်စေခဲ့ပြီး ကျောင်းသားရေးရာဌာနဆီသို့ ကျွန်တော်လှမ်းလာခဲ့သည်။ ထုံးစံအတိုင်းပင် ဌာနအတွင်း၌ ကျောင်းအပ်လာသူ ကျောင်းသား ကျောင်းသူများနှင့် ပြည့်နေလေ၏။ အချို့က ဖောင်ထုတ်နေဆဲ။ အချို့ကမူ ဖောင်ဖြည့်နေဆဲ။ အချို့ကမူ ဖြည့်ပြီးသားဖောင်များကို စာရေးမ စားပွဲထက် ထပ်ထားကြပြီး မိမိအလှည့်သို့ရောက်အလာကို တန်းစီစောင့်နေကြ၏။ ထို့ကြောင့် ကျွန်တော်လည်း အသင့်ပါသည့် ဖြည့်ပြီးသားဖောင်များကို စာရေးမစားပွဲ၌ ထပ်၍ အလှည့်ကျရန် တန်းစီစောင့်ရလေသည်။ လေးဆယ့်ငါးမိနစ်ခန့် အကြာတွင် ကျွန်တော်၏အလှည့်သို့ ရောက်လာလေသည်။ တော်ပါသေး၏။ အားလုံး အဆင်ပြေသွားသည်။

"ကိုယ်စားအပ်ပေးသူဖြည့်ရမယ့် ခံဝန်ကတိဖောင်ကို ဘယ်မှာယူရမလဲရှင်"

"ဖောင်ကတော့ကုန်ပြီ၊ ဒီမှာ အေဖိုးစာရွက်အလွတ်တစ်ချပ်ယူပြီး အပြင်ဘက်နံရံမှာကပ်ထားတဲ့ ခံဝန်ကတိနမူနာကို ကူးပြီး ဖြည့်ပါ"

စာရေးမဆီမှ ဖောင်ကိုပြန်ယူပြီး ငွေသွင်းဌာနသို့ ကျွန်တော်လှမ်းထွက်မည်ပြုစဉ် အခြားစာရေးမတစ်ဦးကို အမျိုးသမီးကြီးတစ်ဦးက လှမ်းမေးလိုက်ခြင်းဖြစ်မည်။ အမျိုးသမီးကြီးသည် အသက်ငါးဆယ်ခန့်ရှိပေလိမ့်မည်။ စာရေးမ ကမ်းပေးသော အေဖိုးစာရွက်ကိုလှမ်းယူပြီး ခံဝန်ကတိပုံစံကပ်ထားရာဆီသို့ လှမ်းထွက်သွားလေသည်။ အဘယ်ကြောင့်မှန်းမသိ။ လှမ်းထွက်သွားသော အမျိုးသမီးကြီး၏ ခြေလှမ်းများသည် နွေးကွေးလေးလံလွန်းနေသည်ဟု ကျွန်တော်ထင်နေမိသည်။ ကျွန်တော်လည်း ငွေသွင်းဌာနသို့ ဆက်ထွက်လာလိုက်သည်။ ပြီးလျှင် ပုံနှိပ်စာအုပ်နှင့် စာစဉ်များ သွားထုတ်ရပေဦးမည်။

အခြေခံပညာစာသင်ကျောင်းများ စတင်ဖွင့်လှစ်ချိန်မို့ ဇွန်မိုးသည် အားပါးတရပင် သွန်းဖြိုးနေလေ၏။

"ဆရာခင်ဗျ အခန်းဝမှာလူ"

စာသင်နေခိုက်တွင်ပင် ကျောင်းသားတစ်ဦးက လက်ညှိုးထောင်၍ ဖြတ်ပြောလာသောကြောင့် အခန်းဝကို ကျွန်တော်လှမ်းကြည့်လိုက်သည်။ တစ်ကိုယ်လုံး မိုးရွဲနေသော အမျိုးသားကြီးတစ်ယောက်။ အသက်မှာ လေးဆယ့်ငါးနှစ်ခန့် ရှိပေလိမ့်မည်။ အသားကညို၏။ အရပ်က မနိမ့်မမြင့်။ ပိန်ပိန်ပါးပါးရှိ၏။ လက်ထဲတွင်ကား အပြင်ကာ ပလတ်စတစ်အခွံပင်မချွတ်ရသေးသော ကလေးဆောင်းသည့်ထီး အသစ်တစ်လက်ကို ကိုင်ထားလေသည်။ ထမင်းစားဆင်းချိန်နီးနေပြီမို့ ကျောင်းဆင်းချိန်အမီ ကလေးကို ထီးလာပို့ခြင်းဖြစ်ပေလိမ့်မည်။

"အဲဒါ ဘယ်သူ့အဖေလဲ"

အခန်းထဲရှိကလေးများကို ကျွန်တော် လှမ်းမေးလိုက်သော်လည်း အားလုံးက တညီတညွတ်တည်း ခေါင်းခါပြလေသည်။ ထို့ကြောင့် အခန်းဝသို့ ကျွန်တော်ထွက်လာလိုက်သည်။

"ဦးလေး ထီးလာပို့တာလား၊ ဘယ်သူ့ကို လာပို့တာလဲ"

"သားကို လာပို့တာပါ ဆရာ"

"သားနာမည်က ဘယ်လိုခေါ်လဲဗျ"

"မောင်ကောင်းစံပါ ဆရာ"

"ကျွန်တော့်အခန်းမှာတော့ မောင်ကောင်းစံ မရှိဘူးဗျ၊ ဦးလေးသားက ဘယ်နှတန်းလဲ"

"လေးတန်းပါ ဆရာ"

"လေးတန်းဆိုရင် ဒီအခန်းမဟုတ်ဘူး၊ ကျွန်တော့်အတန်းက ဒုတိယတန်း၊ ဒီကနေဆက်သွားလိုက်။ ကျောင်းအုပ်ကြီးရုံးခန်းလို့ ရေးထားတဲ့ ဆိုင်းဘုတ်တွေ့လိမ့်မယ်။ ရုံးခန်းနံဘေးကအခန်းက စတုတ္ထတန်းအခန်းပဲ"

ညွှန်ပြပြီးသည်နှင့် ကျွန်တော်လည်း အခန်းတွင်းပြန်ဝင်၍ စာဆက်သင်နေလိုက်သည်။ ခဏအကြာ၌ အတန်းထဲရှိ ကလေးများသည် စာသင်နေရင်းမှ အခန်းဝသို့ လှည့်ကြည့် လှည့်ကြည့် လုပ်နေသည်ကို ကျွန်တော် သတိထားမိလိုက်သည်။ ဘာကြောင့်လဲဟူသောအတွေးဖြင့် ကျွန်တော်လှည့်ကြည့်လိုက်စဉ် ခုနကဦးလေးကို ပြန်တွေ့ရ၏။ သူသည် လက်ကို အနောက်သို့ပင့်ထား၍ ကျွန်တော့်ကို ရပ်ကြည့်နေလေသည်။

"ဦးလေး ဘာလုပ်နေတာလဲဗျ၊ ဒီမှာ ကလေးတွေစာသင်နေတာ အနှောင့်အယှက်ဖြစ်တယ်"

သည်တစ်ခါ၌မူ ကျွန်တော်သည် အခန်းဝသို့ မထွက်တော့ဘဲနှင့် ကလေးများရှေ့မှပင် လှမ်းအော်ပြောလိုက်သည်။ မိုးသံကြားတွင် အသံကုန်အော်၍ စာသင်နေရသည်က တစ်ကြောင်း၊ စာသင်ချိန်တွင် အနှောင့်အယှက်ဖြစ်ရသည်က တစ်ကြောင်းမို့ လှမ်းအော်ပြောလိုက်သော ကျွန်တော်၏အသံတွင် ဒေါသတို့က အထင်းသားပါသွားလေ၏။ ရုတ်တရက်မို့ ကလေးများအားလုံးသည် ကျွန်တော့်ကို အထိတ်တလန့် ကြည့်ကြကုန်၏။

"ကျွန်တော် ရှာ ရှာမတွေ့လို့ပါ"

ဦးလေးသည်လည်း လန့်သွားဟန်ရှိ၏။ အထစ်ထစ် အငေါ့ငေါ့နှင့် ပြန်ဖြေလေသည်။

"အခန်းတွေရှေ့မှာ အတန်းနာမည်တွေ ကပ်ထားတယ်လေ။ အဲဒါတွေ ဖတ်ပြီး ရှာလေဗျာ"

"ဟုတ် ဟုတ်ကဲ့ ဆရာ"

ဦးလေး ပြန်လှည့်ထွက်သွားသည်နှင့် ကျွန်တော်လည်း သင်ခန်းစာကို ပြန်စလိုက်သည်။ ခဏအကြာတွင် ကျောင်းဆင်းခေါင်းလောင်းထိုးလေတော့သည်။ ထို့ကြောင့် ကျွန်တော်လည်း ထမင်းစားရန်အတွက် ဆရာများနားနေခန်းသို့ ထွက်လာလိုက်သည်။ လုပ်ဖော်ကိုင်ဖက်များ စုံနေသည်မို့ ထမင်းစားရင်းနှင့်ပင် မနက်က ဦးလေးအကြောင်းကို ကျွန်တော် ပြန်ပြောပြဖြစ်သည်။

"ဟာ ဆရာကလည်း မောင်ကောင်းစံအဖေက စာမှမတတ်တာ၊ အတန်းနာမည်တွေ သူဘယ်ဖတ်တတ်ပါ့မလဲရှင်"

စတုတ္ထတန်းအတန်းပိုင် ဆရာမ ဒေါ်နုသွယ်ချို၏စကားသည် ကျွန်တော့်ကို ဆွံ့အသွားစေသည်။

"အိမ်သာဘက် ကျွန်မ ခဏထွက်လာလို့ တော်သေးတာပေ့ါ၊ အပြင်မှာလျှောက်ကြည့်နေတာတွေ့လို့ မေးကြည့်မှ သူ့ကလေးထီးလာပို့တယ်ဆိုလို့ ကျွန်မပဲတစ်ခါတည်း ယူပေးထားခဲ့တယ်"

ဆရာမကဆက်၍ ပြောပြနေသော်ငြားလည်း ကျွန်တော်နားမထောင်ဝံ့တော့ပါ။ ထို့ကြောင့် နားနေခန်းအပြင်သို့ ကျွန်တော် ချက်ချင်းထွက်လာလိုက်သည်။ ကျွန်တော့်တစ်ကိုယ်လုံးသည် ကျဉ်စက်နှင့်အတို့ခံရသလို နှယ်ဖြစ်နေ၏။ နားထဲတွင်ကား

"အခန်းတွေရှေ့မှာ အတန်းနာမည်တွေ ကပ်ထားတယ်လေ၊ အဲဒါတွေဖတ်ပြီး ရှာလေဗျာ" ဟူသော ကျွန်တော့်စကားနှင့် "ဆရာကလည်း မောင်ကောင်းစံအဖေက စာမှမတတ်တာ" ဟုဆိုသော ဆရာမ၏ စကားတို့ကိုသာ အခါခါ ကြားယောင်လာရင်း ကိုယ့်ကိုယ်ကိုယ် လိပ်ပြာမသန့်ဖြစ်လာ၏။ ရင်ထဲ၌လည်း မကောင်းလှ။ ကိုယ်တွင် ဝတ်ဆင်ထားသော အဖြူအစိမ်းဝတ်စုံကပင် တစ်ဖက်လူအတွက် ထည့်မစဉ်းစားပေးခဲ့သော ကျွန်တော့်ကို လှောင်ရယ်နေသည်ဟု ထင်နေမိသည်။ မောင်ကောင်းစံအဖေနှင့်တွေ့ပြီး ကျွန်တော့်အပြစ်အတွက် ပြန်တောင်းပန်ချင်၏။

"ဆရာမ အဲဒီဦးလေး အခုရှိနေသေးလား"

"အခုက ထမင်းစားဆင်းချိန်ဆိုတော့ ဘယ်ရှိတော့မလဲ၊ ခဏနေကျောင်းပြန်တက်ရင် သူ့သားကို ကျောင်းပြန်လာပို့လိမ့်မယ် ဆရာ"

"ဟော ဟိုမှာ ဆရာစောင့်နေတဲ့သူကြီး လာပါပြီရှင့်"

ဒေါ်နုသွယ်ချို လက်ညှိုးထိုးပြသည့်နေရာသို့ ကျွန်တော်လှမ်းကြည့်လိုက်စဉ် မောင်ကောင်းစံ၏အဖေနှင့် မျက်လုံးချင်းဆုံသွားလေသည်။

"ဟာ ခဏနေပါဦး ဦးလေး"

ရုတ်တရက် ကျွန်တော်မထင်မှတ်ထားသော ဖြစ်ရပ်တစ်ခုသည် ရုတ်ခြည်းဖြစ်ပျက်သွားလေသည်။ ကျွန်တော့်ကို မြင်သည်နှင့် ကောင်းစံ၏ အဖေသည် တရစပ် လှည့်ပြေးသွားလေ၏။

"ဆရာ့ကို သူကြောက်သွားပုံပဲ၊ မနက်က ဆရာက ဖွတ်ငေါက်လိုက်တော့ သူအကြောက်လွန်သွားတာနေမှာ၊ ဆရာလည်း စိတ်ထဲထားမနေနဲ့၊ သူနဲ့တွေ့ရင် ဆရာ့ကိုယ်စား ကျွန်မ တောင်းပန်ပေးလိုက်ပါ့မယ်"

ဆရာမက စိတ်ထဲမထားပါနှင့်ဟု ဆိုသော်ငြားလည်း ကျွန်တော့်စိတ်ထဲတွင်ကား "ငါမှားပြီ"ဟူသော လူမမြင်နိုင်သည့် ဒဏ်ရာကြီးက ထင်သွားလေပြီ။ လူအားလုံးကို ကိုယ့်လိုထင်မှတ်ပြီး တစ်ဖက်လူ၏ အခြေအနေကို ထည့်မတွက်ဘဲနှင့် ထင်ချင်သလိုထင်ကာ ပြောချင်သလိုပြောခဲ့သော ကျွန်တော့်စိတ်ထဲတွင် လူမမြင်နိုင်သော ဒဏ်ရာကြီးသည် နှစ်ရှည်လများ ခိုအောင်းနေလေသည်။ အချိန်များလွန်ခဲ့သော်လည်း ဇွန်မိုးများ သည်းတိုင်း ကိုယ်တိုင်လုပ်ယူခဲ့ဖူးသော ဒဏ်ရာတစ်ခုက ပြန်လည်နုပျိုလာတတ်သည်။

ကျွန်တော်သည် ငွေသွင်းရန်နေရာတွင် ငွေသွင်းပြီးသည့်နောက်တွင် စာစဉ်နှင့် ပုံနှိပ်ထုတ်ယူရန်နေရာသို့ ထွက်လာခဲ့သည်။ ထိုအခါ မကြာသေးမီက တွေ့ခဲ့သော အမျိုးသမီးကြီးကို ပြန်တွေ့လိုက်ရသည်။ သူသည် အေဖိုးစာရွက် အလွတ်တစ်ချပ်နှင့် မင်တံတစ်ချောင်းကိုကိုင်၍ နံရံတွင်ကပ်ထားသော ကိုယ်စားအပ်ပေးသူဖြည့်ရမည့် ဝန်ခံကတိပုံစံကို ကြည့်လိုက် ဟိုဘက်သွားလိုက် သည်ဘက်သွားလိုက်လုပ်နေ၏။ ကျွန်တော်လည်း လုပ်စရာရှိသေးသည်မို့ စာစဉ်နှင့် ပုံနှိပ်စာအုပ်ထုတ်ပေးရာ အခန်းထဲသို့ဝင်ကာ စာစဉ်များနှင့် ပုံနှိပ်စာအုပ်များကို ထုတ်ယူလိုက်သည်နှင့် အပြင်သို့ထွက်ရန် ခြေလှမ်းပြင်လိုက်သည်။ အပြင်၌အဖေစောင့်နေသည်မှာ အတော်ကြာသွားချေပြီ။ တစ်လှမ်း။ နှစ်လှမ်း။ ကျွန်တော့်ခြေလှမ်းများသည် ရှေ့သို့တိုးရန်ခက်နေ၏။ နောက်ဆုတ်ဖို့ရန်အတွက်သာ အားသာနေလေသည်။ စိတ်၏ ဖြားယောင်းသွေးဆောင်မှုကြောင့်ဖြစ်ပေမည်။

"အန်တီ ကျွန်တော်ဖြည့်ပေးရမလား"

"အေး ဖြည့်ပေးစမ်းပါသားရယ်၊ မျက်လုံးကလည်းမကောင်း၊ အသက်ကြီးလာတော့ စာကလည်း သိပ်ပြီး ရေးမရတော့ဘူးကွယ်"

ကျွန်တော့်အမေးကို ပြန်ဖြေလိုက်သော အမျိုးသမီး၏မျက်လုံးတို့သည် ဝင်းလက်နေ၏။ အသံတို့သည်ကား အားပါလှသည်။

"ဒီစားပွဲကိုလာပါ အန်တီ။ ကျွန်တော့်ဖုန်းထဲမှာ ပုံစံကို ဓာတ်ပုံရိုက်ထားတာရှိတယ်"

မနေ့က သူငယ်ချင်းအတွက် ဖောင်များဖြည့်ပြီးချိန်၌ ဓာတ်ပုံရိုက်ယူခဲ့သဖြင့် တော်ပါသေးသည်။ ထိုသို့မဟုတ်လျှင် လူအုပ်ကြား အချိန်အတော်ကြာအောင် တိုးယူပြီးမှ ဖြည့်ရပါလိမ့်မည်။

"ပြီးပြီ အန်တီ၊ ဒီဖောင်ကို စာရေးမစားပွဲမှာ သွားပုံပါ၊ ပြီးတော့ ငွေသွင်းရမယ်၊ စာစဉ်နဲ့ ပုံနှိပ်လည်း ထုတ်ရမယ်ဗျ၊ အခန်းတွေ ကျွန်တော်လိုက်ပြခဲ့ပါ့မယ်"

"ကျေးဇူးတင်လိုက်တာသားရယ်၊ ငါ့သားကြီး တတိုင်းရ လိုတိုင်းရပါစေကွယ်"

အန်တီကြီးကို ကျွန်တော်ခေါ်၍ သွားရမည့် အခန်းများကို ပြပေးခဲ့သည်။ ထို့နောက် အဖေရှိရာသို့ ကျွန်တော် လှမ်းထွက်လာလိုက်သည်။ ခြေလှမ်းများက အဖေရှိရာဆီသို့ လှမ်းနေသော်လည်း စိတ်အစဉ်ကမူ မိုးသည်းလွန်းသော ကျောင်းဖွင့်စ ဇွန်တစ်ရက်က မထင်မှတ်ဘဲ ရရှိလိုက်သည့် ဒဏ်ရာတစ်ခုဆီသို့ ရောက်လိုက် "ငါ့သားကြီး တတိုင်းရ လိုတိုင်းရပါစေကွယ်" ဟု ဆုပေးခဲ့သော အမျိုးသမီးဆီသို့ ရောက်လိုက်ဖြစ်နေလေသည်။ ။

ဆောင်းပါး

# မူလတန်းသင်ရိုးသစ်မှ ကလေးများရရှိနိုင်မည့် ကျွမ်းကျင်မှုများ

## ရွှေမန်း(ပညာရေး)

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများဖွင့်သည်မှာ ယခုဆို ရက်သတ္တ နှစ်ပတ်ကျော်ကြာခဲ့ပြီဖြစ်၏။ ဆရာဆရာမများသည်လည်း ကျောင်းသားကျောင်းသူများကို အားကြိုးမာန်တက်ဖြင့် သင်ကြားပေးနေကြပြီဖြစ်၏။ "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီး တည်ဆောက်အံ့"ဟူသော ဆောင်ပုဒ်အတိုင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ပညာရေးကဏ္ဍသည် အရေးကြီးသည်ဟု ဆိုချင်သည်။

ထို့အတူ ဆရာဆရာမများသည်လည်း အရေးကြီးသော အခန်းကဏ္ဍတွင်ပါဝင်နေပြန်သည်။ ယနေ့ဆိုလျှင် ပညာရေးပြုပြင်ပြောင်းလဲမှုအဖြစ် သင်ရိုးသစ် သူငယ်တန်း (KG)ကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ အကောင်အထည်ဖော် သင်ကြားလျက်ရှိပါသည်။ ထို့အတူ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်ကလည်း ပထမတန်းသင်ရိုးသစ်ကို သင်ကြားခဲ့ပြီး ယခုနှစ်ဆိုလျှင် ကျောင်းများအားလုံး၌ ဒုတိယတန်းသင်ရိုးသစ်ကို စတင်သင်ကြားနေကြပြီဖြစ်သည်။ ယခုသင်ရိုးသစ်များတွင် ကလေးဗဟိုပြု ချဉ်းကပ်သင်ကြားနည်း (CCA)ကို တစ်သမတ်တည်းသုံးစွဲကြရ၍ ကလေးများ၏သင်ယူလိုစိတ်ကို ထက်သန်စေပါသည်။ ဤနည်းကား ကလေးများအားလုံး ပါဝင်လုပ်ဆောင်၍ သင်ယူကြရသည့်နည်းလည်းဖြစ်၏။ ယခင်ကဲ့သို့ ဆရာပြောသည်ကိုပင် နားထောင်၍ စာကိုအလွတ်ကျက်ရသည့် စနစ်မဟုတ်၍ ကလေးများအတွက် သင်ယူရာတွင် ဝန်ထုပ်ဝန်ပိုးမဖြစ်တော့ပေ။ လွတ်လပ်ပျော်ရွှင်စွာ သင်ယူနိုင်ကြပါသည်။

ထို့အပြင် သင်ခန်းစာတိုင်း၌ ကလေးများနှင့်သင့်လျော်သည့် စဉ်းစားဆင်ခြင်နိုင်စွမ်းကို မြင့်မားစေသည့် သင်ခန်းစာများကို အလေးပေး ထည့်သွင်းထားပါသည်။ဆက်စပ်တွေးခေါ်ရသည့် သင်ခန်းစာများ အများစု ပါဝင်နေသောကြောင့် ကလေးများ၏ တွေးခေါ်နိုင်စွမ်းကိုလည်းတိုးတက်စေပါသည်။ အားသာချက်မှာ ဆရာဆရာမများသည် သင်ခန်းစာကို ပေးထားကာ အပြင်သို့ထွက်နေ၍ မရခြင်းဖြစ်သည်။ ထို့ကြောင့် အတန်းကို ထူး၍ ထိန်းရန်မလိုတော့ပေ။အတန်းတွင်းလှည့်ပတ်ကာ ကလေးများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေရတော့သည်။

ယနေ့ခေတ် ဆရာဆရာမများသည် မိမိတပည့်များအတွက် မိမိတပည့်လိုအပ်သည်ကို အထောက်အပံ့ပေးသူ သက်သက်သာဖြစ်သည်။ ဤသင်ရိုးသစ်ကြောင့် ဆရာဆရာမများသည် သင်ခန်းစာနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်သည့် အလေ့အကျင့်ကောင်းများလည်း ရစေပါ၏။

သင်ရိုးဖွဲ့စည်းပုံမှာလည်း ကလေးများအတွက် ဘက်စုံဖွံ့ဖြိုးမှုကို အလေးထားကာ ဗလငါးတန်နှင့် ချိတ်ဆက်ထားပြန်သည်။ ယင်းအလေ့အကျင့်ကောင်းတို့နှင့် ချိတ်ဆက်ထား၍ ရရှိနိုင်သော ကျွမ်းကျင်မှုများနှင့် တတ်ကျွမ်းမှု အရည်အသွေးများမှာ ကောင်းမွန်စွာ တွေးခေါ်တတ်ခြင်း၊ တတ်သိလွယ်ခြင်း၊ တီထွင်ဖန်တီးတတ်ခြင်း၊ ပြဿနာများဖြေရှင်းနိုင်ခြင်း၊ ခေါင်းဆောင်မှုစွမ်းရည်တို့ ဖြစ်ပါသည်။ ထို့အပြင် မူလတန်းသင်ရိုးညွှန်းတမ်း အညွှန်းဘောင်၏ အခြေခံချက်များတွင် ကျောင်းနေအရွယ်ကလေးများ မဖြစ်မနေ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည့်စွမ်းရည်များကို စာသင်ကျောင်းများမှရရှိနိုင်ရန် သင်ကြားသင်ယူမှု နည်းလမ်းများ သင်ရိုးအကြောင်းအရာများကို ထည့်သွင်းထားသည်။

တတ်မြောက်မှုအခြေခံစွမ်းရည်များနှင့် သင်္ချာစွမ်းရည်များသည် အခြေခံသင်ယူမှု ရလဒ်များဖြစ်ပြီး ပညာရေးအဆင့်ဆင့် ပြီးမြောက်ချိန်တွင် ကျောင်းသားများဘဝတွင် အသုံးချနိုင်ကြသည့် စွမ်းရည်များရရှိပြီး ၂၁ ရာစု လူမှု-စီးပွားရေးစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်အတွက် အခြေခံပညာကျောင်းများမှ သင်ယူပြီးမြောက်သည့်အချိန်တွင် အသိပညာနှင့် ကျွမ်းကျင်မှုများရရှိသွားရန် လိုအပ်သည်ဟု ဆိုထားသည်။ သို့မှသာ ၂၁ ရာစုဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာစေရန်၊ တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်ပြီး ဗလငါးတန်နှင့် ပြည့်စုံသူများဖြစ်လာ၍ မိမိတို့နိုင်ငံသားက ကမ္ဘာတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်ရေးပါ စွမ်းဆောင်နိုင်သည့် နိုင်ငံ့သားကောင်းရတနာများ ပေါ်လာနိုင်မည်မဟုတ်လော။

ဤနေရာတွင် သင်ရိုးသစ်နှင့် ပတ်သက်၍ အနည်းငယ် ပြောပြချင်ပါသည်။ ယနေ့စာသင်ကျောင်းများတွင် သူငယ်တန်း (KG)၊ ပထမတန်းနှင့် ဒုတိယတန်းများသည် သင်ရိုးသစ်ဖြစ်၍ သင်နည်း CCA ကို တစ်သမတ်တည်း သွားနေကြသည်။ အများအားဖြင့် သီဆိုခြင်း၊ ကခြင်း၊ အုပ်စုဖွဲ့ ကစားနည်းများဖြင့် သင်ကြားနေကြသည်။ သို့သော် အချို့က ဤနည်းကို စာသင်သည်မဟုတ်ဟု ထင်နေပုံပေါ်သည်။ "ကျောင်းကလည်း စာသင်တယ် မရှိဘူး၊ ဆိုလိုက်၊ ကလိုက်၊ ကစားလိုက်ပါ" ဟူသော စကားမျိုးများကို ကြားရသည်။ ထို့ကြောင့် ရှင်းပြကြရပြန်သည်။ ဆရာဗဟိုပြု ချဉ်းကပ်သင်ကြားနည်း(TCA)ကို စွဲလာကြသော မိဘများ၏ စကားများသည်လည်း လွန်သည်မထင်မိပေ။

သို့သော် မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှုကာလဖြစ်၍ မိဘများအနေဖြင့် အထက်ပါစကားမျိုးများကိုမပြောဘဲ သင်နည်းအပြောင်းအလဲများကို နားလည်စေချင်မိသည်။ ပြောရလျှင် မူလတန်းသင်ရိုးသစ်မိတ်ဆက်ခြင်းသည် အခြေခံပညာအရည်အသွေး တိုးတက်စေရန်အတွက် အရေးပါသော ဆောင်ရွက်မှုဖြစ်သည်ဟု မူလတန်းသင်ရိုးသစ် သင်တန်းလက်စွဲ၌ ဖော်ပြထားသည်။ ပညာရေး တိုးတက်မြင့်မားရေးအတွက် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ဆောင်ရွက်နေကြပါသည်။

ယခုဆိုလျှင် မူလတန်းအဆင့် သင်ရိုးညွှန်းတမ်းတွင် အဓိကသင်ရိုး သင်ယူမှုနယ်ပယ် ၁၀ ခုပါဝင်သည်။ သင်ယူမှုနယ်ပယ် ၁၀ ခုမှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေး၊ ကာယပညာ၊ ဘဝတွက်တာ ကျွမ်းကျင်စရာ၊ အနုပညာ၊ စာရိတ္တနှင့် ပြည်သူ့နီတိနှင့် ဒေသဆိုင်ရာသင်ရိုးတို့ဖြစ်သည်။ ယခင် သင်ရိုးမပြောင်းမီက ယခု အဓိကဘာသာရပ်များဖြစ်နေသည့် ကာယ၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ စာရိတ္တနှင့် ပြည်သူ့နီတိတို့သည် တွဲဖက်သင်ရိုးမျှသာဖြစ်သည်။ ယခုတော့ အဓိကဘာသာရပ်များအဖြစ် ပြောင်းလဲသင်ကြားနေကြရပြီဖြစ်သည်။

ထို့အပြင် မူလတန်းအဆင့် ပညာရေး၏ ရည်မှန်းချက်များကား ကောင်းလှပေ၏။ ဗလငါးတန် ဘက်စုံဟန်ချက်ညီဖွံ့ဖြိုးမှုရရှိရန်၊ မြန်မာဘာသာစကား ကျွမ်းကျင်မှုလေးမျိုးရရှိရန်၊ တိုင်းရင်းသားဘာသာစကား ကျွမ်းကျင်ရန်၊ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်ရန်၊ အခြေခံတွက်ချက်မှုများကို လက်တွေ့ဘဝတွင် အသုံးချတတ်ရန်၊ ပတ်ဝန်းကျင်ရှိ သဘာဝဖြစ်စဉ်ကို သိပ္ပံနည်းကျလေ့လာ၍ ရရှိလာသော အသိပညာများနှင့် ကျွမ်းကျင်မှုများကို လက်တွေ့ဘဝနှင့် ဆက်စပ်အသုံးချနိုင်ရန်၊ မိမိနိုင်ငံ၏ ပထဝီဆိုင်ရာနှင့် သမိုင်းဆိုင်ရာကို နားလည်ပြီး မြတ်နိုးတန်ဖိုးထားတတ်ရန်၊ နိုင်ငံသားကောင်းဖြစ်ရေး၊ အနုပညာခံစားတတ်ရန် ကာယလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်းနှင့် ကျန်းမာရေးနှင့်ဆက်စပ်သော ဗဟုသုတများကို နေ့စဉ်ဘဝတွင် ကျင့်သုံးတတ်ရန်စသော ကျွမ်းကျင်မှုများပါဝင်သည်။ ထို့ကြောင့် ပြုပြင်ပြောင်းလဲထားသော မူလတန်းသင်ရိုးသစ်သည် ကလေးများအတွက် ၂၁ ရာစု ကျွမ်းကျင်မှုများကို ရရှိစေမည်မှာ အမှန်ဖြစ်ပေ၏။

အဘယ်ကြောင့်ဆိုသော် မူလတန်းပညာရေး၏ ယေဘုယျရည်ရွယ်ချက်နှင့် ဘာသာရပ်အသီးသီး၏ ရည်ရွယ်ချက်များကို အသစ်ပြင်ဆင်ရေးဆွဲထားပြီး ဘာသာရပ်အကြောင်းအရာများကို ပြန်လည်သုံးသပ် ပြင်ဆင်ထားသည့်အပြင် ဆရာဆရာမများ၏အရည်အသွေးကို တိုးမြှင့်ရန် ဆရာဆရာမများကို သင်တန်းများ ပေးထားသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ကလေးများသည် မူလတန်းသင်ရိုးသစ်ကြောင့် ဗလငါးတန်နှင့် ချိတ်ဆက်ထားသော ကျွမ်းကျင်မှုများစွာကို ကောင်းစွာရရှိနိုင်ကြမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

## ဆရာ

မဟာဘုန်းလွှာ အကြင်နာတရားရယ်နှင့်
နာသုံးနာ ရင်မှာထားပါလို့
မင်္ဂလာတရားနှင့် ကျေးဇူးရှင်။
အလုအပြုံးချို ညီအစ်ကိုသွေးလိုပ
ဝလုံးကို ဒီလိုရေးပါဟု
သင်ပေးသည့် နည်းအတတ်တွေကြောင့်
ကြီးမြတ်သူပင်။

စေတနာ ဝါဒတရားရယ်က
မြေကမ္ဘာမှာ ရှာမှရှားပါဘိ
ဆရာဘဝတစ်ပါးခင်ဗျာ အနစ်နာလမ်းတွင်ဖြင့်
ပကာသနမထားပါ ချစ်သဒ္ဓါလွှမ်းကာပေ့ါ
မေတ္တာအစွမ်းကြောင့် အတတ်သင်
အမြတ်တွင်လည်း သူမကြည့်။

အနန္တဂုဏ်
စံပြပုံ တုကာနှိုင်းပြန်တော့
တစ်ဖန်အလုစုံ လူ့ရွာသမိုင်းတွင်ဖြင့်
မရိုင်းသည့် ဂုဏ်အင်တရားပေမို့
စုံလင်များ၍ ရှေးရှုဖွေ
ကျေးဇူးတွေ နဖူးတိုက်ကာ
ဦးခိုက်ပါ၏။ ။

**ဘုန်းထက်ကျော်**

## တောင်သူနှင့်မိုး

* ရာသီလေပြင်း မိုးစက်သွင်း၍
ယာခင်းကိုဖြတ် အချမ်းဓာတ်နှင့်
လွှမ်းပတ်သိုင်းခြုံ ရှစ်တိုင်းမှုန်သည်
မုတ်သုံနှုတ်ဆက်ကြမ်းနေ၏။

* ပျိုးပင်နုနု မိုးပြင်းထုသော်
ကျိုးလုရွက်ခက် မြေမှာသက်သည်
မရပ်မနား လေတိုက်အားက
ရွက်များကြွေဖို့အကြောင်းဖန်၏။

* မိုးစက်မြေရောက် သီးနှံပေါက်၏
မိုးပြောက်ပုံမှန် အသီးသန်၏
လေထန်လျှပ်စီး မိုးလည်းကြီးသော်
ပျက်စီးသီးနှံ တောင်သူ့ကံသည်
မဟန်ဒုက္ခ စုပုံကျမည်
နွမ်းလျနိုင်သောဘဝများ။

* သြော်. . .
မရှာတောင့်တ ရှာကြောင့်ကြသည့်
ဒုက္ခကိုပိုက် ကံမျှော်လိုက်နှင့်
ကိုယ့်ထိုက်ကိုယ့်ကံ ကောင်းကင်ယံသည်
မိုးဆန်မိုးခဲအပြည့်တည်း။

**မောင်စိုးဝေ(မြို့သာ)**

ဆောင်းပါး

# ပြဿနာတိုင်းတွင် ဖြေရှင်းရန် နည်းလမ်းရှိသည်

## အေးမြတ်မြတ်ဖြိုး (ကံမ)

တစ်ခါတုန်းက ရွာတစ်ရွာမှာ ရိုးအတဲ့လယ်သမားတစ်ယောက်ရှိပါသတဲ့။ တစ်နေ့တော့ သူ့မှာ ခရီးသွားစရာကိစ္စတစ်ခု ပေါ်လာပါတယ်။ ခရီးကဝေးတော့ မြင်းစီးသွားမယ်လို့ တွေးတာပေါ့။

ဒါနဲ့ပဲ လမ်းခရီးမှာ သူ့မြင်းကလေးရေဆာနေမှာစိုးတာနဲ့ "အိမ်ကနေ ရေအဝတိုက်သွားမယ်"လို့ စိတ်ကူးပြီး မြင်းကို အိမ်နောက်ဖေးက ရေကန်ဆီ ဆွဲခေါ်လာခဲ့ပါတယ်။

မြင်းကလေးဟာ သူဆွဲခေါ်ရာနောက် ပါလာပေမယ့် ရေကန်ဆီ ရောက်တဲ့အခါတော့ ရေလုံးဝတိုက်မရဘူးတဲ့။ သူဘယ်လိုတိုက်တိုက် ရေမသောက်ချင်တဲ့ မြင်းကလေးက ခေါင်းမော့ခါယမ်းပြီး ငြင်းဆန်နေပါတော့တယ်။

အဲဒီအချိန်မှာပဲ ရေကန်နားရောက်လာတဲ့ လူငယ်လေးတစ်ယောက်က မြင်းတစ်ကောင်နဲ့ ဗျာများနေတဲ့ သူ့ကိုကြည့်ပြီး တဟားဟား ရယ်ပါသတဲ့။ အစကမှ မြင်းကို ရေတိုက်မရလို့ စိတ်ညစ်နေတဲ့ လယ်သမားဟာ လူငယ့်ရယ်သံကြောင့် ပိုပြီးဒေါပွတော့တာပေါ့။

"ခရီးဝေးသွားမှာမို့ လမ်းမှာ ငါ့မြင်းရေဆာနေမှာစိုးလို့ ရေတိုက်နေတာကွ၊ ဒီကောင်ကို ချော့မရခြောက်မရဖြစ်နေပါတယ်ဆို မင်းက ငါ့ကိုလှောင်နေတာလား"

သူက စိတ်ဆိုးမာန်ဆိုးနဲ့ ပြောလိုက်တော့ လူငယ်က "ဒီကိစ္စအတွက်တော့ စိတ်မညစ်ပါနဲ့ဗျာ၊ ဒါဖြေရှင်းဖို့ အရမ်းလွယ်ပါတယ်၊ ကျွန်တော်ကူညီပါ့မယ်"လို့ပြောပြီး မီးဖိုထဲကို နောက်ဖေးပေါက်ကနေ ပြေးဝင်သွားပါတယ်။ မီးဖိုထဲကနေ သူပြန်ထွက်လာတဲ့အခါ သူ့လက်ထဲမှာ တစ်စုံတစ်ရာကို ဆုပ်ယူလာပါသတဲ့။ ပြီးတော့ မြင်းကလေးရဲ့ ပါးစပ်ကိုဖြဲပြီး သူ့လက်ထဲက အရာတွေနဲ့ သုတ်လိမ်းပါတော့တယ်။

လယ်သမား ရေတိုက်တုန်းက ပေကတ်ကတ်လုပ်နေတဲ့ မြင်းကလေးဟာ အခုတော့ ရေကို အငမ်းမရ သောက်ပါတော့တယ်။ လယ်သမားလည်း အံ့အားသင့်ပြီး "မင်း ဘယ်လိုလုပ်လိုက်တာလဲ"လို့ မေးတော့တာပေါ့။

လူငယ်က အသာပြုံးရင်း "သူ့ပါးစပ်ထဲ ဆားအနည်းငယ် ထည့်လိုက်တာပါ"လို့ ပြန်ဖြေပါသတဲ့။

ဒီပုံပြင်ကလေးကို ဖတ်လိုက်ရတော့ ကျွန်မတပည့်တွေ မျက်နှာ ပြေးမြင်မိပါရဲ့။ ဟုတ်လိုက်လေ။ ကျွန်မတို့အနေနဲ့ စာတစ်ပုဒ်ကို သူတို့နားလည်အောင် နည်းမျိုးစုံသုံးပြီး ရှင်းပြလို့ရပေမယ့် သူတို့စာကျက်ချင်စိတ်ဝင်လာအောင် တကယ်စာကျက်အောင် လုပ်ပေးဖို့ဆိုတာ အတော်ခက်တဲ့ ကိစ္စပါ။ ခက်တယ်ဆိုပြီး ပစ်ထားလို့လည်း မရလေတော့ အတော့်ကို စိတ်ပင်ပန်းရပါတယ်။

ဒါနဲ့ပဲ ဆက်ပြီးစဉ်းစားနေမိပါတယ်။ ကျွန်မတို့တွေလည်း အခက်အခဲတစ်စုံတစ်ရာတွေ့တဲ့အခါ ခဏနဲ့မပြေလည်ရင် စိတ်ဓာတ်ကျတတ်ပါတယ်။ တကယ်တော့ ဘယ်လိုကိစ္စတိုင်းမဆို ပြေလည်မယ့် နည်းလမ်းကို ကြံဆတတ်ရင် ဖြေရှင်းပြေလည်နိုင်ပါတယ်။ ဒီပုံပြင်ထဲကလိုပဲ တစ်ခါတလေကျ ကာယကံရှင်မမြင်တဲ့ အားနည်းချက်ကို ဘေးလူက ပိုမြင်တတ်တာတွေလည်း ရှိပါတယ်။နည်းလမ်းမမှန်ရင် ကြိုးစားတိုင်းလည်း အရာမရောက်တာတွေကို သတိထားသင့်ပါတယ်။

ပြီးတော့ ကျွန်မတွေးမိတာက ပြဿနာရဲ့သော့ချက်ကို မသိဘဲ ဇွတ်ဖြေရှင်းနေရင် အကျိုးမရှိတဲ့အပြင် အချိန်ကုန်လူပန်းဖြစ်တတ်တာလေးတွေပါ။ စေတနာဘယ်လောက်ကောင်းပေမယ့် စွမ်းဆောင်ရည်မကောင်း နည်းလမ်းမမှန်ရင် ကြိုးစားအားထုတ်သမျှ အချည်းနှီးပဲမဟုတ်လား။ တချို့ကိစ္စတွေမှာ ကိုယ်လုပ်တာမှ အမှန်ကိုယ်ထင်တာမှ အဟုတ်ရယ်လို့ တစ်ယူသန်နေလို့ မရပါဘူး။ ကိုယ့်ထက်သိတဲ့ တတ်တဲ့သူရှိလာတဲ့အခါ သူ့ဆီက အကြံဉာဏ်ယူသင့်ပါတယ်။

ဒါလေးတွေ ဆင်ခြင်ရဦးမယ်လို့ တွေးမိလို့ မိတ်ဆွေများထံ ဝေမျှလိုက်ရပါတယ်။ အခက်အခဲပြဿနာကြုံရတဲ့အခါ နည်းမှန်လမ်းမှန်နဲ့ ဖြေရှင်းအောင်မြင်နိုင်ကြပါစေရှင်။ ။

### ဖခင်အမည်မှန်

တွံတေးမြို့နယ် နေရာသစ်ကိုယ်ပိုင်အထက်တန်းကျောင်း ဒသမတန်းတွင် ပညာသင်နေသော မောင်အောင်ထွန်းမြတ်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းလေး [၁၂/တတန(နိုင်)၁၂၈၆၉၂] ဖြစ်ပါသည်။

### ဖခင်အမည်မှန်

တွံတေးမြို့နယ် နေရာသစ်ကိုယ်ပိုင်အထက်တန်းကျောင်း ဒသမတန်းတွင် ပညာသင်ကြားနေသော မမေသကြိန်၏ဖခင်အမည်မှန်မှာ ဦးလှထွန်း [၁၄/မမက(နိုင်)၁၈၆၇၆၉] ဖြစ်ပါသည်။

### (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များအားကစားပြိုင်ပွဲ၏ ကြော်ငြာအေဂျင်စီအတွက် တင်ဒါခေါ်ယူခြင်းကိစ္စ

၁။ ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလတွင် နေပြည်တော်၌ကျင်းပမည့် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲအတွက် ကြော်ငြာအေဂျင်စီအဖြစ် ဆောင်ရွက်လိုသော လုပ်ငန်းရှင်များအနေဖြင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါအတွက် လိုအပ်သော စာရွက်စာတမ်းလျှောက်လွှာကို ပညာရေးဝန်ကြီးဌာန၊ (ရုံးအမှတ်-၁၃)၊ အဆင့်မြင့်ပညာဦးစီးဌာန၊ အုပ်ချုပ်မှု(၃)ထပ်ရုံး၊ နေပြည်တော်တွင် ၁၈-၆-၂၀၁၈ရက်မှ ၁၈-၇-၂၀၁၈ရက်အထိ ရောင်းချပေးမည်ဖြစ်ပါသည်။

၂။ တင်ဒါတင်သွင်းလိုသူများအနေဖြင့် တင်ဒါပုံစံများကို ပညာရေးဝန်ကြီးဌာန (ရုံးအမှတ်-၁၃)၊ အဆင့်မြင့်ပညာဦးစီးဌာန၊ အုပ်ချုပ်မှု(၃)ထပ်ရုံး၊ နေပြည်တော်သို့ ၂၀-၇-၂၀၁၈ရက် နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါခေါ်ယူခြင်းကိစ္စနှင့်ပတ်သက်၍ ဖုန်းနံပါတ်-၀၆၇-၃၄၀၇၇၁၉၊ ၀၆၇-၃၄၀၇၇၂၇ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

### Taxi ပိုင်ရှင်များအတွက် သတင်းကောင်း

လူကြီးမင်းတို့၏ Taxi ကားများကို လုံခြုံစိတ်ချမှုရှိစေရန် အထူးမွမ်းမံသင်တန်းပေးထားသော ကျွမ်းကျင်ယာဉ်မောင်းများနှင့် အကျိုးတူဆောင်ရွက်လိုပါက အမြန်ဆက်သွယ်ပါ။ လိုအပ်ချက်- ၂၀၀၂အထက် Model ဖြစ်ရမည်။ Probox, Fielder, Succeed ဦးစားပေးမည်။ ဝန်ဆောင်ခ ပေးရန်မလိုပါ။

**ဆက်သွယ်ရန်-၀၉-၇၆၅၄၀၀၄၅၀**

### ဖခင်အမည်မှန်

ခရမ်းမြို့နယ်၊ အထက(ခွဲ) (ကံကောင်းဟောင်း)မှ မောင်သက်လင်းထိုက် (တက္ကသိုလ်ဝင်တန်း)၏ ဖခင်အမည်မှန်မှာ ဦးမောင်ရွှေ [၁၂/ခရန(နိုင်)၀၉၆၆၃၄] ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ခရမ်းမြို့နယ်၊ အထက(ခွဲ) (ကံကောင်းဟောင်း) အဋ္ဌမတန်းမှ မောင်ဝေဖြိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးသက်ဦးလွင် [၁၂/ခရန(နိုင်)၁၀၁၄၁၅]ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ခရမ်းမြို့နယ်၊ အထက(ခွဲ) (ကံကောင်းဟောင်း) နဝမတန်းမှ မောင်ညီလင်းဦး၏ ဖခင်အမည်မှန်မှာ ဦးမောင်ဇော် [၁၂/ခရန(နိုင်)၁၃၅၄၁၇]ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ခရမ်းမြို့နယ်၊ အထက(ခွဲ) (ကံကောင်းဟောင်း) နဝမတန်းမှ မောင်ခန့်ဝေမောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇံ[၈/ပခက(နိုင်)၃၁၀၅၅၇]ဖြစ်ပါကြောင်း။

## ဦးသောင်းစိန် [၁၂/တမန(နိုင်)၀၅၈၃၉၂]နှင့် အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ အမှတ်-၁၉၅နေ ဒေါ်မြင့်စိန် [၁၂/တမန(နိုင်)၀၆၁၀၄၁]နှင့် ဒေါ်ညွန့်ညွန့်စိန် [၁၂/တမန(နိုင်)၀၄၉၈၉၅]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိဘနှစ်ပါးဖြစ်သော ဦးထွန်းစိန်နှင့်ဒေါ်စိန်ခင်တို့တွင် ဒေါ်မြင့်စိန် [၁၂/တမန(နိုင်)၀၆၁၀၄၁]၊ ဦးသောင်းစိန် [၁၂/တမန(နိုင်)၀၅၈၃၉၂]၊ ဒေါ်ညွန့်ညွန့်စိန် [၁၂/တမန(နိုင်)၀၄၉၈၉၅]ဟူ၍ သားသမီး(၃)ဦးထွန်းကားခဲ့ပါသည်။ ဖခင်ဦးထွန်းစိန်မှာ ၂၉-၁၀-၁၉၈၉ရက်တွင်လည်းကောင်း၊ မိခင်ဒေါ်စိန်ခင်မှာ ၉-၁၁-၁၉၉၈ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ကြပြီးဖြစ်ပါသည်။ မိဘ(၂)ပါး ကွယ်လွန်ပြီးနောက် မိဘနှစ်ပါးကျန်ရစ်သည့်အောက်ပါမရွှေ့မပြောင်းနိုင်သော ပစ္စည်း(၂)မျိုးမှာ မောင်နှမ(၃)ဦးဖြစ်သော ဒေါ်မြင့်စိန်၊ ဦးသောင်းစိန်၊ ဒေါ်ညွန့်ညွန့်စိန်တို့ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေ ဆက်ခံပိုင်ဆိုင်သည့် မြေနှင့်အဆောက်အဦများဖြစ်ကြပါသည်။

(၁) ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄(ဒီ)၊ မြေအတန်းအစား-III class၊ မြေကွက်အမှတ်-၂၀၊ ဧရိယာ(၀. ၀၂၉)ဧကအကျယ်အဝန်းရှိ နှစ်(၉၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဗညားဒလလမ်း၊ အမှတ်-၁၉၅ဟုခေါ်တွင်သော အဆောက်အဦအပါ အဝင်အကျိုးခံစားခွင့်အရပ်ရပ်။

(၂) ရန်ကုန်မြို့၊ သိမ်ဖြူတိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁(ဘီ)၊ မြေကွက်အမှတ်-၄၉၄+၄၉၅၊ ပဥ္စမတန်းမြေ အမျိုးအစား ဧရိယာပေ(၅၉×၃၉)အကျယ်အဝန်းရှိ နှစ်(၉၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၃၇/၃၉၊ ၁၁၉လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဟုခေါ်တွင်သောအဆောက်အဦမှ မြေရှင်ရထိုက်ခွင့်ရှိသည့်တိုက်ခန်း(၆)ခန်း အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်။

ဒေါ်မြင့်စိန်မှာ ပြည်ပနိုင်ငံသို့ရောက်ရှိနေ၍လည်းကောင်း၊ ဒေါ်ညွန့်ညွန့်စိန်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် ဝန်ထမ်းတစ်ဦးအဖြစ် တိုင်းဒေသကြီးများတွင် တာဝန်ထမ်းဆောင်နေရ၍လည်းကောင်း၊ အထက်ဖော်ပြပါပစ္စည်း(၂)ရပ်၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများကို ဦးသောင်းစိန်ထံ ယုံကြည်စွာအပ်နှံထားရှိသည့်အပြင် ဒေါ်မြင့်စိန်၊ ဒေါ်ညွန့်ညွန့်စိန်တို့က ဦးသောင်းစိန်အား ကိုယ်စားလှယ်လွှဲစာများလည်းလွှဲအပ်ပေးခဲ့ပါသည်။

မိဘနှစ်ပါးကျန်ရစ်ခဲ့သည် အထက်ဖော်ပြပါအမွေပုံပစ္စည်းများကို မောင်နှမ(၃)ဦး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရာတွင် ဦးသောင်းစိန်မှလက်မှတ်ရေးထိုးပေးရန် ပျက်ကွက်လျက် ရှိကြောင်းသိရှိရပါသည်။ သို့ပါ၍ ဒေါ်မြင့်စိန်နှင့် ဒေါ်ညွန့်ညွန့်စိန်တို့မှ ဦးသောင်းစိန်အား လွှဲအပ်ထားသည့်ကိုယ်စားလှယ် လွှဲစာအားလုံးကို ပြန်လည်ရုပ်သိမ်းကြောင်းနှင့် ဤကြေညာချက်ပါရှိပြီး (၇)ရက်အတွင်း ဒေါ်မြင့်စိန်နှင့်ဒေါ်ညွန့်ညွန့်စိန်တို့ရထိုက်ခွင့်ရှိသည့်အမွေဝေစုအကျိုးခံစားခွင့်အားလုံးကို ခွဲဝေပေးပါရန်နှင့် အထက်ဖော်ပြပါပစ္စည်းအရပ်ရပ်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားနည်းစီမံခန့်ခွဲခြင်းတို့ မပြုလုပ်ပါရန်နှင့် ပျက်ကွက်ပါကဦးသောင်းစိန်အပေါ် ဥပဒေနှင့်အညီဆောင်ရွက်ရန်ညွှန်ကြားချက်များ ရရှိထားပြီးဖြစ်ကြောင်း ဦးသောင်းစိန်နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်မြင့်စိန် [၁၂/တမန(နိုင်)၀၆၁၀၄၁]နှင့် ဒေါ်ညွန့်ညွန့်စိန် [၁၂/တမန(နိုင်)၀၄၉၈၉၅]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | | |
|---|---|---|---|
| ဒေါ်လှလှလွင် (စဉ်-၅၇၇၃) | ဒေါ်လဲ့လဲ့ဝင်း (စဉ်-၁၄၁၃၂) | ဒေါ်နွယ်နွယ်ဇင် (စဉ်-၄၅၃၇၉) | ဒေါ်ဝေဇင်အောင် (စဉ်-၄၆၉၁၉) |
| ဒေါ်လွင်မာ (စဉ်-၈၉၀၉) | ဒေါ်သန္တာမော် (စဉ်-၁၄၁၅၂) | ဦးထက်ခေါင် (စဉ်-၄၆၇၇၆) | ဦးဝေဖြိုးကျော် (စဉ်-၄၇၅၇၅) |
| ဦးထွန်းထွန်းနိုင် (စဉ်-၁၂၇၂၈) | | | |

**တရားလွှတ်တော်ရှေ့နေများ　　　　အထက်တန်းရှေ့နေများ**

**အမှတ်(၁၀၈/၁၁၀)၊ ၃-လွှာ(ခေါင်းရင်း)၊ ၃၈ လမ်း၊ ၆-ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၂၇၁၄၄၊ ၀၉-၇၆၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဘုမွော်ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၆၁၅)နေ ဦးမြင့်သား-ဒေါ်မြဝင်းတို့၏သမီးဖြစ်သူ မသိမှတ်ဦး [၆/ထဝန(နိုင်)၁၁၈၁၀၇]သည် မိဘများစိတ်ဆင်းရဲ ဂုဏ်သိက္ခာကျဆင်းစေရန် အကြိမ်ကြိမ်ပြုလုပ်ကာ ဆိုဆုံးမမှုကိုနာခံမှုမရှိဘဲ ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှ ထွက်သွားပါသဖြင့် ၎င်းအား ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးမြင့်သား [၆/သရခ(နိုင်)၀၂၃၀၇၁]
ဒေါ်မြဝင်း [၆/သရခ(နိုင်)၀၂၃၂၃၇]

**MM**

**အုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။**

**09-444880970**

## အောင်ကောင်းကျော်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးကျော်ဝေနှင့် ၎င်း၏ရှေ့နေများ ဦးသိန်းထွန်း(တရားလွှတ်တော်ရှေ့နေ)၊ စဉ်(၃၀၁၈)နှင့် ဒေါ်နှင်းစုဝေ(အထက်တန်းရှေ့နေ)၊ စဉ်(၃၄၅၃၉)တို့၏(၉-၆-၂၀၁၈)ရက်စွဲပါ ကြေးမုံသတင်းစာကြော်ငြာစာမျက်နှာ(စ)ပါ ကြေညာချက်နှင့် ပတ်သက်၍ တုံ့ပြန်ရှင်းလင်းခြင်း

ထူးပြည့်ပြည့်စုံဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ဒါရိုက်တာအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာပါသည်-

ထူးပြည့်ပြည့်စုံဆောက်လုပ်ရေးကုမ္ပဏီလီမိတက်အုပ်ချုပ်မှုဒါရိုက်တာ ဦးသိန်းသန်းဝင်းနှင့် အောင်ကောင်းကျော် ကုမ္ပဏီဥက္ကဋ္ဌဦးကျော်ဝေတို့ ၂၄-၃-၂၀၁၆ ရက် တိုက်ခန်းအရောင်းကိုယ်စားလှယ် လွှဲအပ်စာချုပ်အပိုဒ်(၄)တွင်ပါရှိသော "အခန်းရောင်းရငွေများအား လုပ်ငန်းအပ်နှံသူ၏ ဘဏ်အကောင့်အတွင်းသို့ ထည့်သွင်းထားမည်ဖြစ်ပြီး" ဟူသော စကားရပ်သည် လုပ်ငန်းအပ်နှံသူ အောင်ကောင်းကျော်ကုမ္ပဏီက လိုက်နာရန်ကတိပြုထားသည့် တာဝန်သာဖြစ်ပြီး ထူးပြည့်ပြည့်စုံဆောက်လုပ်ရေးကုမ္ပဏီလီမိတက်အနေဖြင့် အခန်းရောင်းရငွေများကို အောင်ကောင်းကျော်ကုမ္ပဏီထံသို့ အောင်ကောင်းကျော်ကုမ္ပဏီတံဆိပ်ပါငွေပေးပြေစာများနှင့် အခန်းရောင်းရငွေအချို့ကို ပေးသွင်းခြင်း၊ ရာပြည့်ဈေးတည်ဆောက်ရေးလုပ်ငန်းအတွက် သုံးစွဲခြင်းတို့ကို နှစ်ဦးသဘောတူချက်အရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ရာပြည့်ဈေးသစ်ဆောက်လုပ်ပြီးစီးမှုမှာ Car Parking နေရာအထိသာဖြစ်ပြီး လူနေတိုက်ခန်းပထမထပ်သို့ ရောက်ရှိရန် (Service Floor) တစ်လွှာကျန်ရှိသည်ကို သိလျက်နှင့်လည်းကောင်း၊ အခန်းကြိုပွဲငွဲ ရောင်းချမှုစနစ်အရ ပြီးစီးမှုအလွှာ၊ ရေ၊ မီး၊ ဆေး၊ BCC စသည်တို့အလိုက် ဝယ်သူကအရစ်ကျပေးချေသည့်သဘောသဘာဝကိုသိရှိလျှက်နှင့်လည်းကောင်း၊သတ်မှတ်အခန်းဈေးနှုန်းအရ အခန်းရောင်းမထွက်သဖြင့် မြို့တော်စည်ပင်၏ သတ်မှတ်ရက်အမီ ပြီးစီးနိုင်ရေးအတွက် အခန်းဈေးနှုန်းများသင့်လျော်သလို လျှော့ချရောင်းချရသည်ကို သိလျက်နှင့်လည်းကောင်း၊ အခန်းအရေအတွက်ကို (၁)စတုရန်းပေလျှင် (၁၂၀၀၀၀)ကျပ်ဖြင့်တွက်ချက်ပြီး အခန်းဖိုးငွေအပြေအကျေရပြီးသည့် သဘောဖြင့်တောင်းခံလာခြင်းသည် မမှန်မကန်တောင်းခံခြင်းဖြစ်ကြောင်း ငြင်းဆိုပါသည်။

အရောင်းကိုယ်စားလှယ်လွှဲအပ်မှုစာချုပ်အရ အခန်းပေါင်း(၄၀)ခန်း ရောင်းချခဲ့ရာတွင် (၁)စတုရန်းပေလျှင် (၁၂၀၀၀၀)ကျပ်နှုန်းဖြင့် (၃၁)ခန်း၊ (၁၁၀၀၀၀)ကျပ်နှုန်းဖြင့်(၉)ခန်းအတွက် သင့်ငွေပေါင်း(၇၉၆၄၂၉၀၀၀၀) ဖြစ်သော်လည်း ရောင်းအားမြှင့်သည့်အနေဖြင့် ဈေးလျှော့ရောင်းချငွေ (၂ ၅၃၇ ၀၇၀ ၆၆၆)၊ အခန်းဝယ်သူများထံမှ ရရန်ကျန်ငွေ (၁၃၃၄၀၃၇၇၃၃၆)၊ PAE စနစ်ဖြင့် ထူးပြည့်ပြည့်စုံဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က ရသင့်ငွေ (၃၀၁၄၀၇၁၉၈၅)၊ အခန်း(၄၀)ခန်းရောင်းချမှုအတွက် အကျိုးဆောင်ခ(၂၃၃၃၇၈၇၀၀)အောင်ကောင်းကျော်ကုမ္ပဏီသို့ ငွေပေးပြေစာများဖြင့် အလီလီပေးသွင်းထားသည့် အခန်းရောင်းရငွေ (၃၈၅၀၀၀၀၀၀)၊ ၃-၆-၂၀၁၆ ရက်စွဲပါစာချုပ်ဖြင့် အောင်ကောင်းကျော်ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် ဦးအေးစိုးထံသို့ ပေးသွင်းထားသည့် အခန်းဖိုးစရန်ငွေ (၆၀၀၀၀၀၀၀၀)၊ စုစုပေါင်းငွေ (၈၁၀၃၅၅၈၆၈၇)တိတိခုနှိမ်ပါက အောင်ကောင်းကျော်ကုမ္ပဏီသည် ထူးပြည့်ပြည့်စုံဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သို့ PAE ဖိုးကျန်ငွေ (၁၃၉၂၆၈၆၈၇)ပေးချေရမည်ဖြစ်၍ ၂၈-၆-၂၀၁၈ရက် နောက်ဆုံးထားပေးချေပါရန် တောင်းဆိုပါသည်။

လုပ်ငန်းအပ်နှံစာချုပ်အပိုဒ်(၃)အရ PAE ငွေ(၃၀၁၄၀၇၁၉၈၅)တောင်းခံထားခြင်းဖြစ်၍ အောင်ကောင်းကျော်ကုမ္ပဏီက လိုက်နာရန်တာဝန်ရှိပါသည်။

အောင်ကောင်းကျော်ကုမ္ပဏီ၏ ၂၉-၅-၂၀၁၈ရက်စွဲပါ ကြေးမုံသတင်းစာကြော်ငြာအရ အခန်းဝယ်ယူသူများက စရန်ပေးစာချုပ်များ ဖျက်သိမ်းလိုကြောင်း ထူးပြည့်ပြည့်စုံဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သို့ ဆက်သွယ်လာကြသည့်အတွက်ဖြေရှင်းပေးနိုင်ရန် PAE ဖိုးရသင့်ငွေများ တောင်းခံခဲ့ခြင်းဖြစ်သော်လည်း (၉-၆-၂၀၁၈)ရက်စွဲပါ ကြေးမုံသတင်းစာကြော်ငြာအရ အောင်ကောင်းကျော်ကုမ္ပဏီက အခန်းရောင်းချမှုအတွက် ကိုယ်တိုင်တာဝန်ယူဖြေရှင်းမည့် သဘောပြန်ကြားကြေညာသည့်အတွက် ရာပြည့်ကွန်ဒိုလူနေတိုက်ခန်းဝယ်ယူထားသူများ၏ အမည်စာရင်းနှင့်စာချုပ် မိတ္တူများ၊ အမှန်ရောင်းရငွေ၊ ဝယ်သူကပေးရန်ကျန်ငွေစာရင်းများကို အောင်ကောင်းကျော်ကုမ္ပဏီသို့ လွှဲပြောင်းပေးမည်ဖြစ်၍ အခန်းဝယ်ယူသူများ နစ်နာမှုမရှိရေးအတွက် အောင်ကောင်းကျော်ကုမ္ပဏီကသာ (လုံးဝ)တာဝန်ယူဖြေရှင်းရန် အသိပေးအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးအောင်ဇော်မြတ် LL.B (စဉ်-၈၅၀၉)** | **ဒေါ်စုသန္တာဝင်း LL.B;LL.M (စဉ်-၁၃၅၉၈)** | **ဒေါ်သက်သက် LL.B;LL.M (စဉ်-၈၁၈၆)** |

**တရားလွှတ်တော်ရှေ့နေများ**

**ရုံး-၁၇၈၊ ဒုထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၅၆၉၂၇**

